www.burmeseclassic.com

မောင်သာပြည့်

# ပန်းနဲ့ပေါက်တာမှမဟုတ်တာ

(အသစ်စက်စက်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၉၅၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၇၉၀၆၁၁

မျက်နှာဖုံးဒီဇိုင်း ♦ အဲ့ဘွယ်(Stars)
အတွင်းစာစီ ♦ မြစ်ခွဲဇစင်းကွန်ပျူတာ
ထုတ်ဝေသည့်လ ♦ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ
အကြိမ် ♦ ပထမအကြိမ်
အုပ်ရေ ♦ ၅၀၀
ထုတ်ဝေသူ ♦ ဦးသန်းမြင့်(၀၁၁၄၀)၊ လင်းလင်းစာပေ၊
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ♦ ဦးဇော်မင်း (W!zard)၊
အမှတ် (၁၉၈)၊ ၃၃-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် ♦ ဦးတိုးဝင်း(၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊
၁၁-လမ်း၊ ရန်ကုန်မြို့။
စာအုပ်ချုပ် ♦ ပပဲစိုးနှင့်အဖွဲ့
တန်ဖိုး ♦ ၅၀ ကျပ်

# ပန်းနဲ့ပေါက်တာမှ မဟုတ်တာ



**မောင်သာပြည့်**

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

# အပိုင်း - တစ်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

လည်တစ်လှည့်မှာ အမြင်အားလုံးသည် ဝေဝါးလျက်ရှိနေပါသည်။ သည်အကြည့်တွေဟာ နှုတ်ဆက်ခြင်းလား။

မဟုတ်ပါဘူး။

သည်အဖြစ်တွေက နှုတ်ဆက်စရာလည်း မလိုပါဘူး။

သူ ခပ်တွေတွေကလေး ရပ်နေသည့်အဖြစ်ကို နောက်ပါးမှလူက စိတ်ရှည်ဟန်မတူ။ သဘောကျနှစ်သက်ဟန်မတူ။

'သွားလေဗျာ... ဒီနေရာ ဒီဒေသကို သံယောဇဉ်မကုန်လို့ ခင်ဗျားက တွေပြီးရပ်ကြည့်နေတာလား'

သူ သတိပြန်ဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ယှဲယှဲကလေး ပြုံးအပြမှာ ပုဂ္ဂိုလ်က ခြေလှမ်းကျဲကြီးများနှင့် သူ့ကို ကျော်တက်ထွက်ခွာသွား၏။

ဩော်… သည်နေရာ သည်ဒေသကို ဘယ့်သူမှ မနှစ်မြို့ကြပါလား။

နှစ်မြို့စရာမကောင်းတဲ့နေရာဒေသကို သူ ဘာလို့ရောက်ခဲ့ရတာလဲ။

မစဉ်းစားချင်တော့ပါဘူး။

အတိတ်တွေဟာ ပြေးလွှားကုန်လွန်သွားပြီပဲ။

ဒါဆိုရင်…

သည်နေရာမှာ သူ ဘာတွေ တွေ့ဝေနေစရာလိုလို့လဲ။

သည်နေရာဟာ သူ့ဘဝအတွက် ဘာအကျိုးတရားများပေးခဲ့လို့လဲ။

တိုက်ခတ်လာသည့် လေပြည်ကို သူ မက်မက်မောမောရှူလိုက်သည်။

အမောတွေမပြေတောင် ရင်မှာ ငြိမ်းချမ်းခြင်းကို သူ ခံစားရ၏။

ဝေသီသောအကြည့်ကို ထောင်ဘူးဝကြီးဆီမှခွာပြီး သူ ခြေလှမ်းကို စတင်ရွေ့လျားလိုက်သည်။

သတ္တုမမြောက်ခြေအလှမ်းမှာ အပြာရောင်မိုးကောင်း





ကင်ကြီးကို သူ မော့ကြည့်မိပါ၏။

မိုးပြင်မှာ လွတ်လပ်စွာ ပျံသန်းနေသည့် ငှက်ကလေးတွေ။

သည်ငှက်တွေ၏ လွတ်လပ်မှုဘဝမျိုးကို ငါ ပြန်လည်ရရှိနေပြီပဲဆိုသည့် အတွေးစိတ်နှင့် ငါးနှစ်ဆိုသောကာလမှာ အပျော်ကို သူ ပထမဦးဆုံး ခံစားရရှိသည်။

အပျော်နှင့်အတူထင်ဟပ်လာသော သမီးလေးမျက်နှာ။

ပြီးတော့…

သမီး၏မေမေ။

ပြီးတော့…

ပြီးတော့ မျက်နှာများစွာကို ရဲဖုန်းအောင် မြင်သည်။

'အင်း… ငါ့ကိုလာကြိုမယ့်သူလည်း မရှိပါလား'

သူ့ပျော်ရွှင်စိတ်တွေ ရုတ်ခြည်းမှေးမှိန်သွားရပြန်သည်။

ခြေရာသစ်မှာ ဘဝ၏အပြစ်အနာအဆာများကို သူ မတွေးချင်တော့။ သူ၏ မှေးမှိန်အားပျော့နေမှုများကို အသိစိတ်တစ်ခုက လာရောက်လှုပ်နှိုးသည်။

'အေးလေ… သူတို့ ငါ့ကို ဘယ်လိုလုပ်လာကြိုနိုင်မှာလဲ၊ ငါ ဘယ်နေ့လွတ်မယ်ဆိုတာ သူတို့ သိကြတာမှမဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



ဝေနေသည့် အခွေးများကို သူ ဖယ်ရှားပစ်သည်။

ဘေးတစ်ဖက်တစ်ချက်မှာ သူမမြင်ချင်သည့် မြင်ကွင်းတွေ။

အပြင်လောက၏ ပြောင်းလဲနေမှုက သူ့အတွက်တော့ တအံ့တသြ။ သည်နေရာ သည်ဒေသကို ဘဝ၏ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ရောက်ရှိခြင်းသာဖြစ်ပါစေဟု သူ ဆုတောင်း၏။

လေးတွဲ့စွာလျှောက်ရင်း ဝေဝါးသော အတွေးများနှင့်အတူ ကုန်ဆုံးခဲ့ပြီးသော အတိတ်လမ်းကြောင်း၏ နှစ်ကာလများကို တွေးမိသည်။

ရင်မှာ လှုပ်ခတ်မှုနှင့်အတူ သုံးနှစ်အရွယ် သမီးငယ်၏ ရှုးရှုးဝါးဝါးငိုသံ။

'နေခြည်'၏ မချိတင်ကဲသော အကြည့်။ သူငယ်ချင်းများ၏ နှမ်းဖတ်သောမျက်နှာ။

အို… ဟာကယ်တမ်းကျ အရာအားလုံး မမှန်ဝါးသေးပါလား။

ခုဆိုရင် သမီးလေး အသက်ရှစ်နှစ်အရွယ်ရှိပြီ။

သမီးလေး သူ့အဖေကို မှတ်မိပါ့မလား။

မှတ်မိမှာပါလေ။





သမီးက အခါလည်အရွယ်ကတည်းက မှတ်ဉာဏ်ကောင်းခဲ့တာ။

အင်း… အဖြစ်အားလုံးဟာ ကုန်တော့ ကုန်လွန်ခဲ့ပါပြီ။ ကာလသစ်၏နောက်ဘက်တွင် ချုပ်ငြိမ်းခဲ့ပြီ။ ကွယ်ပျောက်ခဲ့ပြီ။

ဘဝအသစ်မှာ လူအသစ်ဖြင့်သာ သမီး၊ ဇနီးတို့နှင့် ရဲဖုန်းအောင် နေချင်ပြီ။

မာသောခေါင်းသည် အမှားနှင့်အမှန်ကို ကောင်းကောင်းကြီး ချင့်ချိန်ဝေဖန်တတ်ပြီဖြစ်၏။

ကိုယ်ဖြစ်လျှင် ကိုယ်သာခံရမည် ဟိုသည့်အသိကိုလည်း သူ ရခဲ့သည်။

ခြေလှမ်းကို တရွေ့ရွေ့နှင်သည်။

နောက်ကြောင်းကို ပြန်လှည့်မကြည့်ချင်တော့။

ထောင်ဘူးဝတံခါးကြီး၏ ဖွင့်သံ ပိတ်သံသည် နားမှာ သာယာနာပျော်ဖွယ် ကောင်းခဲ့သည့် ဂီတသံမဟုတ်။

လမ်းမပေါ်ရောက်တော့ သူ့ခြေလှမ်းများ အလိုလိုတန့်သွားသည်။ ပတ်ဝန်းကျင်သည် အရာရာကို ပြောင်းလဲနေပါလား။

သူ့မျက်လုံး အကြည့်တစ်ချက်ဝေ့ပြီး လမ်းဘေးကွမ်း



www.burmeseclassic.com

www.burmeseclassic.com



ယာဆိုင်ကလေးဆီ လျှောက်ခဲ့သည်။ ဆေးပေါ့လိပ်နှစ်လိပ်ဝယ်ပြီး တစ်လိပ်ကို အိတ်ထဲထိုးထည့်၍ တစ်လိပ်ကို ပါးစပ်မှာတပ် မီးညှိသည်။

ဆေးလိပ်ကလေးဖွာလိုက်မှ ချဉ်နေသောခံတွင်းက သက်သာသလိုရှိသွား၏။

သူ ကားမှတ်တိုင်ဆီ လျှောက်ခဲ့သည်။

အင်းစိန်ဈေးကြီးကတော့ စည်စည်ကားကား။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှ ဖွင့်ထားသည့် ကက်ဆက်မှ မေခလာ၏ ပြန်ပေတော့ဆိုသည့် သီချင်းအဝိုင်းအစကနားဆီသို့ ပြေးကပ်လာသည်။

သူ ပြုံးလိုက်မိပါ၏။

အပြန်လမ်းသည် အလာတုန်းကလို ရဲတမျှ ပူပြင်းခြင်းမရှိတော့။ စိတ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းနေသည်။

သူ့ပတ်ဝန်းကျင်မှာ သွားလာလှုပ်ရှားနေကြသော လူများ၏ လွတ်လပ်ခြင်းကိုကြည့်ပြီး သူ ပျော်လာသည်။

ကားမှတ်တိုင်ကို စုံစမ်းမေးမြန်းပြီး ကားတစ်စီး ထိုးဆိုက်အလာမှာ သူ ကားပေါ်သို့ အပြေးကလေးတက်လိုက်၏။

သမီးကို မြင်ချင်စိတ်တွေက ရင်မှာ အင်အားကြီးမားစွာ ဖြစ်ပေါ်နေတော့သည်။

❀ ❀ ❀



## (၂)

'ဟင်… ကိုကို'

တတိယမြောက် လှေကားထစ်ကို လှမ်းတက်ဆဲ ခြေလှမ်းက တုံ့ရပ်သွား၏။

အခန်းထဲမှ အပြေးကလေးထွက်လာသည့် နေခြည့်နောက်မှာ သမီးကလေး အိဖြူ။

သူ လက်ကိုဆန့်တန်းလိုက်သော်လည်း သမီးက ပြေးကပ်မလာ။

သူ့မျက်နှာကို ယောင်တိယောင်ချာ ကြည့်နေ၏။

သမီး၏ ဝိုင်းစက်သောမျက်ဝန်း။

ကော့ညွှတ်သောမျက်တောင်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်သောနှာတံနှင့် ပိရိသောနှုတ်ခမ်းတို့သည် သမီး၏မျက်နှာပေါ်မှ သူ၏ပုံရိပ်များဖြစ်သည်။

ရှစ်နှစ်အရွယ်ရှိလာသော်လည်း သမီး၏ ငယ်ရုပ်ငယ်သွေးက လုံးဝပျောက်ကွယ်မသွား။

'သမီး… သမီး ဖေဖေလေ၊ ဖေဖေ့ကို ဘာလို့မျက်လုံးကြီးပြူးပြီး ကြည့်နေရတာလဲ သမီးရဲ့၊ သမီးငယ်ငယ်လေးတုန်းက ဖေဖေ့ရဲ့ ဟောဒီညာဘက်ပါးကို သမီး ခဏခဏ နမ်းတာလေ၊ ဖေဖေ အရက်သောက်လာလို့ အရက်နံ့နံ့လာရင် သမီးရဲ့ ညာလက်ဖဝါးလေးနဲ့ ဖေဖေ့ပါးစပ်ကို အတင်းပိတ်ခဲ့တာလေ၊ အဲဒါတွေကို သမီးလေး မမှတ်မိတော့ဘူးလား'

ဝိုင်းစက်သော မျက်လုံးကြီးနှင့် ကြည့်ရင်းမှ သမီးလေးမျက်နှာမှာ ပြုံးရိပ်သန်းလာသည်။

သမီးလေးကို သွေးက စကားပြောလာပါပြီ။

'လာပါဦး သမီးရဲ့၊ ဖေဖေ့ကို သမီးလေး နမ်းနေကျအနမ်းမျိုးတွေနဲ့ လာနမ်းပါဦး၊ ဖေဖေ အရက်သောက်မထားပါဘူး သမီးရဲ့'

သမီးမျက်နှာမှာ အပြုံးရိပ်တွေ ရှိနေသော်လည်း သမီးသည် ထံပါးသို့ တိုးရွှေ့လာခြင်းမပြု။ မျက်နှာကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်နေ၏။



'သမီးက ကိုကို့ကို ဘယ်မှတ်မိဦးမလဲ ကိုကိုရဲ့၊ ကိုကို့မျက်နှာကိုလည်း ပြန်ကြည့်ပါဦး။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေက ထိုးထိုးထောင်ထောင်နဲ့ ကိုကိုရယ်။ ကဲ… လှေကားမှာ မတ်တတ်ကြီးနဲ့၊ အိမ်ပေါ်တက်ပါ။ မေမေနဲ့မမကြီးကတော့ ဘုရားသွားတယ်။ ကိုကို လွတ်လာတာသိရင် ဝမ်းသာကြမှာပါ'

နေခြည်က သူ့လက်မောင်းကို ဆုပ်ကိုင်သည်။ လှေကားထစ်ကို နင်းဖိတက်ပြီး သမီးနှင့်အနီးကပ်ဆုံးနေရာသို့ သူ ရောက်လာ၏။

'သမီး… ဖေဖေ့ဆီလာလေ'

သမီးက သူ့ကို မျက်လုံးရွဲကြီးနှင့် စူးစိုက်ကြည့်နေရင်းမှ သမီးမျက်နှာ ပြုံးရိပ်သန်းလာပြန်၏။

'သမီးလေး ဖေဖေ့ကို မှတ်မိပြီနော်'

သူ၏ မေတ္တာအင်အားများသည် သမီး၏အသည်းနှလုံးကို ပုတ်ခတ်လိုက်သည် ထင်ပါ၏။

သမီးသည် ပါးချိုင့်ကလေးခွက်ဝင်အောင် ရဲဝံ့စွာပြုံးလိုက်ပြီး သူ့ရင်ခွင်သို့ တိုးရွှေ့ဝင်လာသည်။

'သမီးရယ်… ဖေဖေ ဝမ်းသာလိုက်တာကွာ'

သမီး၏ပါးနှစ်ဖက်ကို သူ ခပ်ကြမ်းကြမ်းကလေး



www.burmeseclassic.com

www.burmeseclassic.com



နမ်းလိုက်၏။ သမီးက ကိုယ်ကလေးတွန့်ပြီး…

'ယားတယ်'

သမီး၏ စကားအသံက ရင်သို့ အေးမြစွာစီးဝင်သည်။

'ဖေကြီးက ဘယ်တွေလျှောက်သွားနေတာလဲ'

သမီး၏ ရဲတင်းဟန်များကို ပြန်တွေ့ရ၏။

'ဖေကြီးလား၊ ဖေကြီးက အင်းစိန်တောရမှာ တရားသွားအားထုတ်နေတာ သမီးရဲ့'

'ခု ဖေကြီးက တရားအားထုတ်ပြီး ပြန်လာတာလား'

'ဒါပေါ့ သမီးရဲ့၊ တရားအားထုတ်ပြီးပြန်လာတာပေါ့'

'တရားအားထုတ်ရင် ဘာဖြစ်လဲ ဖေကြီးရဲ့'

'လိမ္မာတာပေါ့ကွယ်'

'ဒါဖြင့် ဖေကြီး လိမ္မာလာပြီပေါ့'

သူ သမီးကို တင်းကျပ်စွာဖက်ပြီး နှင့်လိုက်စွာပြုံးသည်။

ဖေကြီးလိမ္မာလာပြီပေါ့… တဲ့လေ။

ဟုတ်ပါတယ်။

ဖေကြီး တကယ်ကို မိုက်ခဲ့တာပါပဲ။

အဲသည်အချိန်မှာ တွေးခေါ်မြော်မြင်မှု ဉာဏ်ပညာတွေ ဘယ်ရောက်နေရတာလဲ။





အမှားနဲ့အမှန်ကို ဘာလို့ ခွဲခြမ်းစိတ်ဖြာမတတ်ခဲ့ရတာလဲ။

သူ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

အတိတ်သည် အတိတ်မှာပဲ နေခဲ့ပါတော့။

သမီးကိုတွေးပွေ့ပြီး ထိုင်ရာမှ ကိုယ်ကိုပြန်အမတ်တွင် အကြည့်က ဧည့်ခန်းဆက်တီဆီသို့ ပြေးလွှားရောက်သွား၏။

သူ မျက်မှောင်ကိုကြုပ်လိုက်သည်။

သူမမြင်ဖူး၊ မတွေ့ဖူးသည့် မျက်နှာစိမ်း အမျိုးသားတစ်ယောက်။

သည်မျက်နှာမျိုး နေခြည်တို့ ဆွေမျိုးရင်းချာထဲမှာလည်း မရှိ။

မျက်မှောင်ကို ပိုမို၍ကြုပ်ထားဖြစ်ဆဲမှာ နေခြည်က ပျာပျာသလဲဖြင့်-

'ကိုကို့ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကိုကျော်ခင်လေ ကိုကို၊ ကားတွေကို ဝယ်လိုက် ရောင်းလိုက်လုပ်နေတဲ့ လူကြီးပေါ့'

နေခြည်က ရယ်မောဟန်ပြုပြီး မိတ်ဆက်ပေးသော်လည်း သူက မျက်နှာထားကို တည်ထား၏။

အနေအထားကို အကဲခတ်မိစွာဖြင့် နေခြည်က-



www.burmeseclassic.com

www.burmeseclassic.com



'မမကြီးရဲ့မိတ်ဆွေပါ၊ ကိုကျော်ဇင် ဒါ နေခြည့်အမျိုးသား ကိုရဲဖုန်းအောင်တဲ့'

'ဟုတ်ကဲ့··· တွေ့ရတာဝမ်းသာပါတယ်ဗျာ၊ နေခြည်ကတော့ ခဏခဏပြောပါတယ်'

ကိုကျော်ဇင်က မတ်တတ်ရပ်ပြီး လက်ကို ဆန့်တန်းပေးသည်။ သူက လက်ကိုဆွဲကိုင်ခြင်းမပြုတော့ ကိုကျော်ဇင်မျက်နှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။ နေခြည့်မျက်နှာကွက်ခနဲပျက်သွားသည်ကိုတော့ သူ သတိပြုမိ၏။

'နေခြည်က ကျွန်တော့်အကြောင်း ခဏခဏပြောတယ်ဆိုတော့ နေခြည်နဲ့ ကိုကျော်ဇင် ခဏခဏဆုံဖြစ်ကြတယ်ထင်ပါရဲ့'

'ဒါကတော့ နေခြည့်မမ ဝေရည်ဆီလာတိုင်း ဆုံဖြစ်တာပေါ့ဗျာ'

'ဝေရည်က ခင်ဗျားနဲ့ နေခြည်ကို ရင်းနှီးကျွမ်းကျင်အောင် မိတ်ဆက်ပေးခဲ့တယ် ထင်ပါရဲ့'

'ဒါကတော့ တစ်ယောက်နဲ့တစ်ယောက် ဆုံတွေ့ရင် မိတ်ဆက်ပေးကြ၊ ရင်းနှီးခင်မင်ကြ၊ ဒါ လူ့ယဉ်ကျေးမှုပဲလေ'

'အဲဒီယဉ်ကျေးမှုမျိုး ကျွန်တော့်မိန်းမမှာ ရှိစရာမလိုဘူးဗျာ'





သူ စကားကိုဖြတ်၍ သမီးကိုပွေ့ပြီး အိပ်ခန်းထဲဝင်ခဲ့၏။

ဧည့်ခန်းမှာ တစ်ခဏမျှ တိတ်ဆိတ်သွားသည်။

တော်တော်လေးကြာတော့မှ ကိုယ်ပြန်ဦးမယ်ဆိုသည့် စကားသံသဲ့သဲ့ကို ကြားရ၏။

ပြီး ရွှေ့လျားသံ၊ ဖိနပ်စီးသံ၊ လှေကားမှဆင်းသွားသံများအားလုံးပြီးဆုံးမှ နေခြည် အိပ်ခန်းထဲသို့ရောက်လာ၏။

'ကိုကို သိပ်ရိုင်းတာပဲ'

'ဘာရိုင်းတာလဲ'

'ကိုကို အဲသလို တဖွတ်ထိုး ခေါင်းမာမှုတွေကြောင့် ဒုက္ခလည်းရောက်ခဲ့ပြီးပြီ၊ မာဆတ်ဆတ် မာကျောကျောအကျင့်ကို ကိုကို ခုထိမဖျောက်နိုင်သေးဘူးလား'

'ဘာဆိုင်လို့လဲ နေခြည်၊ ဘာဆိုင်လို့လဲ'

သမီးက မျက်လုံးလဲ့လဲ့ကြီးဖြင့် အဖေဖြစ်သူနှင့် အမေဖြစ်သူကို ကြည့်သည်။

'ဆိုင်တာပေါ့ ကိုကို၊ ကိုကျော်ဇင်ကို အဲသလိုပြောလိုက်တာ ကောင်းသလား၊ နေခြည့်သိက္ခာကိုပါ ထိခိုက်ပြီးပြောတာ၊ ဒါ မမဝေရည်ရဲ့ဧည့်သည်'

သူ နေခြည်၏မျက်လုံးအကြည့်ကို ခပ်ရဲရဲရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

နေခြည့်ထံမှ ကိုကျော်ဇင်နှင့်ပတ်သက်ပြီး သည်လို တုံ့ပြန်မှုမျိုး ရရှိလာမည်ကိုလည်း သူ ကြိုသိပြီးသား။

'ဝေရည်ရဲ့ညှော်သည်ဆိုရင် ဝေရည် ညှော်ခံပါလား နေခြည်၊ ဘာဖြစ်လို့ သူနဲ့ မာမိက ဘုရားကိုသွားရတာလဲ'

'အိုး… မာမိနဲ့ မမကြီးထွက်သွားမှ ကိုကျော်ဇင် ရောက်လာတာ'

'ဘယ်အချိန်ကလဲ'

'ညနေသုံးနာရီက'

'ဟိုနံရံက နာရီကိုကြည့်စမ်း၊ ခြောက်နာရီထိုးတော့မယ်၊ ရောက်ကတည်းက ဝေရည်မရှိရင် သူ လှည့်ပြန်ရမယ်ကွ၊ အိမ်တစ်လုံးတည်းမှာ လင်ရှိမိန်းမတစ်ယောက်နဲ့ သူစိမ်းယောကျ်ားတစ်ယောက်ဟာ အချိန်ကြာမြင့်စွာ မရှိသင့်ဘူးဆိုတာ ထမင်းစားတဲ့လူဆိုရင် သိရမယ်'

သူ့စကားလုံးများကို နေခြည် နှစ်မြို့ပုံမရ။ နေခြည့်မျက်လုံး မီးဝင်းဝင်းတောက်နေသည်။

'ကိုကို…'

သူနှင့် နေခြည်၏ အကွာအဝေးသည် သုံးပေမျှပင် မရှိ။





'အနားကပ်ပြီး ငါ့ကိုမအော်နဲ့၊ ငါကြားတယ်'

'နေခြည့်ကို စွပ်စွပ်စွဲစွဲ မပြောနဲ့နော် ကိုကို၊ ရောက်ရောက်ချင်း ဆောက်နဲ့မထွင်းနဲ့'

သူ သမီးမျက်နှာကို လှမ်းကြည့်တော့ ငိုမဲ့မဲ့ဖြစ်နေ၏။

ရဲဖုန်းအောင် စိတ်ကို တစ်ထစ်လျှော့လိုက်သည်။

သည်အချိန်မှာ စိတ်နှလုံးကို အငြိမ်းချမ်းဆုံးထားသင့်သည်ကိုလည်း နားလည်၏။

စကားကို ထပ်မဆိုဖြစ်တော့။

ငိုမဲ့မဲ့ဖြစ်နေသည့်သမီးကို မ,ယူပြီး ပေါင်ပေါ်တင်ထားလိုက်သည်။

နေခြည်၏ အကြည့်စိမ်းများကတော့ သူ့မျက်နှာပေါ်မှာ ကျရောက်နေဆဲဖြစ်၏။

'ထောင်ကလွတ်လာတဲ့နေ့မှာ မိသားစု ပျော်ပျော်နေရမယ်မရှိဘူး။ ငါ့မယား နေထိုင်ကောင်းရဲ့လားဆိုတဲ့စကား တစ်ခွန်းမမေးဘူး။ သိပ်ရက်စက်တယ် သိလား'

'ဘယ်သူရက်စက်တာလဲ'

ငြိမ်တိတ်နေပါမည်ဆိုမှ နှုတ်က ထွက်ဖြစ်အောင် ထွက်ရသေးသည်။

'ရှင်… ရှင်… ရှင့်ကိုပြောတာ'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နေခြည်က သူမ၏နှုတ်ခမ်းကို ဖိကိုက်ထား၏။

သူ မျက်နှာကို တစ်ဖက်သို့အလှည့်မှာပင် မာမီနှင့် ဝေရည် ပြန်ရောက်လာသည်။

သူ့ကိုမြင်သည်နှင့် သူတို့မျက်နှာတွေ မှင်တက်သလို ဖြစ်သွား၏။

ပြီးမှ မာမီက…

'ဩ… မင်းလွတ်လာပြီကိုး'

သူ ခေါင်းကိုအသာညိတ်သည်။

အေးစက်သော အမေးစကားက ဝတ်ကျေတန်းကျေ နိုင်လွန်းသည်ကိုလည်း သတိပြုမိ၏။

ဝေရည်၏မျက်နှာကလည်း မှုန်တည်တည်။

ဟုတ်တာပေါ့လေ။

သူ ထောင်ကလွတ်လာခြင်းဟာ သူတို့အတွက် ဘာ အဓိပ္ပာယ်ရှိမှာလဲ။

နေခြည့်ရင်ထဲမှာကော ဝမ်းသာပျော်ရွှင်မှုတွေ အမှန် တကယ်ရှိနေလို့လား။

❀ ❀ ❀





(၃)

'သိပ်ဒုက္ခရောက်ခဲ့တယ် ကိုကို၊ ကိုကို အထဲဝင်ပြီး ဘာကြာသလဲ၊ တိုက်ခန်းကို အခန်းရှင်ဆီ ပြန်အပ်လိုက်ရ တယ်'

'ဒါတွေ ကိုယ်သိတယ်လေ'

'မာမီနဲ့ မမကြီး ကျေးဇူးကတော့ အရမ်းကြီးပါတယ်၊ နေခြည်တို့ သားအမိကို အလွတ်ကြီးတင်ကျွေးထားရတာ။ မာမီကတော့ လူကြီးပီပီ တဖျစ်တောက်တောက်ပေါ့။ သားနဲ့ မယားနဲ့ဖြစ်မှ ကိုကို သည့်လိုမိုက်တွင်းနက်တာကို မကျေနပ် ဘူးပေါ့'

ဆေးပေါ့လိပ်ကို တွင်တွင်ဖွာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခိုးငွေ့တွေ မျက်နှာကြက်ဆီသို့ ပြေးတက်နေ၏။

သမီးကတော့ ခြင်ထောင်ထဲမှာ အိပ်မောကျနေသည်။

'ကိုကို ဒီအိမ်ကို တက်လာတာ မာမီနဲ့ ဝေရှည်က သဘောကျမှကျပါ့မလား၊ မျက်နှာတွေကို စာဖတ်ကြည့်မိပါတယ်'

နေခြည် မဖြေ။

သူ့မျက်နှာကိုသာ ခပ်တွေတွေလေး ကြည့်နေ၏။

ညနေက အဆက်အဆံများက ဘယ်လိုမှ ကျေနပ်ဖွယ်ရာမရှိ။ အေးစက်ပြီးမာကျောသလို ရှိနေသည်ကိုလည်း နေခြည် သဘောပေါက်ပါလိမ့်မည်။

'ကိုယ် ဒီကို လိုက်လာသင့် မလာသင့် အထပ်ထပ်စဉ်းစားပါတယ် နေခြည်။ ဒါပေမဲ့ မယားနဲ့ သမီးကိုတွေ့ချင်တယ်၊ အတူနေချင်တယ်၊ ကိုယ်ရောက်လာလို့ မာမီ့ရဲ့ဆက်ဆံမှုတွေ အရမ်းတင်းမာနေရင် နေခြည်နဲ့ သမီးကို ကိုယ် ဆွဲခေါ်သွားမယ်။ အဲဒီဆုံးဖြတ်ချက်တွေ ကိုယ့်ရင်မှာရှိတယ်'

'ဆွဲခေါ်လို့ နေစရာကောရှိလို့လား'

စကားကြောင့် ရင်ထဲမှာ ခပ်ကျဉ်ကျဉ်ကလေးဖြစ်သွား၏။

'ငါ့အစ်မတွေရှိပါတယ်ဆိုတဲ့ စကားကိုတော့ ကိုကို





မပြောနဲ့၊ တိုက်ခန်းကျဉ်းလေးမှာ သူတို့မိသားစုတောင် ကျပ်ကျပ်ညပ်ညပ်နေရတာ၊ ကြည့်မြင်တိုင်က အစ်မအပျိုကြီးတွေနဲ့ နေဖို့ကိုတော့ စိတ်ကူးထဲတောင် မထည့်ပါနဲ့ ကိုကို၊ သူတို့က နေခြည့်ကို ကြည့်လို့ရတာမဟုတ်ဘူး'

သူ့ရင်မှာ မွန်းကြပ်သလိုတော့ ခံစားရသည်။

အပျိုကြီးအစ်မနှစ်ယောက်နှင့် နေဖို့မဖြစ်သလို အစ်မငယ်မိသားစုနှင့် နေဖို့ဆိုသည်ကလည်း ဘယ်လိုမှဖြစ်နိုင်သည့်ကိစ္စမဟုတ်။

အဓိက,က စားရေးသောက်ရေးပြဿနာ။

အစ်မငယ်နှင့် ယောက်ဖက သဘောကောင်းကြသော်လည်း သူတို့မှာ ချောင်ချောင်လည်လည်ကြီးမဟုတ်။ ရုံးဌာန၏ အရာရှိလစာလေးနှင့် မိသားစုဘဝကို တည်ငြိမ်အောင် ကြိုးစားနေကြရသည်။

'ကိုကို့ကို တစ်ခုပြောချင်တယ်၊ အဲ··· ပြောချင်တာထက် တောင်းပန်ချင်တာပါ'

နေခြည့်မျက်နှာကို သူ ဖျတ်ခနဲကြည့်၏။

ပြီး ဆေးလိပ်ပြာကို ဒန်ခွက်လေးထဲသို့ ဖွဲ့ခြွေလိုက်သည်။

'မေမေတို့အရိပ်အောက်မှာ နေရတာဆိုတော့···'



www.burmeseclassic.com

www.burmeseclassic.com



နေခြည့်စကားမဆုံးခင် သူက…

'အစစအရာရာ ဆင်ဆင်ခြင်ခြင် နေရမယ်ဆိုပါတော့ကွာ'

နေခြည် ငြိမ်နေ၏။

သူမ ပြောချင်သည်ကလည်း သည်စကားမျိုးပါပဲ။

'အင်းလေ… အစစအရာရာ အတတ်နိုင်ဆုံး ကိုယ်သည်းခံပါ့မယ်။ နေခြည်နဲ့ သမီးအတွက် ကိုယ့်မှာ လုံးဝတာဝန်ရှိပါတယ်။ ကိုယ်အလုပ်ရှာပါ့မယ် နေခြည်၊ ငွေကလေးကြေးကလေးစုမိတော့ ကိုယ်တို့ တစ်အိုးတစ်အိမ် ပြောင်းကြတာပေါ့'

စကားအသံ တိတ်သွားသည်။

စားပွဲခုံပေါ်မှ တချက်ချက်မြည်နေသော စားပွဲတင်နာရီငယ်၏အသံက ည၏တိတ်ဆိတ်ခြင်းကို ဖျက်ဆီးနေသည်။

'ကိုကို့ကို နေခြည် တောင်းပန်ပါရစေ'

နားမလည်စွာဖြင့် သူ နေခြည့်ကိုကြည့်သည်။

ရှူးလွန့်သံကြားသဖြင့် ခြင်ထောင်ထဲမှ သမီးလေးဆီအကြည့်ကို ပြန်အလွှဲမှာ နေခြည်က-

'မာမီနဲ့ မမကြီး ကိုကို့အပေါ်ဆက်ဆံမှုမှာ ကျဲနေရင်ခွင့်လွှတ်ပေးပါနော်'





'ဟင်း… ဟင်း… နေခြည်ရယ်၊ မင်းမာမီနဲ့ မမကြီးရဲ့ဆက်ဆံရေးက ကိုယ့်အပေါ် ဘယ်ဟာန်းက ကောင်းခဲ့ဖူးလို့လဲ'

'ဒီလိုတော့ မပြောပါနဲ့ ကိုကို၊ ဒီအိမ်မှာ ကိုကိုနဲ့နေခြည်ကို နေခွင့်ပြုထားတာကိုက ကျေးဇူးအရမ်းကြီးနေပြီ'

စကားတုံ့ပြန်မည်အပြုမှာ တစ်ဖက်ခန်းမှ ချောင်းဟန့်သံကို ကြားရသည်။

နေခြည်က သူ့မျက်နှာကိုလှမ်းကြည့်ပြီး ခြင်ထောင်အနားစကို အသာမ၍ ခြင်ထောင်ထဲဝင်သည်။

ကိုယ်နှင့်ကွာနေသော ခြုံစောင်ကို နေခြည်က သမီးကိုယ်ပေါ် လွှားတင်လိုက်၏။

သူ နံရံမှ မီးခလုတ်ကို ချောက်ခနဲပိတ်လိုက်သည်။

'မီးပွင့်အသေးထွန်းထား ကိုကို၊ သမီးက မှောင်အိပ်ဘူး'

'ဖြစ်ပါ့မလေး'

'ဘာဖြစ်လို့လဲ'

'မင်းမာမီက မီတာတက်တယ် ပြောနေဦးမယ်'

'တိုးတိုးပြောစမ်းပါ၊ ဟိုဘက်ခန်းက ကြားပါ့မယ်'

တစ်ဖက်ခန်းမှ ဒုတိယအကြိမ် ချောင်းဟန့်သံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရပြန်၏။ သူက ပြုံးပြီး အပြာရောင်မီးပွင့်ကလေး၏ ခလုတ်ကို လက်နှင့်ဖိနှိပ်လိုက်သည်။

အိပ်ခန်းထဲမှာ ပြာလဲ့လဲ့အရောင်ကလေး ဝင်းလက်သွား၏။

အိပ်ချင်စိတ်မရှိသော်လည်း သူက သမီးနံဘေးမှာ အသာလှဲလိုက်သည်။

ငြိမ်သက်မှုမရှိသောရင်က ရှေ့ခရီးအတွက် အတွေးတွေနှင့် ယောက်ယက်ခတ်နေ၏။

နေခြည့်ထံမှ ပင့်သက်ချသံကြားတော့-

နေခြည့်ဘက် အသာစောင်းလှည့်ပြီး အိမ်ထောင်ကျစ ညကလို နေခြည့်ကို ထွေးဖက်ဖြစ်သည်။

သည်ည နေခြည် အသက်မဲ့လွန်းလှ၏။

❁ ❁ ❁



(၄)

'ဘဝကို စိတ်ပျက်လက်ပျက်ကြီး ဖြစ်မနေစမ်းပါနဲ့ ရဲဖုန်းအောင်ရာ၊ သူ့ဟာနဲ့သူတော့ ဖြစ်လာမှာပေါ့'

ရိုက်ထားသည့် ဆေးလိပ်ငွေ့ကိုမှုတ်ထုတ်ပြီး အောင်ထိုက် မျက်နှာကို သူ ကြည့်သည်။

အောင်ထိုက်မျက်နှာမှာ အပူရောင်အငွေ့အသက်များ မရှိ။ လူပျိုလူလွတ်တစ်ယောက်၏ လွတ်လပ်ခြင်းနှင့်အတူ လွတ်လပ်သောစကားကို အောင်ထိုက် ပြော၏။

'သူ့ဟာနဲ့သူ ဖြစ်လာမယ်ဆိုတဲ့ ကံတရားကို အခြေခံတဲ့စကားကြီး မပြောစမ်းပါနဲ့ကွာ၊ မြင်လို့ တွေ့လို့မရတဲ့ကံ တရားကို ဘယ်ချောင် ဘယ်ကြားကနေ ရောက်လာလမလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အတွေးနဲ့ ထိုင်စောင့်နေလို့ကတော့ ယောက္ခမ ဖနောင့်နဲ့ ပေါက်တာကို အချက်တစ်ထောင်လောက် ခံနေရမယ်'

'နေပါဦး… ခု မင်း ဘာအဆင်မပြေဖြစ်နေလို့လဲ၊ ယောက္ခမပစ္စည်းကို အငြိမ့်သားလေး ထိုင်စားနေရတာ မင်းလောက်ကုသိုလ်ထူးတဲ့ကောင် လောကမှာ ရှိပါဦးမလားကွ'

'မင်း ဘိုးအေမှပဲ… မင်းက အပြင်လောက်နဲ့ သုံးသပ်နေတာ၊ သားမက်နဲ့ ယောက္ခမ အတွင်းကျိတ်တိုက်ပွဲ ဘယ်လောက်ပြင်းထန်နေတယ်ဆိုတာ မင်း ဘာသိလို့လဲ၊ ငါ့မှာ ယောက္ခမရှေ့ရောက်ရင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေရတာ။ စာဖတ်လည်းမကြိုက်၊ စာရေးလည်းမကြိုက်နဲ့ သူ့ရှေ့မှာ သူ့အကြိုက် ဘယ်လိုလိုက်နေရမှန်းကို မသိဖြစ်နေတာ အောင်ထိုက်၊ နောက်ပြီး ပြောသေးတယ်'

စကားကို တန့်ထားပြီး သူက ဆေးပေါ့လိပ်ကို မှာလိုက်သည်။ ဆေးလိပ်ငွေ့တွေ ထောင်းထောင်းထသွား၏။

'ဘာပြောသေးလို့လဲ'

သူ့စကားကို အောင်ထိုက် စိတ်ဝင်စားနေသည်။

'မနက်ပိုင်း အားရင် အိမ်ကို တံမြက်စည်းလေး ဘာလေးလှဲဦးမှပေါ့တဲ့၊ မယားနားကပ်နေလို့ အရေအဖတ်ရလို့လားတဲ့၊ တော်တော်လူပါးဝတဲ့ မိန်းမကြီးကွာ'





'မင်းကကော နေခြည့်မှာ ကပ်နေလို့လား'

'ကပ်ချိန်တောင် မရှိပါဘူးကွာ၊ ငါ့မိန်းမခများလည်း မနက်ဆို ဈေးသွား၊ ဈေးကပြန် ချက်ရပြုတ်ရနဲ့ အဲဒါကိုသိလျက်သားနဲ့ ဒီမိန်းမကြီး စကားမရှိ စကားရှာပြောတာ'

အောင်ထိုက်က ရယ်သည်။

'မရယ်နဲ့ အောင်ထိုက်၊ ငါ့ဘဝကြီးက ယောက္ခမရှေ့မှာ တော်တော်အောက်တန်းကျနေပြီ။ ငါက စာပေဝါသနာပါတယ်။ သူ့သမီးနဲ့ မရခင်ကတည်းက မဂ္ဂဇင်းအယ်ဒီတာဘဝနဲ့ ကိုယ့်ဘဝကို ရောင့်ရဲကျေနပ်ခဲ့တဲ့ကောင်၊ အဲဒါကို မထွန်းကားတဲ့အလုပ်ကို လုပ်တယ်တဲ့။ တည်တည်တံ့တံ့ အလုပ်ကို မလုပ်ချင်ဘူးတဲ့။ ပြီးတော့ ငါ့ကို ကျူရှင်ဖွင့်နိုင်းတယ်ကွာ၊ သူ အားလုံးစီစဉ်ပေးမပေါ့'

'မဆိုးပါဘူး'

အကြမ်းပန်းကန်ကို လှမ်းယူသည်။ အောင်ထိုက်က ရေနွေးကြမ်း ငှဲ့ပေး၏။

'ငါ ဝါသနာမပါတဲ့ အလုပ်ကို ခိုင်းလို့ရမလားကွ၊ အဲဒီပြဿနာကိုက တစ်နေ့တခြား ကြီးထွားနေတယ်။ ပြီးတော့ ရောဂါတစ်ခု ထသေးတယ်'

'ဟင်… မင်း ယောက္ခမက ရောဂါသည်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပ ကိုယ့်လူ၊ သူ့ရောဂါက ဆရာဝန်ပြလို့မရတဲ့ရောဂါ၊ ဆေးကုသလို့မရတဲ့ရောဂါ'

'ဒါဖြင့် အေအိုင်ဒီအက်စ်လား'

သူက ရယ်ရင်းနှင့်-

'အဲဒီရောဂါဖြစ်ပြီး တစ်ခါတည်းကွသွားရင် ကောင်းတာပေါ့ကွာ'

'ဒါဖြင့်ဘာရောဂါလဲဟ'

'နိုင်ငံခြားရောဂါလေ၊ ငါ့ကို မလေးရှားအတင်းလွှတ်နေတယ်။ သူ့ဘက်က အမျိုးအင်အား၊ အဆက်သွယ်အင်အားကောင်းတယ်ပေါ့ကွာ။ သူစိုက်ထားတဲ့ငွေအတွက် ဒေါ်လာသာပို့လိုက်ပေါ့။ ဒေါ်လာရူးမကြီး… သားမက်အပေါ်တောင် ဘယ်လောက်အမြတ်ထုတ်ချင်တဲ့ မိန်းမကြီးလဲဆိုတာ မင်းစဉ်းစားကြည့်၊ ငါလည်း စိတ်ပေါက်ပေါက်နဲ့ သူများနိုင်ငံမှာကျွန်သွားမခံနိုင်ဘူး၊ အောက်တန်းစားအဆင့်ကလာတဲ့ကောင်မဟုတ်ဘူးလို့ ပြောပစ်လိုက်တယ်'

'မင်းကို ထမချဘူးလား'

ရေရေလည်လည်ပေါ့ကွာ၊ ခုနစ်သံချီပြီး အော်လိုက်တာများ ကမ္ဘာကြီး ဟက်တက်ကွဲလောက်တယ်။ သူ့အမေ့စကားများပြီးကတည်းက နေခြည်နဲ့ ငါနဲ့လည်း အဆင်မပြေ





ဘူး။ ငါ အိမ်ကို အချိန်မှန်မှန်ပြန်ပြီး ထမင်းစားတယ်များမင်း ထင်သလား အောင်ထိုက်'

အောင်ထိုက်က ငြိမ်နေ၏။

သူက စကားမဆက်ဘဲ သောက်လက်စ လက်ဖက်ရည်ခွက်ကို မ,ယူသည်။

တစ်ငုံသောက်ပြီး အသာပြန်ချ၏။ ပြီး လက်တစ်ကမ်းရှိ ကားမှတ်တိုင်ဆီသို့ အကြည့်ကို လွှတ်ထား၏။

'ငါလည်းမာနနဲ့ကောင်ပဲကွ၊ အထဲမှာ ဘဝရဲ့အကြမ်းတမ်းဆုံးကို ရင်ဆိုင်ခဲ့ရတာပဲ။ တစ်ခါတလေ နှစ်ရက်တိတိ ငါ ထမင်းမစားဘဲ နေတယ်'

'နေခြည်မငဲ့ ဘူးလား'

'ပြန်ရောက်ရင် နေခြည်ကတော့ ထမင်းဟင်း ချူးခပ်ထားတာပေါ့ကွာ၊ ကိုယ့်ယောက်ျားဝင်ငွေနဲ့ ထမင်းဟင်းဖြစ်လာရတာမဟုတ်တော့ သူလည်း ဘယ် ဝံ့ဝံ့ရဲရဲရှိမလဲ၊ ငါကတော့ ကိုယ် အပြင်ကစားခဲ့ပြီးပြီဆိုတဲ့စကားကို အလွယ်ဆုံးသုံးပစ်လိုက်တာပဲ။ ဘာပဲဖြစ်ဖြစ်လေ ငါ့ယောက္ခမကို ကျေးဇူးတင်ပါတယ်၊ ငါ့မိန်းမနဲ့ သမီးကို ကျွေးထား ဆင်ထားတာကိုပဲ ကျေးဇူးတင်နေရပြီ'

'ရင်မောစရာကြီးကွာ… ငါလည်း မင်းကို ဘာအကူ



www.burmeseclassic.com

www.burmeseclassic.com



အညီပေးရမှန်းမသိဘူး၊ ငါ တတ်နိုင်သလောက် ငွေကြေးကူညီပြန်တော့လည်း မင်းက ငါ့ကို သူဌေးစားမှတ်နေသလားဆိုပြီး အဆဲပါခံရသေးတယ်'

စကားကို သူက ပြုံးသည်။

တစ်ခါက အိတ်ထဲရှိသမျှကိုထုတ်ပြီး ငါ့အကူအညီ ကွာဟုဆိုကာ အောင်ထိုက်က သူ့ကိုပေးဖူးသည်။ သည်တုန်းက သူ အောင်ထိုက်ကိုဆဲခဲ့တာ အမှတ်ရ၏။

သည်ကတည်းက တစ်ဆင့်စကားကြားပြီး သူငယ်ချင်းများက ငွေကြေးကူညီလိုမှုနှင့် ပတ်သက်၍ စကားကို ဟဟမျှပင် မပြောရဲကြတော့။

'သူငယ်ချင်းတွေရှေ့မှာ ကိုယ်ခံစားရတာတွေပြောတာ ငွေကြေးအကူညီလိုချင်လို့ မဟုတ်ဘူး အောင်ထိုက်၊ ရင်ထဲကခံစားရတာကိုပြောတော့ ရင်ပေါ့သွားတယ်ပေါ့ကွာ၊ အဲ… ဒါပေမဲ့ သူငယ်ချင်းတွေက နှုတ်အား ဉာဏ်အားနဲ့ အကြံဉာဏ်ပေးတာကိုတော့ ငါ လက်ခံပါတယ်၊ ဝမ်းလည်းသာပါတယ်၊ အားလည်းတက်ပါတယ်'

'ဒါနဲ့ မနေ့က မင်း အရိပ်တအုပ်တိုက် ရောက်သေးတယ်မဟုတ်လား၊ အခြေအနေ ဘယ်လိုလဲ'

'အဲဒီမှာ အယ်ဒီတာနှစ်ယောက်ရှိတယ်၊ ငါဝင်ရင်





တစ်ယောက်ယောက်ကို ကိုမောင်မောင်အေးက အလုပ်ရပ်စဲလိုက်မှာ၊ ငါ့အတွက် တစ်ဖက်လူ အခြေယိုင်သွားမှာစိုးလို့ ငါ မလုပ်ဘူးငြင်းလိုက်တယ်။ သူများကို အသေနင်းပြီးတက်ရမယ့်အလုပ်တော့ တစ်သက် မလုပ်ဘူးကွာ'

'အခက်အခဲကို မင်း အမြဲရင်ဆိုင်နေရတော့မှာပေါ့'

'မတတ်နိုင်ဘူး'

သည်တစ်ခါ သူ့ကို အောင်ထိုက်ကြည့်သည့်အကြည့်က ကရုဏာအကြည့်။

'ငါ့ကို အဲသလိုအကြည့်မျိုးနဲ့ မကြည့်နဲ့ အောင်ထိုက်။ လူတွေရဲ့ ကရုဏာမျက်လုံးနဲ့ ကြည့်တဲ့အကြည့်၊ သနားတဲ့အကြည့်နဲ့ ကြည့်တဲ့အကြည့်ကို ငါ အမုန်းဆုံးပဲ၊ ဘယ်သူမှ ငါ့ကို ကရုဏာသက်စရာမလိုဘူး၊ သနားစရာမလိုဘူး'

'မင်း အရင်အချိုးတွေ မပြင်ပါလား ရဲဖုန်းအောင်ရာ'

'ဟား… ဟား… ဆောရီးကွာ၊ ငါ မင်းကို စကားပြောတာ မာသွားသလား မသိဘူး'

လက်ဖက်ရည်ဆိုင်က ပြန်ကြတော့ ညအတော်နက်ပြီ။

အောင်ထိုက်နှင့် လမ်းအခွဲမှာ အစာမရှိသည့်ရင်က တလှပ်လှပ်ဖြစ်လာ၏။ ညနေစာ မစားရသေးသည်ကို စိတ်က သိ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၅)

စကားအားလုံးသည် ဘယ်လိုမှ အနှစ်သာရမရှိ။

နားထောင်မိသည့် နားကိုက အမှားတစ်ခု ကျူးလွန်ထားမိသလိုပါပဲ။

တကယ်ဆိုလျှင် စကားအစ ဆွဲထုတ်လာကတည်းက သူသည် စာပေတိုက်ထဲမှ ချက်ချင်းပြန်ထွက်လာဖို့ကောင်းသည်။

ထိုင်ပြီး ထုတ်ဝေသူပုဂ္ဂိုလ်ကြီး၏မျက်နှာကို တအံ့တသြကြည့်နေတာကိုကလည်း ဒုတိယအမှားတစ်ခု။

ချစ်လူကို ဖျတ်ခနဲလှည့်ကြည့်တော့ ချစ်လူ မျက်စိမျက်နှာပျက်လျက်ရှိပါ၏။





ပုဂ္ဂိုလ်ကြီးကတော့ လောဘရမ္မက်ကြီးမားဖို့ကသွဲ့ပြီး မျက်နှာကို လေ့လာသည့်အတတ်ပညာ လျော့နည်းပါးသည်ထင်သည်။

သူပြောချင်သည်များကိုသာ ဆက်ပြော၏။

'နံနက်စာထမင်းကိုလည်း ကျွေးမယ်၊ လခကိုလည်း တစ်လနှစ်သောင်း ပုံမှန်ပေးမယ်ဆိုတော့ ရဲဖုန်းအောင် အရမ်းလုပ်ပျော်ပါတယ်။ အဲ··· လုံးချင်းကိုတော့ တစ်လတစ်အုပ်ပြီးအောင် ရေးပေးရမယ်ပေါ့ဗျာ'

ထုတ်ဝေသူပုဂ္ဂိုလ်၏အမည်ကို ဦးငွေစိုးဟု သိထားသည်။ ဦးငွေစိုးစာပေတိုက်မှာ ယနေ့ နာမည်ကြီးအမျိုးသမီးစာရေးဆရာမအင်အား အရမ်းများသည်။ သူ့တိုက်မှာ အမျိုးသားစာရေးဆရာ မရှိသလောက်ပါပဲ။

'ကျွန်တော် အရမ်းကိုအံ့သြပြီး အံ့အားသင့်နေတာ ဦးငွေစိုး'

သူ့ကို ဦးငွေစိုးက မျက်လုံးလှန်ကြည့်ပြီး–

'ဘာဖြစ်လို့လဲဗျ'

'ခင်ဗျားပြောမှ ခင်ဗျားတိုက်က နာမည်လေးလုံးတပ်၊ နာမည်သုံးလုံးတပ် စာရေးဆရာမတွေ စာတစ်ကြောင်းမရေးဘဲနဲ့ စာရေးဆရာမ လုပ်နေကြတာကိုပါ။ ဘက်ဆယ်လာတန်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ငြိ. အောင်မြင်နေကြတာလည်း တော်တော်အံ့သြဖို့ကောင်း တယ်'

'ဟဲ… ဟဲ… ဒါကတော့ သူတို့ကံကြမ္မာစန်းလာဘ် ပေါ့ဗျာ။ ယနေ့ လုံးချင်းလောကမှာ စာရေးတတ်တာ မရေးတတ်တာ အကြောင်းမဟုတ်ပါဘူး။ လုပ်ငန်းတစ်ခုလိုပေါ့ဗျာ။ ဒီကုမ္ပဏီကြီးက အဆင့်မီပစ္စည်းတစ်ခုကို ကိုယ်ပိုင်ဖော်မြူလာနဲ့ ထုတ်လုပ်နိုင်ချင်မှ ထုတ်လုပ်နိုင်မယ်၊ ဒါပေမဲ့ တကယ်ထုတ်လုပ်နိုင်သူဆီက ပစ္စည်းဝယ်ပြီး ကုမ္ပဏီတံဆိပ်တပ်မယ်၊ အမြတ်တင်ရောင်းမယ်၊ ဒါက စီးပွားရေးလုပ်ငန်းရဲ့ သဘောသဘာဝတွေပဲ ကိုရဲဖုန်းအောင်'

'သြော်… စာပေကို စီးပွားဖြစ်လုပ်နေကြတာကိုး'

စကားကို ဦးငွေစိုး မျက်နှာမပျက်။

ပိုမို၍ပင် တောက်ပစွာပြုံးလိုက်သေး၏။

'စီးပွားဖြစ်ချင်လို့ အလုပ်လုပ်ကြတာဗျ၊ ကျွန်တော်တို့ ထုတ်ဝေသူတွေကို စာပေယုံကြည်ချက်၊ ခံယူချက်ဆိုတဲ့ စကားတွေ လာပြောမနေပါနဲ့။ နားကြားပြင်းကတ်ပါတယ်။ စီးပွားရေးသမားတိုင်း မြတ်ချင်လို့ အလုပ်လုပ်ကြတာပါ။ စီးပွားရှာတယ်ဆိုကတည်းက မြတ်စွန်းတဲ့အလုပ်ပဲ လုပ်မှာပေါ့ဗျာ'





ဦးငွေစိုးသည် စကားပြောတာ သူ့လုပ်ငန်းနှင့်ပတ်သက်ပြီး သူ့ခံယူချက် မှန်ကန်သည်ဟု ရဲဖုန်းအောင် မှတ်ချက်ချသည်။

သည်ကိစ္စနှင့် ပတ်သက်၍ သူနှင့် ဦးငွေစိုးအငြင်းပွားစရာမရှိ။ အမှန်းပွားစရာမရှိ။

ဦးငွေစိုးက သူ့အလုပ်သူ လုပ်သည်။

မိမိက သူခိုင်းသည့်အလုပ်ကို လုပ်နိုင် မလုပ်နိုင်သာ ဆုံးဖြတ်ရန်ရှိ၏။

'နည်းနည်းလေးတော့ မေးကြည့်ချင်တယ်ဗျာ၊ စကားကြောရှည်တာတော့ မဟုတ်ပါဘူး'

ဦးငွေစိုးက ပြုံးပြီးခေါင်းညိတ်၏။

'အဲဒီ အမျိုးသမီးတွေက ကျွန်တော် ရေးပေးတာကို လက်ခံပါ့မလား'

'ဒါက ကျွန်တော့်အပိုင်းပါဗျာ၊ အဲ… သူတို့ ကျွန်တော့် တိုက်ကို ရောက်စကတော့ ဟိတ်နဲ့ဟန်နဲ့ဗျ၊ ကျွန်တော်လည်း ခင်ဗျားလို သူတို့ကို အထင်ကြီးခဲ့တာပေါ့။ နောက်မှ အရည်အချင်းမရှိတဲ့ဟာတွေမှန်း သိရတာဗျာ။ လူက အရည်အချင်း မရှိပေမယ့် ကံကြမ္မာစန်းလာဂ်ကတော့ ဘာကောင်းသလဲ မမေးနဲ့။ ရောင်းတန်းမှာ ရူပါစာရင်းတန်းဝင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့ မရှက်ကြဘူးလား'

'ဘာကိုရည်ရွယ်ပြီး မေးတာလဲဗျ'

'ကိုယ်တိုင် မရေးတတ်ဘဲနဲ့ သူများဝတ္ထုတွေနဲ့ စာရေးဆရာမ အမည်ခံကြတာ'

'ဟား… ဟား… ရိုးသားလိုက်တာ ကိုရဲဖုန်းအောင်ရာ၊ အေးလေ… ခင်ဗျားက တောရမှာ နှစ်အတော်တော်ကြာတရားသွားအားထုတ်နေတော့ ယနေ့ လုံးချင်းလောကရဲ့ စီးကြောင်းကို ဘယ်လိုက်မီမလဲ။ မှတ်ထားဗျာ… အရှက်အကြောက်မရှိလို့၊ စာပေသိက္ခာမရှိလို့ အမည်ခံ စာရေးဆရာမလုပ်နေကြတယ်လို့ပဲ ခင်ဗျား အလွယ်ဆုံးမှတ်ထားလိုက်ဗျာ။ တစ်ခုတော့ရှိတယ်နော'

သူက ဦးငွေစိုးမျက်နှာကို မော့ကြည့်၏။

'အရှက်နည်းတဲ့ အလုပ်က တိုက်ဆောက်နိုင်တယ်၊ ကားစီးနိုင်တယ်ဗျ။ သည်စကားတွေကို ခင်ဗျား ယုံမလားမသိဘူး'

'စိတ်မဝင်စားဘူး'

'ဟုတ်ပါတယ်လေ၊ ဒါတွေဟာ သူတို့ကိစ္စ၊ ကဲ… ခင်ဗျားကိစ္စကို ဘယ်လိုဆုံးဖြတ်မလဲ၊ ကျွန်တော်က ခင်ဗျားအရည်အချင်းကိုသိထားလို့ ခေါ်ဆွေးနွေးတာပါ'





'မ… မဟုတ်သေးဘူး ဦးငွေစိုး၊ ကျွန်တော် ရဲဖုန်းအောင်ကို ခေါ်လာတာက…'

စကားကြားဝင်လာသည့် ချစ်လှူကို သူက ခြေထောက်နင်းဖိပြီး သတိပေးမှ ချစ်လှူ စကားစရပ်သွား၏။

'ထားပါလေ၊ ဒါနဲ့ ဦးငွေစိုး… အဲဒီ စာရေးဆရာမတွေကို စာမူခ ဘယ်လောက်ပေးရလဲ'

'လုံးချင်းတစ်အုပ်ကို လေးငါးသိန်းပေးရတာပေါ့ဗျာ၊ သူတို့ ရောင်းအားအလိုက်ပေါ့'

'ကောင်းပြီ… သူတို့အတွက် ကျွန်တော် ဝတ္ထုရေးပေးမယ်၊ ခု သူတို့နာမည်နဲ့ထွက်တဲ့ဝတ္ထုတွေထက် ကောင်းရမယ်'

'လုပ်စမ်းပါဗျား ဒါကြောင့် ကိုချစ်လှူက ပြောတာ၊ ခင်ဗျားမှာ ရေးလက်ရှိတယ်လို့'

'ထားပါ၊ သူတို့အမည်နဲ့ထွက်မယ့် လုံးချင်းတစ်အုပ်ကို တစ်သိန်းပေးရင် ကျွန်တော်ရေးမယ်'

'ဟာ… ကိုရဲဖုန်းအောင်၊ ခင်ဗျား ရူးနေသလား၊ ရှိုဒိုးတစ်အုပ် တစ်သိန်းပေးရမယ်ဆိုတာ ကြား ကြားဖူးပါဘူးဗျာ'

'ခု ကြားဖူးပြီမဟုတ်လား ဦးငွေစိုး၊ စာတစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မှ မရေးတတ်တဲ့သူကို လေးငါးသိန်းပေးပြီး တကယ်ရေးရတဲ့လူကို တစ်သိန်းတော့ ပေးသင့်တာပေါ့'

'ဒါဆို ခင်ဗျားနဲ့ ကျွန်တော် အလုပ်မဖြစ်တော့ဘူးဗျာ'

'ခင်ဗျားသိက ဒီစကားကို မှော်လင့်ပြီးသားပဲဗျာ။ ဒီမယ် ကျွန်တော် ခင်ဗျားဆီရောက်လာတာ သူများအတွက် ဝတ္ထုရေးပေးဖို့ ရောက်လာတာ မဟုတ်ဘူး။ စာအုပ်ထုတ်ဝေရေးအတွက် အယ်ဒီတာလိုတယ်လို့ ချစ်လူပြောလို့ လိုက်လာတာ၊ ဒီမယ် ခင်ဗျား ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်'

ဦးငွေစိုးက သူ့မျက်နှာကို ခပ်ထန်ထန်ကြည့်၏။

သူက ပါးစပ်ဟ လျှာထုတ်ပြပြီး-

'လျှာမှာ မြက်ပေါက်ချင် ပေါက်သွားပစေ သိလား၊ အဆိပ်ပင်တွေကို ကျုပ် ဘယ်ကျော့မှ ရေမလောင်းဘူး'

သူ ထိုင်ရာမှ ဆတ်ခနဲထပြီး လှည့်ထွက်ခဲ့သည်။

ချစ်လူ နောက်ပါးမှ အပြေးကလေးလိုက်လာသည်ကို သူသိ၏။

❀ ❀ ❀



(၆)

'ချစ်လူကတော့ စေတနာပါ၊ မနက်က ငါနဲ့တွေ့တော့ ပြောတယ်။ ဦးငွေစိုးက မင်းကို တွေ့ချင်တယ်လို့ သူ့ကိုပြောတုန်းက ပုံစံတစ်မျိုးတဲ့၊ တွေ့တော့ ပြောချင်တာတွေ လျှောက်ပြောနေတာတဲ့၊ သူ မင်းကို အရမ်းအားနာသွားတယ်'

'သူငယ်ချင်းတွေပဲကွာ၊ အားနာတယ်ဆိုတဲ့စကား သုံးဖို့ မလိုပါဘူး၊ ငါကလည်း စာအုပ်လုပ်ငန်းဆိုတော့ ထုတ်ဝေရေးကိစ္စတွေမှာ တာဝန်ခံသဘောမျိုးထင်တာ။ စကားပြောကြည့်မှ တော်ကြီး ငါ့ဦးနှောက်ဖောက်စားမယ့် အကြံအစည်တိုးကွ'

ဆူးလေလမ်းဓကို ဖြတ်ကူးပြီး ညနေတိုင်းလိုလို ထိုင်ဖြစ်ကြသည့် လက်ဖက်သုပ်ဆိုင်ဘက်သို့ လျှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်တစ်ပွဲ၊ ထမင်းဖြူတစ်ပန်းကန်နှင့် ညနေစာကို ရင်ဆိုင်ခဲ့ရသည့်ရက်တွေ မနည်းတော့။

'မင်း ဦးငွေစိုးကို စကားလုံးတွေနဲ့ နှိပ်စက်ခဲ့တယ်လို့ သူပြောတယ်'

'သိချင်တာလေးကို မေးပြောပြောတဲ့ သဘောပါ။ ငါက ရေးပေးမယ်၊ တစ်သိန်းပေးမလားဆိုတော့ ဝေါကြီးမျက်ဖြူဆိုက်နေတယ်။ တကယ်တမ်းကျ အဲမည်ခံစာရေးဆရာမတွေ၊ သူတို့ဝတ္ထုကို ထုတ်ပေးတဲ့ ထုတ်ဝေသူတွေက စာပေသမားတွေမှမဟုတ်ဘဲကွ။ စာပေလုပ်စားနေတဲ့သူတွေပဲ'

'သူတို့ကလည်း ဝန်ခံကြတယ်လေ၊ စာပေနဲ့ စီးပွားရှာနေကြတာပါလို့'

'ရှုံတယ်ကွာ'

'စာပေသမားအားလုံးက အဲသလို နှာခေါင်းရှုံ့ကြတာပဲ။ ဒါပေမဲ့ သူတို့တွေ ရှင်သန်နေတယ်ကွာ။ ဘယ်လောက်များ ရှင်သန်လိုက်သလဲဆိုရင် အကိုင်းအခက်တွေကို ဝေလို့'

'ဘယ်လိုမှ တိုက်ထုတ်လို့ မရတော့ဘူးလား'

'ဆရာဗေါင်းစုံက မဂ္ဂဇင်းပေါင်းစုံကနေ ဆော်နေတာပဲ။ သူတို့က သူတို့ကိုဆော်တာကို စာအုပ်ရောင်းအားကောင်းအောင် ကြော်ငြာပေးနေတာနဲ့ အတူတူပဲဆိုပြီး ကျေးဇူးတောင်





တင်နေကြတယ်တဲ့'

'မရှက်ကြဘူးကွာ'

'လူရှပ်ထွက်ပြရတာမှမဟုတ်ဘဲ ရဲဖုန်းအောင်ရာ၊ အရှက်အကြောက်တရား ဘယ်ရှိကြမှာလဲ။ ကဲ… ဒါတွေကို မစဉ်းစားနဲ့ ရဲဖုန်းအောင်။ ကိုယ့်ခရီးကိုယ်ဆက်၊ သူတို့အကြောင်းစဉ်းစားရင် အကုသိုလ်များတယ်။ သူတို့ကတော့ တို့တွေကို ထင်မယ်၊ သူတို့ကြီးပွားတာ မနာလိုလို့ အဘိဇ္ဈာပွားနေတယ်လို့'

သူတို့အကြောင်းကို အတွေးမှ ဖြတ်တောက်ပစ်တာ အကောင်းဆုံးဟု နားလည်သည်။

တကယ်တွေးရမှာကတော့ မိမိဘဝအရေး။

သည်အရေးနှင့် ပတ်သက်ပြီးတော့လည်း သူငယ်ချင်းတွေ သူ့ကိုယ်စား ရင်မောနေကြ၏။

ထိုင်နေကျ ခုံစားပွဲလေးဆီရောက်တော့ ထမင်းတစ်ပွဲနှင့် လက်ဖက်တစ်ပွဲမှာသည်။

ချစ်လှူက ငါရှင်းမှာနော်ဆိုသည့် စကားကို သူက ခေါင်းညိတ်ပြ၏။

'ရဲစိုးမောင်ကို မင်းသိတယ်မို့လား'

ချစ်လှူက မျက်မှောင်ကြုပ်ပြီး စဉ်းစားသလို လုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖိုင်နယ်ဘွန်းက ငါတို့နဲ့ အတော်တွဲလိုက်သေးတယ်လေ'

'အေး… အေး… မှတ်မိပြီ၊ ငါက ရခိုင်သန်းစိုးအောင်နဲ့ မှားနေတာ၊ ရဲစိုးမောင် ဘာဖြစ်လို့လဲ'

'ဒီကောင် တစ်နေ့လုံး ငါ့ကိုလိုက်ရှာနေတာ၊ နေ့လယ်က ငါနဲ့ ပန်းဆိုးတန်းမှာတွေ့တယ်'

'လိုက်ရှာတဲ့ အကျိုးအကြောင်းက…'

'သူ ကုမ္ပဏီထောင်ထားတယ်တဲ့၊ ရှယ်ယာပေါ့ကွာ။ ငါအဆင်မပြေဖြစ်နေတာကို သူငယ်ချင်းတွေဆီကတစ်ဆင့်ကြားတယ်တဲ့။ အဲဒါ သူ့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ငါ့ကိုလာခေါ်တာ'

'လစာက'

'သုံးသောင်းပေးမယ်တဲ့'

'ဟာ… မဆိုးဘူး ရဲဖုန်းအောင်၊ ရဲစိုးမောင်က မင်းကို ကြည့်တာပဲ'

'ငါ ငြင်းလိုက်တယ်'

'ဟာကွာ…'

လာချပေးသည့် လက်ဖက်သုပ်ပန်းကန်နှင့် ထမင်းပန်းကန်ကို အသာတွန်းရွှေ့ပြီး ရေနွေးအိုးကို မ,ပြလိုက်သည်။





စားပွဲထိုးလေးရောက်လာပြီး ရေနွေးအိုးကို ရေနွေးဖြည့်ပေး၏။

'မင်းပုံက အရမ်းအုံ့ဩနေတဲ့ပုံပါလား'

'အေးပေါ့ကွ… လခသုံးသောင်းဆိုတာ မင်းရတဲ့ဘွဲ့နဲ့ အရမ်းထိုက်တန်တာပဲဟာ'

'ရုံးလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းကို ငါမှ ဝါသနာမပါဘဲ ချစ်လူရာ၊ လူဟာ ယုံကြည်ချက် ခံယူချက်မရှိဘဲ ထမင်းစားရဖို့သက်သက် အလုပ်လုပ်နေရင်တော့ ကိုယ့်ကိုယ်ကို အဆိပ်သောက်သေလိုက်တာက အကောင်းဆုံးပဲ'

ချစ်လူက သူ့မျက်နှာကို မျက်လုံးတစ်ဖက် မှေးစင်းပြီး ကြည့်၏။

သူက လက်ဖက်တစ်ဇွန်းခပ်ယူပြီး ထမင်းပန်းကန်ထဲထည့်သည်။ ထမင်းနှင့် လက်ဖက်ကို ရောထွေးပြီး တစ်ဇွန်းစားလိုက်၏။

'စားလေကွာ…'

ချစ်လူကလည်း လက်ဖက်ကို ခပ်ယူစားသည်။

'ငါက စာပေနဲ့ပတ်သက်တာပဲလုပ်ချင်တာ၊ အယ်ဒီတာ ရှူးရှူးနေတာတော့ မဟုတ်ဘူးကွာ။ မဂ္ဂဇင်းလုပ်ငန်းကို ငါ ကျွမ်းကျင်တယ်၊ ဝါသနာပါတယ်၊ ကိုယ်ကျွမ်းကျင်တဲ့၊ ဝါသနာပါတဲ့ အလုပ်ကိုပဲ လုပ်ချင်တယ်။ လခတွေ အများကြီးရပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းသာဖြစ်ရင်၊ အလုပ်မှာမပျော်ရင် ငါ့အတွက်လည်း မကောင်းဘူး၊ သူတို့အတွက်လည်း မကောင်းဘူး’

ချစ်လူ ခေါင်းတညိတ်ညိတ်လုပ်နေ၏။

‘ငါ့ကို ခပ်ကြောင်ကြောင်ကောင်လို့ မင်း မထင်နဲ့ ချစ်လူ၊ မင်းလည်း စာသမားပဲ၊ စာသမားက စာပေနဲ့ပတ်သက်တဲ့အလုပ်ပဲ လုပ်ချင်တယ်’

ချစ်လူက မဂ္ဂဇင်းတွေမှာ ကဗျာရေးသည်။

သို့သော်လည်း ဗိုလ်ချုပ်ဈေးမှာ သူ့အမေ၏ အထည်ဆိုင်ရှိသည်။

အချိန်ပိုင်းနှင့် ဆိုင်မှာသွားထိုင်ပြီး အားလပ်ချိန်များတွင် သူ့ကိုရှာပြီး မြို့ထဲက လက်ဖက်ရည်ဆိုင်ပေါင်းစုံကို လိုက်ထိုင်တတ်သည်။

‘ငါ မင်းကိုမြင်တိုင်း ရတနာမိုးကို သတိရနေတယ် ရဲဖုန်းအောင်’

သူ ခပ်တွေတွေလေး ဖြစ်သွား၏။

အတိတ်တွေကတော့ ကုန်လွန်ခဲ့ပါပြီ။

‘မင်းကို ကိုမောင်ဋ္ဌေးက အရမ်းအားထားတာ၊ မင်းအထဲဝင်ပြီး ဘာကြာသလဲ၊ ရတနာမိုးမဂ္ဂဇင်းလည်း ရပ်တော့တာပဲ’





‘ငါ ကိုမောင်ဋ္ဌေးကို မတွေ့တော့ဘူး’

‘ဂျပန်ရောက်နေတယ်၊ မသွားခင် ငါ့ကို လာနှုတ်ဆက်တော့ မင်းကိုလည်း သတိတရနဲ့ မေးရှာတယ်’

နှစ်ယောက်သား ညနေခင်းမှာ လက်ဖက်ရည်ဆိုင်ဆိုင်ပြီး ညပိုင်းမှာ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်သေးသည်။

ပြောဖြစ်သည့် ရှေးဟောင်းနှောင်းဖြစ်တွေက မကုန်။

အိမ်အပြန်လမ်းမှာ အတွေးနှင့် ငြိမ်သက်နေသော သူ့ကို ချစ်လူက…

‘ညတိုင်း ဒီလိုအချိန်ကြီး အိမ်ပြန်တာကို မင်းမိန်းမ ကြည်လင်ရဲ့လား’

‘မိန်းမကလည်း မကြည်လင်ဘူး၊ ယောက္ခမကလည်း တွေ့နှပ်ဘူး၊ မတတ်နိုင်ဘူးကွာ။ အိမ်မှာနေရင် မယားနဲ့ မီးရဲ့မျက်နှာကိုကြည့်ပြီး အပန်းဖြေရတာမှ မဟုတ်တာ။ ယောက္ခမက ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ စောင်းမြောင်းပြောနေတာ၊ မင်းပေါ်နဲ့ လက်ဖက်ရည်ဆိုင်ဟာ ငါ့အတွက် အကောင်းဆုံးနဲ့ အတွက်လပ်ဆုံးနယ်မြေပဲ’

ချစ်လူထံက စကားသံမထွက်။

ကြယ်မိုတ်တုတ်များသည် ကောင်းကင်မှာ ပြည့်သိပ်၏။ ဆောင်းည၏ အအေးက ရင့်သီးလွန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း တတ်နိုင်သမျှ ရှာပေးတာပဲ။ တစ်နေ့က မင်္ဂလာဇင်းနှစ်စောင်မှာ ဝတ္ထုတိုနှစ်ပုဒ်ပါလို့ ငွေရှစ်ထောင်ရတယ်။ ရသမျှပိုက်ဆံ အကုန်ပေးတာပဲကွာ။ လခစားတစ်ယောက်လို တော့ ဘယ်လိုဝင်ငွေပုံမှန်မလဲ။ ခုဟာလော့ နေခြည်ကိုယ်တိုင် က ငါ့ကိုဆက်ဆံတာ တစ်မျိုးပဲ'

စကားမှာ ဘာဖြစ်လို့လဲဆိုသည့် အမေးစကားကို သူ့ကို မေးမစချင်သည်။

သို့သော်လည်း ချစ်လူက နှုတ်ကိုပိတ်ထားပြီး ငြိမ် သက်စွာပင် လျှောက်လှမ်းနေ၏။

လမ်းထိပ်ရောက်တော့ နှစ်ယောက်သား မျက်လုံး အကြည့်နှင့် လမ်းခွဲလိုက်ကြသည်။

❀ ❀ ❀

(၇)

အိမ်ရောက်တော့ ညက အရမ်းနက်နေပြီ။

သံတံခါးကို သုံးချက်အလှူပ်မှာ အတွင်းတံခါး ချက် ကျသံနှင့်အတူ တံခါးပွင့်လာ၏။

မျက်နှာကိုကြည့်ပြီး နေခြည် မအိပ်သေးမှန်း သတိ ထားမိသည်။

'ကိုကို အိမ်ပြန်တာ အရမ်းအချိန်မဲ့နေပြီ'

မျက်နှာထားက မှုန်တင်းတင်း။

သူက ဘာစကားမှမဆို။

နေခြည်က တံခါးသော့ကိုဖွင့်ရင်း-

'မာမီနဲ့ မမကြီးကို အရမ်းအားနာဖို့ကောင်းတယ်၊ ကိုကို့ကြောင့် အိမ်ကလူတွေ သိပ်အိပ်ရေးပျက်တယ်'

www.burmeseclassic.com



'အိပ်ဆေးသောက်အိပ်ရင် အိပ်ပျော်တာပဲ'

နေခြည်၏အကြည့် စူးရဲသွား၏။

'စကားကို အဲသလို ကန့်လန့်မပြောပါနဲ့'

'မအော်နဲ့လေ၊ မင်း ဘာလို့ အော်နေကာလဲ နေခြည်၊ ငါ့အသံကို မင်းမာမီနဲ့ မမကြီး မကြားဘူး၊ မင်းအသံနဲ့ကျမှ ကြားမယ်'

ခပ်ဟဟဖွင့်ပေးသည့်တံခါးမှ ကိုယ်ကိုတစ်ခြမ်း စောင်းပြီး ဝင်လိုက်သည်။

တံခါးကို သော့ချက်ချပြီး နောက်ပါးမှပါလာ၏။

'ကိုကို့မှာ သားနဲ့ မယားနဲ့ အိမ်ကို အချိန်မှန်ပြန်လာဖို့တော့ သင့်ပါတယ်'

'ငါ အပြင်ကို အလကားထွက်နေတာမှ မဟုတ်ဘဲ နေခြည်၊ ညဗိုင်း စာပြင်ရင် ဒီလိုနောက်ကျတတ်တာပဲဟာ'

'ကိုကို အလုပ်ကိုပြပြီး လက်ဖက်ရည်ဆိုင်ထိုင်နေတာ နေခြည်သိတယ်၊ ကိုကို့ကို မာမီက အဲဒါတွေမကြိုက်တာ'

'ဘာလဲ… မင်းမာမီကြိုက်အောင် ငါက နေပြရမှာလား။ သားမက်နဲ့ မြေးကိုပါ အိမ်ပေါ်တင်ပြီး ကျွေးထားရတယ်ဆိုတဲ့ ပုံစံနဲ့တော့ ငါ့လွတ်လပ်ခွင့်ကို လာမထိပါနဲ့။ အိမ်မှာ ညအိပ်တာကလွဲပြီး မင်းမာမီရဲ့ အကျွေးအမွေးကို



ငါ စားနေတာမဟုတ်ဘူး'

အပေါ်အင်္ကျီကိုချွတ်ပြီး ချိတ်မှာချိတ်လိုက်သည်။

နေခြည်က ခြေလှမ်းကိုရွှေ့လာပြီး သူနှင့်မျက်နှာချင်းဆိုင်လာထိုင်၏။

'ကိုကို မာမီ့ကိုမစော်ကားနဲ့၊ အရက်သောက်လာပြီး ကျေးဇူးကန်းစကားပြောတာကို နေခြည် မကြိုက်ဘူး'

နေခြည် ရဲတင်းလာ၏။

သူမ၏အကြည့်များက လင်သားအပေါ်မှာ ကြင်နာလိုမှုနှင့် စာနာမှုများမရှိ။

သူက သူမမျက်နှာနားကပ်ပြီး ပါးစပ်ကို ဟားခနဲလုပ်ပြလိုက်သည်။

'နံလား'

နေခြည်က မဖြေ။

'မနံဘူးမို့လား၊ ငါ ဘာအရက်မှ သောက်မထားဘူး၊ ငါ့ရင်မှာ ခံစားနေရတာကိုပြောတာ။ ငါ ညဘက် အိမ်မှာနေတော့ကော သမီးနဲ့ မယားနဲ့ လွတ်လွတ်လပ်လပ်နေရလို့လားကွ။ ဒီမယ် နေခြည်… မင်းစဉ်းစားကြည့်စမ်း၊ ငါ့ဘဝက အခွင့်အရေး ဆိုတာများ ရှိသေးရဲ့လားလို့'

စကားကို မတုံ့ပြန်သော်လည်း နေခြည်၏အကြည့်များ



www.burmeseclassic.com

www.burmeseclassic.com



က သူ့အပေါ် ရန်သူဆန်လွန်းသည်။ သည်အကြည့်များကို တော့ သူ ခံခက်၏။

'တစ်ညနေ ငါစောစောအိမ်ပြန်ရောက်တယ်၊ အိပ်ခန်း ထဲမှာ သမီးကို ပွေ့ဖက်နေတုန်း မင်း ရောက်လာပယ်။ သမီးဘေးမှာ ရယ်ရယ်ပြုံးပြုံးနဲ့ မင်း ဝင်လှဲတာကို ငါမမေ့ပါ ဘူး နေခြည်။ လင်မယားကွာ၊ ကိုယ့်အခန်းထဲမှာ ကိုယ်မွေး ထုတ်ထားတဲ့ သမီးနဲ့ လွတ်လွတ်လပ်လပ်နေချိန်လေး ရှိသင့် တာပေါ့။ ဒါကို မင်းအမေ အပြင်ကနေ ဘာပြောနေတယ်ဆို တာ မင်း ကြားတယ် နေခြည်၊ ပြန်လာရင် အိမ်ခေါင်းထဲကကို မထွက်ကြတော့ဘူး ဆိုတဲ့စကားကို ငါ့တစ်သက် ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ဘူး'

နေခြည့်ထံမှ အသံမထွက်သော်လည်း တစ်ဖက်ခန်းမှ ယောက္ခမအသံက ပြေးထွက်လာ၏။

'ဟော့… ဒါ လူတွေအိပ်ချိန်၊ အိမ်မှာ မင်းတို့နှစ် ယောက်တည်းနေတာမဟုတ်ဘူး၊ လူလိုအလိုက်သိဖို့ကောင်း တယ်'

'ကဲ… မာမီဆူပြီ။ ကိုကို့ကြောင့် နေခြည် သေချင် တယ် သိလား၊ မာမီ့အိမ်မှာနေရင် မာမီပြောသမျှကို ခေါင်းငုံ့ ခံနေရမှာပဲ'





'ငါ စက်ရုပ်မဟုတ်ဘူးကွ'

'အသံပြဲကြီးနဲ့ မအော်ပါနဲ့၊ ကိုယ့်သားမယားကို တစ် အိုးတစ်အိမ်ထားဖို့ကျတော့ ကိုကို့မှာ ဘာအရည်အချင်းရှိလို့လဲ'

'မင်း ငါ့ကိုမစော်ကားနဲ့ နေခြည်။ ငါ အသဲရောက် နေတုန်း တိုက်ခန်းစပေါ်တင်ထားတဲ့ ငွေဆယ်သိန်းကို ပြန် ယူပြီး မင်းအမေလုပ်ငန်းထဲ ထည့်မယ်ဆိုတုန်းက ငါ ဘာပြော ခဲ့သလဲ။ ခု အဲဒီပိုက်ဆံတွေ ဘယ်မလဲ။ လုပ်ငန်းထဲကရတဲ့ အမြတ်ငွေ ဘယ်မှာလဲ။ ငါမပြောချင်လို့ မပြောဘဲနေတာ၊ ငါ့ကို စော်းမထင်နဲ့။ သည်ငွေဟာ မိဘပိုင်တဲ့အိမ်ကိုရောင်းပြီး တို့မောင်နှမတွေ အမွေခွဲထားတဲ့ငွေ။ အဲဒီငွေဟာ ငါ့ဘဝပဲ။ ငါ့ဘဝကို မင်းအမေ ရိုက်ချိုးဖျက်ဆီးလိုက်တာ'

'အိုး … ရှင့်ငွေဆယ်သိန်းကို သိန်းတစ်ရာများ အောက်မေ့နေလား။ မာမီ အရောင်းအဝယ်လုပ်ငန်းမှာ ရှုံးသွား တယ်လို့ ရှင့်ကို ဘယ်နှခါပြောရမလဲ'

သူ တက်ကို ခပ်ပြင်းပြင်းခေါက်သည်။

နေခြည်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၏။

အသံများကြောင့် ခြင်ထောင်ထဲမှ သမီးက လန့်ပြီး အော်ငိုသည်။

'ဟော့… မင်းတို့ မတော်ကြဘူးလား။ ဘယ်နှယ်



www.burmeseclassic.com

www.burmeseclassic.com



တော်… ညအချိန်မတော် အိမ်နီးနားချင်းမှအားမနာ၊ ဒီလောက် ရန်ဖြစ်ချင်ကြရင် ငါ့အိမ်ပေါ်မှာတော့ မဖြစ်ကြနဲ့ဟေ့၊ လမ်းလယ်ခေါင်မှာ ဆင်းဖြစ်ကြ'

သူ စိတ်ကို လျှော့လိုက်သည်။

လန့်ပြီး ထထိုင်ငိုနေသည့် သမီးကို ခြင်ထောင်ထဲမှ ထုတ်ယူလိုက်၏။

သမီးကိုယ်မှာ ချွေးတွေနစ်နေသည်။

သမီးကို ထွေးဖက်ရင်း အရာရာကို အလျှော့ပေးရတော့မည်လားဟု စိတ်အတွေးများနှင့် ဝေဝါးနေရသည်။

ဩော်… သူ့ရင်ထဲမှာ သမီးသာရှိတော့၏။

❀ ❀ ❀



(၈)

ဘဝ၏ငြိမ်းချမ်းခြင်းနှင့် အေးချမ်းခြင်းကို အဖြေရှာဖို့ လုံလောက်သောအချိန်မရှိ။

အဆင်မပြေမှုများစွာသည် လှုပ်ရှားမှုအားလုံးမှာ အဆင်ပြေခဲ့ခြင်းမရှိချေ။

နေ့လယ်က ပန်းဆိုးတန်း လက်ဖက်ရည်ဆိုင်မှာ စာတွေ ကဗျာတွေရေးဖက် ချမ်းမင်းအောင်ပြောသည့် စကားကို အမှတ်ရပြီး ငိုရခက်၊ ရယ်ရခက် ဖြစ်ခဲ့ရပါသေး၏။

'ရွှေမောင်ကြီးက မင်းအရည်အချင်းကို ကောင်းကောင်းနားလည်ထားတာ။ သူ့အပေါ် ထပ် တိုက်ခန်းတစ်ခန်း ရောင်းထားတာ သိန်းတစ်ရာကျော်လောက် လက်ထဲမှာရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ။ မင်း ထောင်ကထွက်လာရင် မဂ္ဂဇင်းလုပ်မယ်၊ အရင်းအနှီးအောမပယ်ဆိုပြီး တက်ကြွနေတာ။ မင်းသိတဲ့အတိုင်း ဒီကောင်ကြီးက လောင်းကစားကို ဘာခွဲကြီးသလဲမမေးနဲ့။ ဂျင်ကစားလိုက်တာလေ။ ရင်းနှီးမယ့်ငွေတွေလည်းပြောင်၊ ရဲဖမ်းလို့ ထောင်ထဲရောက်တာ၊ မင်းနဲ့ အဝင်အထွက်လောက်ပဲ ရှိမယ်'

ကြားပြီး စိတ်မကောင်းဖြစ်ရသေး၏။

ရွှေမောင်ကြီးက မဂ္ဂဇင်းလုပ်ငန်းကို အရမ်းဝါသနာကြီးသည်။ ဒီကောင်က သူပိုင်မဂ္ဂဇင်းတိုက်မှာ အယ်ဒီတာချုပ်လည်း အရမ်းလုပ်ချင်သည်။

ဒီကောင်ကြီးအကြောင်းကို သူငယ်ချင်းသုံးလေးယောက်မက သူ့ကို ပြောခဲ့ဖူးသည်။

အတွေးများပျံ့လွင့်ရင်း သူ ခြေလှမ်းကိုမှန်မှန်လျှောက်ခဲ့၏။

ည၏မှောင်ရိပ်သန်းစအချိန်နှင့်အတူ ပုစဉ်းရင်ကွဲတစ်ကောင်၏ အော်သံစူးစူးက နားကို ဒုက္ခပေးနေသည်။

အိမ်ကို မပြန်ချင်သေး။

စမ်းချောင်းမှာနေသည့် ပန်းချီတင်ရွှေချိုဆီဝင်ပြီး ညအတော်နက်သည်အထိ လက်ဖက်ရည်ဆိုင်ထိုင်ဦးမည်ဆိုသည့်





စိတ်ကူးက ရှိနေ၏။

ပြည်သူ့ဥယျာဉ်ဘေးမှ ဖြတ်လျှောက်ပြီး ပြည်လမ်းကို ဖြတ်ကူးသည်။

မမွှေစေတီလမ်းအသိုင်းဝင်ပြီး ညာဘက်ကို ကွေ့အချိုးမှာပါပဲ…

ဝါးရုံပင်များနှင့် အမှောင်ခပ်အုပ်အုပ်ကြောင့် မိမိကို ဘယ်လိုမှ သတိထားမိဟန်မတူသော ကားတစ်စီးက သူ ဘယ်လိုမှ ရှောင်တိမ်းချိန်မရ။

ကျိုခဲမြည်သည့် ကားဘရိတ်နင်းဖိသံကို သတိထားမိရင်းမှာပင် ခန္ဓာကိုယ်က လမ်းဘေးသို့ ယိုင်လဲကျသွားရ၏။

'အားပါးပါး… ကျွတ်… ကျွတ်'

နာကျင်မှုက သူ့အသိစိတ်တစ်ခုလုံး လွှမ်းမိုးသွားသည်။ သူ သတိကိုချုပ်သည်။

တံတောင်ဆစ်တစ်လျှောက် စပ်ဖျင်းဖျင်းဒဏ်ရာကို ခံစားသိရင်း လဲနေရာမှ ကိုယ်ကို မတ်ထိုင်လိုက်၏။

သည်မှာ ကားတံခါးဖွင့်သံနှင့်အတူ ကားပေါ်မှအပြေးအလွှားဆင်းလာသံကို သူ ကြားသည်။

'ဒုက္ခပါပဲ၊ မမ သတိထားမောင်းရင်းက ဖြစ်ရတယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ချိုမြသည်ဟု ယူဆရမည့် အသံသည် နားထဲသို့ စီးဝင်လာ၏။

နာကျင်ခြင်းကို ခံစားနေရင်းမှ သူ့ကိုယ်သူ မမဟု ဆိုလာသည့် သူမ၏မျက်နှာကို လှမ်းကြည့်သည်။

အကြည့်မှာပင် မမဆိုသူက သူ့နံဘေးမှာ ဒူးကလေး ညွတ်ကွေးပြီး သူ့လက်မောင်းကို ဆုပ်ကိုင်၏။ ဖေးမသည့် သဘောဟုလည်း သူ နားလည်သဘောပေါက်သည်။

'အို… လက်ဖျံမှာ သွေးတွေ'

မမမျက်နှာမှာ စိုးရိမ်ရိပ်၊ ပူပန်ရိပ်တွေ တရိပ်ရိပ်ပြေး တက်နေသည်ကို လမ်းမီးရောင်ဖျော့ဖျော့မှာ မြင်ရသည်။

လက်ဖျံမှ သွေးတွေကို မမက သူမ၏အဖြူရောင် လက်ကိုင်ပဝါလေးနှင့် သုတ်ပေးသည်။

'နေ… နေပါစေ မမ၊ ဒဏ်ရာက မပြင်းပါဘူး၊ ဖြစ်တဲ့ကိစ္စမှာလည်း မမမှာ တာဝန်မရှိပါဘူး။ အတွေးတွေကျွံပြီး လမ်းလျှောက်တာ လမ်းပေါ်ရောက်နေတာကိုက ကျွန်တော့်ရဲ့ အဓိကကျတဲ့ အပြစ်ပါ'

မမက မျက်လုံးဝိုင်းကြီးနှင့် သူ့ကိုကြည့်ပြီး-

'မဟုတ်တာကွယ်… ကားတစ်စီးလုံး လူကိုဝင်တိုက်မိတာ မမမှာ တာဝန်မရှိဘဲနေပါ့မလား။ မမ မင်းကို ဆေးခန်း





တစ်ခုခုကို လိုက်ပို့ခွင့်တော့ပြုပါ'

ခေတ်ပညာတတ်ရုပ်ပေါက်သော်လည်း မမ သွေးရူးသွေးတန်းနှင့် လျှောက်ပြောနေသည်ကို သူ သိလိုက်သည်။

ယာဉ်တိုက်မှုဖြစ်သည့် ရာဇဝတ်မှုတစ်ခုကို ဘယ်ဆေးခန်းဆရာဝန်က ကိုင်တွယ်ကုသဝံ့မှာလဲ။ အရေးပေါ်သွားလျှင် များပြားလာမည့်ကိစ္စတွေ။

နောက်ပြီး မိမိဒဏ်ရာက ဆေးရုံသွားရလောက်အောင်လည်း ကြီးကျယ်နေသည်မဟုတ်။

'ဒဏ်ရာက ကျိုးပဲ့တဲ့အနေအထားမျိုး မဟုတ်ဘူးဆိုတာ ကျွန်တော် သိတယ်။ ပွန်းပဲ့တာလောက်ကတော့ ငယ်ငယ်က သူငယ်ချင်းတွေနဲ့ ကစားရင်း လမ်းမှာ ချော်လဲလို့ရတဲ့ ဒဏ်ရာအသေးစားလောက်ပါ။ ကျွန်တော့်ကို ထားခဲ့ပါ။ ကိုယ်လိုရာခရီးကို ဆက်သွားပါ'

မမ သူ့ကိုကြည့်သည့်အကြည့်မှာ အကြောင်းရာတွေ အများကြီးရှိနေ၏။ သည့်နောက် မမက လွင့်ကျနေသည့် သူ့လွယ်အိတ်ကို ကောက်ပေးသည်။

သူ အားပြုပြီးအထမှာ ဒူးဆစ်မှ နာကျင်သည့်ဝေဒနာကို သတိထားလိုက်မိ၏။ ကိုယ်ခပ်ယိုင်ယိုင်လေးဖြစ်သွားမှာ မမက သူ့လက်မောင်းကို ထိန်းကိုင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမမှာ တာဝန်ရှိပါတယ်ကွယ်။ မင်းကိုထားခဲ့ပြီး မမ ထွက်သွားလို့ ဘယ်ဖြစ်မလဲ။ မမ ဆေးခန်းကိုလိုက်ပို့ပေးပါရစေ။ မင်း တံတောင်ဆစ်မှာလည်း သွေးက မတော်တော်ကို ထွက်နေတာ'

'မမ လိုက်ပို့မှာလား'

'လိုက်ပို့မှာပေါ့ကွ'

မမက အားတက်သရောပြော၏။

'ဒါဖြင့် ကျွန်တော့်ကို သူငယ်ချင်းအိမ်ကိုပဲ လိုက်ပို့ပေးပါ။ ကျွန်တော် အဲဒီကိုသွားမလို့'

'မဟုတ်တာကွယ်၊ ဆေးခန်း…'

သူက မမစကားကို ကြားဖြတ်ဝင်ပြီး–

'ဒါဖြင့် မမသွားတော့ဗျာ'

မမက သူ့ကို နားမလည်နိုင်ဟန်နှင့်ကြည့်၏။

မမနှုတ်ခမ်းသားလေး တွန့်လှုပ်သွားသည်ကတော့ သူ့စကားကို အလိုမကျမှန်း သိသာ၏။

'မင်း ဘယ်လိုကောင်စားလေးလဲ'

သူ ခပ်သဲ့သဲ့လေး ရယ်သည်။

တကယ်ဆို မမသည် သူ့ထက် အသက်ငါးနှစ်လောက်တော့ ကြီးနိုင်၏။ မမ၏ရုပ်ရည်နုပျိုမှုက သည့်ထက်



ပို၍မကြီးနိုင်တာတော့ လုံးဝသေချာသည်။

သည့်နောက် မမ့က စိတ်လျှော့ပြီး သူသွားလိုရာကို လိုက်ပို့သည်။

သူက သူငယ်ချင်းအိမ်ရှေ့ကို လက်ညှိုးညွှန်ပြပြီး ကားရပ်ခိုင်းသည်။ ကားတံခါးဖွင့် ဆင်းမည်အပြုမှာ–

'နေပါဦး မောင်…'

'ကျွန်တော့်နာမည် ရဲဖုန်းအောင်ပါ မမ'

'အေး… ခဏလေ့နေပါဦး မောင်ရဲဖုန်းအောင်'

မမမျက်နှာကိုအကြည့်မှာ မမက သူမဘေးတွင်ချထားသည့် အနက်ရောင်ပိုက်ဆံအိတ်ကြီး၏ ခလုတ်ကို အသာဆွဲဖွင့်လိုက်၏။

အိတ်ထဲမှ အညိုရောင်စာအိတ်ရှည်ကိုဆွဲယူပြီး သူ့ကို လှမ်းပေးသည်။

'အဲဒါ ဘာလဲခင်ဗျ'

'မမရဲ့ အကူအညီပါ၊ အဲဒါကိုတော့ လက်ခံပါ ရဲဖုန်းအောင်ရယ်'

'ပိုက်ဆံလား'

မမ ခေါင်းကို အသာညိတ်၏။

'ဘယ်လောက်တောင်လဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီစာအိတ်ထဲမှာ ငွေသုံးသောင်းထည့်ထားပါတယ် ရဲဖုန်းအောင်၊ မမ မင်းစေတနာကို စော်ကားတာမဟုတ်ဘူးဆိုတာတော့ ယုံကြည်ပေးပါ'

'စော်ကားတာတော့ မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမဲ့ မမ ကျွန်တော့်ကို နှိမ့်ချလိုက်တာပဲ။ ဒီမယ် မမ၊ တစ်ခုနားလည်ပေးပါ'

'ဘာများလဲကွယ်'

'ရဲဖုန်းအောင်ဆိုတဲ့ကောင်က သူတောင်းစားတစ်ယောက်မဟုတ်ဘူးဆိုတာကိုပါ'

'ဟာ… မမစေတနာကို မင်း ပြန်ပြီးတော့မစော်ကားနဲ့လေ'

သူ မမမျက်နှာကို စူးစိုက်ကြည့်ပြီး-

'မတော်တဆဖြစ်တဲ့ကိစ္စဟာ ကျွန်တော့်အသက်ကို အန္တရာယ်မပေးဘူး။ အညွန့်တုံးလောက်အောင် ကျိုးပဲ့မသွားဘူး။ အဲဒါ ကျေနပ်စရာအကောင်းဆုံးပဲ။ လျော်ကြေးသဘောမျိုး ငွေပေးလိုက်တာနဲ့ လူမှုရေးတာဝန်ကျေပွန်သွားပြီလို့ မမ မထင်ပါနဲ့။ မတော်တဆဖြစ်လာတဲ့ကိစ္စမှာ ကျွန်တော် ဘာအခွင့်အရေးမှ မလိုချင်ဘူး၊ ယူစရာအကြောင်းမရှိဘူး'

သူ ကားပေါ်မှဆင်းလိုက်၏။





မမ၏ မျက်လုံးရွဲကြီးက သူ့မျက်နှာပြင်ပေါ်သို့ ပြန့်ကျသည်။

သူ မမကို ကျောခိုင်းလိုက်၏။

မမကတော့ သူ့ကို ကားပေါ်ကနေ တွေတွေကြီးကြည့်နေပါလိမ့်မည်။

သူမနာမည် ဘယ်သူလဲ။

'မမ'ပဲ ထားလိုက်ပါတော့လေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၉)

ဒူးဆစ်နှင့် တံတောင်မှဒဏ်ရာကို တင်ရွှေချိုက ခေါ်ထည့်ပေးသည်။

ပြီးတော့ အရေပြားလန်နေသည့် လက်ဖျံကို ပတ်တီးစည်းပေး၏။

'လမ်းလျှောက်နိုင်ပါ့မလား'

'လျှောက်နိုင်ပါတယ်၊ ခြေထောက် နည်းနည်းကလေးမျက်သွားတာပါ'

'ငါ ဝရံတာကနေ ကြည့်နေတာ။ အမျိုးသမီးကတော်တော်လှတာပဲကွ။ ဒါပေမဲ့ အသက်ကတော့ သုံးဆယ့်ငါးအောက်မှာ မရှိဘူး။ လွတ်လပ်သူဆိုရင်တော့ မုဆိုးမ၊ တစ်ခုလပ်ထဲကနေမှာပဲ'





'မင်းကလည်း အပျိုကြီးမဖြစ်နိုင်ဘူးလားကွ'

'အေး… အဲဒါပြောဖို့ကို ငါ မေ့သွားတယ်'

တင်ရွှေချိုမျက်နှာက ရယ်ကျဲကျဲ။

ဆေးထည့်ပြီး မတ်တတ်ရပ်၍ ဒူးခေါင်းကို ကွေးချည်ဆန့်ချည်လုပ်ကြည့်သည်။

အရိုးအဆစ် နာကျင်ခြင်းမရှိ။

ပွန်းထားသည့် နေရာကတော့ စပ်ဖျင်းဖျင်းနိုင်၏။

'နာမည် ဘယ်သူလဲ'

'မသိဘူး'

'ဟင်… မင်းကလည်း နာမည်လေးတောင် မမေးလိုက်ဘူးလား'

'မေးနေစရာလိုသေးလားကွာ၊ သူ စကားပြောရင် ဟမ မမနဲ့ ပြောနေတော့ ငါကလည်း မမလို့ ခေါ်လိုက်တာပေါ့။ လေးနက်တဲ့အကြောင်းရာ မဟုတ်ပါဘူး'

'ကားကတော့ အကောင်းစားကြီးကွ။ ခြေမွေး မီးမလောင်၊ လက်မွေးမီးမလောင် လူတန်းစားထဲကနဲ့တူတယ်'

သူ ဒီလောက်ထိ စိတ်မဝင်စား။

မမကား၏ အရောင်အသွေးကို အဖြူရောင်ဟုသာ သိသည်။ သို့သော်လည်း မမ၏မျက်နှာအလှကိုတော့ စိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရရှိခဲ့၏။

'ဒါတွေမသိဘူးကွာ၊ စိတ်လည်းမဝင်စားဘူး။ ကဲ… လက်ဖက်ရည်ဆိုင်သွားပြီး တူးတီးပေါ့ကျလေးနဲ့ နှပ်ရအောင်။ မမရဲ့ကားဘီး လိမ့်ထွက်သွားပြီ မဟုတ်လား။ အေး… လိမ့်ထွက်သွားတဲ့ ကားနဲ့အတူ ပါသွားတဲ့မမလည်း ငါ့အာရုံထဲမှာ မြူမှုန်လေးတစ်ပွင့်လို လွင့်ပျောက်သွားပြီ'

'ရန်ကုန်မြို့ကြီးရဲ့ လမ်းမပေါ်မှာ ပြန်လည်ဆုံစည်းမှုတွေ ဖြစ်ပေါ်တတ်တယ် ရဲဖုန်းအောင်'

'အိုး… ပြန်ဆုံတာတော့ မမ နေကောင်းရဲ့လားလို့ ငါက နှုတ်ဆက်မယ်။ မမကလည်း နေကောင်းပါတယ်၊ ရဲဖုန်းအောင်ကော နေထိုင်ကောင်းရဲ့လားကွယ်ဆိုတဲ့ အမေးစကားလောက်ပဲရှိမယ်။ ဒီထက်ပိုပြီး ပြောဆိုစရာစကား ဘာရှိမှာလဲကွာ။ မမကလည်း သူ့ကားဘီးတစ်လျှောက်လည်တိုင်းမှာ ငါ့ကို ခပ်ရိုင်းရိုင်းကလေးမမေ့တောင် သိမ်သိမ်မွေ့မွေ့လေး မေ့သွားမှာပါ'

တင်ရွှေချိုက ပြုံးရင်း သူ့ရေးလက်စ ပန်းချီကားကို အခန်းထောင့်မှာ သွားထောင်သည်။

ပြီး နှစ်ယောက်အတူ တိုက်ပေါ်ဆင်းတော့ သူ့လက်ကို တွဲသည့်သဘောမျိုးနှင့် ကိုင်ထား၏။





'မကိုင်နဲ့၊ ရတယ်'

'လျှောက်နိုင်လို့လား'

သူ ခေါင်းကိုညိတ်ပြသည်။

'မသေကောင်းမပျောက်ကောင်းကွာ'

'သူ့ကားက ကွေ့ဝင်လာတာကွ၊ အရှိန်မပြင်းလို့တော်သေးတာပေါ့။ အရှိန်သာပြင်းရင် နတ်ပြည်နဲ့ ငရဲ တစ်ခုခုကိုအရောက်ပဲ'

'မင်းကတော့ ငရဲကိုရောက်မှာ'

'ဘာဖြစ်လို့'

'ယောက္ခမကို နေ့တိုင်း မေတ္တာပို့နေတာလေ'

'မေတ္တာပို့တာ ငရဲရောက်မလားဟ'

'မင်းပို့တဲ့ မေတ္တာရဲ့ အနက်အဓိပ္ပာယ်ကို တို့သူငယ်ချင်းတွေပဲသိတယ်'

သူ အသံထွက်အောင်ပင် ရယ်မိသည်။

လက်ဖက်ရည်ဆိုင် ရောက်သည်ထိ မမနှင့်ဆက်နွယ်သော အတွေးများ ပျောက်ပျက်မသွားသည်ကိုတော့ ကိုယ့်ဘာသာကိုယ် သိပ်သိပ်သည်းသည်းလေး သိလိုက်၏။

လက်ဖက်ရည်ကျကျ၏ အရသာကို ခံသောက်တော့လည်း အတွေးမှာ မမကိုသာ မြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမ၏ ပိရိသေသပ်သော နှုတ်ခမ်းအလှကလည်း သူ့မျက်လုံးမှမထွက်။

ခါတိုင်း လက်ဖက်ရည်ဆိုင်ထိုင်လျှင် စာပေအကြောင်း မမောတမ်းပြောတတ်သည့်သူက သည်နေ့ညမှ နှုတ်ဆိတ်သလို ဖြစ်နေ၏။

ဒါကို တင်ရွှေချိုက-

'မင်းကတော့ မမအကြောင်း စဉ်းစားနေတော့တာပဲ'

ဟု ပြောသည်ကို သူ မရှက်နိုင်အောင် ဖြစ်သွားရသည်ကိုတော့ ကိုယ့်ကိုယ်ကို အံ့သြ၏။

❀ ❀ ❀



(၁၀)

ဆောင်းလဖြစ်သော်လည်း မှုန်းတည့်နေ၏အပူဒဏ်က ရက်စက်လွန်းသည်။

ပန်းဆိုးတန်း လက်ဖက်ရည်ဆိုင်ထိုင်တော့ အောင်ထိုက်က လက်ဖက်ရည်နှစ်ခွက်မှာသည်။

'တစ်ခွက်ပဲမှာ၊ ငါ မသောက်ချင်ဘူး အောင်ထိုက်၊ ခေါင်းအရမ်းမူးနေတယ်'

အိပ်ပျက်ညများ၏ ဒဏ်ကို ကိုယ့်ဘာသာကိုယ်သိသည်။

'မင်း အိမ်ပြန်ပြီး အနားယူသင့်တယ် ရဲဖုန်းအောင်'

'ရွှေတိဂုံဘုရားသွားပြီး ကျောင်းဇရပ်တစ်ခုခုမှာ လဲလျောင်းနေတာက အကောင်းဆုံးဖြစ်လိမ့်မယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်း အိမ်ကို မပျော်တော့ဘူးလားကွာ'

'ငါ့အတွက် အိမ်မှမဟုတ်ဘဲ၊ အကျဉ်းထောင်တစ်ခုရဲ့ ငရဲခန်းနဲ့ ဘာခြားလို့လဲ'

'မဟုတ်ဘူးလေ၊ ခုအချိန်မှာ မင်း အိမ်ကိုပြန်ပြီး အနားယူသင့်ပါတယ်'

အောင်ထိုက်က လာချပေးသည့် လက်ဖက်ရည်ခွက်ကို ခပ်သွက်သွက်လေး မော့ယူသောက်ပြီး လက်ဖက်ရည်ဖိုး ရှင်းသည်။ လမ်းပေါ်ရောက်တော့ တက္ကစီတစ်စီးကို အောင်ထိုက်က လက်ယပ်ခေါ်မည်ပြု၏။

'ဘာလုပ်တာလဲ'

'ကားငှားပြီး အိမ်ပြန်အနားယူကွာ'

'မခေါ်နဲ့၊ ငါ လိုင်းကားနဲ့ပဲပြန်မယ်'

'ငါ ကားခရှင်းပေးလိုက်မှာပါ'

'ခေါင်းကလေး မူးနောက်တာကွာ။ အဲသလောက်ကြီး မဟုတ်ပါဘူး'

အောင်ထိုက်က ဘာမျှမပြောတော့။

သူ့ကို ကားမှတ်တိုင်ဆီ လိုက်ပို့သည်။

ကားပေါ်ရောက်တော့ ထိုင်စရာနေရာတစ်ခုကို ကံကောင်းခြင်းကြီးစွာဖြစ်ရ၏။





မှတ်တိုင်မှာဆင်းပြီး အိမ်ကို လမ်းလျှောက်ပြန်ခဲ့သည်။

အိမ်ရှေ့အရောက်တွင် လှေကားထစ်မှာ တစ်ယောက်တည်း ငုတ်တုတ်ကလေးထိုင်နေသော သမီးကို တွေ့ရ၏။

'တစ်ယောက်တည်း ထိုင်လို့ပါလား သမီးရဲ့၊ မေမေကော'

'မေကြီးလား… ကားနဲ့လိုက်သွားတယ် ဖေကြီးရဲ့'

သူ မျက်မှောင်ကို ကြုပ်လိုက်သည်။

ပြီး သမီးကို ပွေ့ချီပြီး အိမ်ပေါ်တက်ခဲ့၏။

သူ့ကိုမြင်သည်နှင့် မာမီမျက်နှာ ပျက်သွားသည်။

ပြီးတော့ သူ့ကို မျက်နှာချင်းမဆိုင်ဘဲ တစ်ဖက်သို့ မျက်နှာလွှဲသွား၏။

'သမီး ကျောင်းမသွားဘူးလား'

'ဒီနေ့ ဆရာမတွေ အစည်းဝေးရှိလို့ အစောကြီးပြန်လွှတ်တယ် ဖေကြီးရဲ့။ ထမင်းတောင်စားပြီးသွားပြီ'

သမီးက စကားပြောပြီးတိုင်း ပြုံးတတ်၏။

ပြုံးလျှင် ခွက်ဝင်သွားတတ်သည့် ညာပါးချိုင့်လေးသည် သမီးကို လူချစ်လူခင်များစေသော အလှတစ်ခုလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးပါးဖောင်းဖောင်းလေးကို နမ်းကြူတော့ သမီးက ကိုယ်လေးတွန့်ပြီး တခစ်ခစ်ရယ်၏။

'ဖေကြီးနှုတ်ခမ်းမွေးတွေကလည်း စူးလိုက်တာ'

'အေးကွာ… ဖေကြီးလည်း ရိတ်မယ် ရိတ်မယ်နဲ့ မရိတ်ကို မရိတ်ဖြစ်ပါဘူး'

ပြောပြီး ခေါင်းက မူးနောက်နောက်ဖြစ်၏။

သမီးကို အိပ်ရာပေါ်တင်ပြီး နံဘေးမှာ နှသာလှဲရင်း ခေါင်းကို လက်မနှင့်ဖိထားသည်ကို သမီးမြင်တော့-

'ဖေကြီး နေမကောင်းဘူးလားဟင်'

'ဖေကြီး ခေါင်းတွေမူးနေလို့ သမီးရဲ့'

'မီး နှိပ်ပေးမယ်လေ၊ ဘွားဘွားကြီး ခေါင်းမူးရင် မီး နှိပ်ပေးနေတာပဲ'

သမီးက သူမ၏လက်ချောင်းသေးလေးများနှင့် နဖူးစပ်ကို ထောက်ပြီး နှိပ်ပေးသည်။

သမီး၏ဆံစလေးများ လက်နှင့်ပွတ်သပ်ရင်း-

'မေမေက ဘယ်သူ့ကားကြီးနဲ့သွားတာလဲ သမီးရဲ့'

'ဘဘဦးကျော်ဇင်ကားလေ၊ ကားက အနီရောင်ကြီး ဖေကြီးရဲ့'

သမီး နှိပ်နယ်ပေးနေရာမှ သူ့ခေါင်း ဆတ်ခနဲ မတ်သွား၏။





'ဖေကြီး ဘာဖြစ်တာလဲဟင်'

စိုးရိမ်စိတ်နှင့် သမီးမျက်လုံး ဝိုင်းနေသည်။

ပင့်သက်ကို ဟူးခနဲမှုတ်ထုတ်သော်လည်း ခံခက်သောဝေဒနာက ရင်မှာတည်ရှိလာ၏။

'ဘာမှမဖြစ်ပါဘူး သမီးရဲ့၊ ဒါနဲ့ သမီးကို မေမေက ခေါ်ဘူးလား'

'မခေါ်ပါဘူး ဖေကြီးရယ်၊ ခေါ်လည်း သမီးက လိုက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဖေကြီးမှ မပါဘဲနဲ့ဟာ'

ရင်မှာ ထိခိုက်ရှနာရမှုကို သမီးအား မသိစေချင်။

မျက်စိကို စုံမှိတ်ရင်း အတွေးများကို ချုံ့မိသည်။

အတွေးတွေက အဆိုးဝါးဆုံးအခြေအနေမှာ ရှိ၏။

ထပ်မံချဖြစ်သည့် ပင့်သက်နှင့်အတူ အိမ်ရှေ့မှ ကားရပ်သံကို ကြားသည်။

အိပ်ရာမှ ဝေတ်ခနဲထပြီး သူ၏ရှေ့သို့ ထွက်ခဲ့၏။

သူ့အကြည့် ကားဆီသို့ ခပ်ကြမ်းကြမ်း ရောက်အသွားမှာ နေခြည်ကလည်း အိမ်ပေါ်သို့ လှမ်းအကြည့်နှင့်ဆုံသည်။

နေခြည့်မျက်နှာ ကွက်ခနဲပျက်သွား၏။

'ကိုကျော်ဇင်… အိမ်ပေါ်တက်ဦးလေ'

'မတက်တော့ဘူး နေခြည်၊ ကိုယ် သွားစရာရှိသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'လမ်းကြုံ ကားစီးရတာ ကျေးဇူးတင်ပါတယ်နော်၊ ဟင်း… ဟင်း'

ယင်းစကားကို နေခြည်က အသံကိုမြှင့်ပြီးပြောသည်။ ဒါသည် မရေရာသော အကြောင်းပြချက်ဟု နေခြည့်သဘော ပေါက်ချင်မှ ပေါက်မည်။

ကိုကျော်ဇင် ကားမောင်းထွက်သွားမှ နေခြည် အထုပ် အပိုး တစ်ပွေ့တစ်ပိုက်နှင့် အိမ်ပေါ်တက်လာသည်။

သူ့ကိုမြင်သည်နှင့်-

❀ ❀ ❀

'ဟင်… ကိုကို ပြန်ရောက်နေတယ်'

'အပိုတွေပြောမနေနဲ့ နေခြည်၊ မင်း ကားပေါက် ဆင်းကတည်းက ငါ့ကိုမြင်တယ်'

နေခြည့်မျက်နှာ မည်းခနဲဖြစ်သွား၏။

နေခြည်သည် သူ့ကိုကြည့်ရင်း လိမ်ညာပြောဆိုရန် စကားပုံးများကို စုစည်းနေပုံရသည်။

'နေခြည် ကားကြုံစီးလာတာ ကိုကို၊ ဗိုလ်ချုပ်ဈေးရှေ့ မှာ တက္ကစီငှားမယ်လုပ်တုန်း ကိုကျော်ဇင်နဲ့ တွေ့လို့ လိုက်သွား တာ'





လုပ်ကြံစကားပြောဝံ့သော နှုတ်ခမ်းကို သူ မုန်းတီး စက်ဆုပ်စွာကြည့်လိုက်၏။

ဆိုရန် စကားအတွက် နှုတ်ခမ်းကို တွန့်အလှုပ်မှာ နေခြည်က မျက်နှာလွှဲပြီး လက်ထဲမှ အထုပ်များကို စားပွဲပေါ် တင်သည်။

'မင်း တော်တော်လိမ်တတ်နေပါလား နေခြည်'

'ဘာဆိုင်လို့လဲ'

'မင်းကို ကိုကျော်ဇင် အိမ်လာခေါ်တာ မဟုတ်လား၊ အိမ်ကနေ မင်းကို ကျော်ဇင်နဲ့အတူသွားတာ'

'ဘယ်သူပြောလဲ'

'သမီး ပြောတယ်'

'ဟင်… ခွေးမလေး၊ နင် မဟုတ်တာပြောတယ်၊ ဟုတ်လား'

နေခြည်က သမီးကိုရိုက်ရန် လက်ပြင်သည်။

သူက နေခြည့်ကို ခပ်ဆတ်ဆတ်တွန်းပစ်လိုက်၏။

'မင်း ကလေးကို ရန်ရှာနေစရာမလိုဘူး နေခြည်၊ သမီး ဘယ်တော့မှ လိမ်မပြောတတ်ဘူး'

'အိုး… ဒါ ရိုးရိုးသားသား ဈေးသွားဝယ်တာပဲဟာ၊ မေကြီးကလည်း ခိုင်းထားတယ်၊ သူ့အပ်ထည်တွေ သွားရွေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးတယ်၊ အဲဒါ ဘာဖြစ်သလဲ’

‘ငါပြောတဲ့စကားမှာ အဲဒါ ဘာဖြစ်သလဲဆိုတဲ့ကိစ္စ လုံးဝမပါဘူး၊ မင်း စောစောကပြောတဲ့ ‘တက္ကစီငှားနေတုန်း ကြုံလို့စီးလာတယ်ဆိုတဲ့ စကားက ဘာစကားလဲကွ၊ မင်း စကားတွေက မင်းရုပ်လုံးကို ကြွအောင်ပြနေတာ’

‘ကိုကို မဟုတ်တာတွေ လာမစွပ်စွဲနဲ့ သိလား’

နေခြည် ခြေကိုဆောင့်ပြီး အိပ်ခန်းထဲဝင်သည်။

သူ့ရင်က တင်းမာခဲခက်မှုတွေက မပျောက်။

သူ အိပ်ခန်းထဲ ဝင်လိုက်သည်။

‘သဝန်တိုတယ်ဆိုတာ အောက်တန်းကျတဲ့လူတွေမှာမှ ရှိတာ၊ အဲဒီလိုလူမျိုးကို သိပ်မုန်းတယ်’

‘ငါ့ကို သိပ်မုန်းတယ်လို့ ပြောတာပေါ့ ဟုတ်လား၊ ပြန်ပြောစမ်း နေခြည်၊ မင်း ဟောဒီပါးစပ်က စောစောက ပြောတဲ့ စကားကို ပြန်ပြောစမ်း’

နေခြည် စကားအသံမထွက်။

အိပ်ခန်းနံရံဘက် မျက်နှာလှည့်ပြီး ငူငူကြီးရပ်နေ၏။

သူ စိတ်ဆတ်သည်ကို ကလေးတစ်ယောက်မရခင် ချစ်သူရည်းစား ဘဝကတည်းက နေခြည် သိပြီးသား။

ကိုယ် အမှားတစ်ခုကို ပြုထားပါလျက် စကားနှင့်





ထပ်မံစော်ကားဖို့ မသင့်သည်ကို နေခြည် စဉ်းစားမိဖို့တော့ ကောင်းသည်။

‘လင်ရှိ မိန်းမတစ်ယောက် လင့်မျက်ကွယ်ရာမှာ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ သွားလာတာ တို့မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှု မဟုတ်ဘူးကွ’

နံရံကို မျက်နှာမူထားရာမှ နေခြည်က ကိုယ်ကို သူ့ဘက်လှည့်လိုက်၏။

‘ဒီမယ် ကိုကို၊ အဲဒီလောက် မချုပ်ချယ်နဲ့ သိလား၊ မာမီတောင် ဘာမှမပြောတာ၊ ကိုကို ဘာမှပြောစရာမလိုဘူး’

‘တရားကျဖို့ ကောင်းလိုက်တာကွာ၊ မင်းမာမီမပြောပေမယ့် ငါ ပြောရမယ်ကွ၊ မင်းက မာမီရဲ့မိန်းမ မဟုတ်ဘူး၊ ငါ့မိန်းမ၊ ငါပေါင်းနေတဲ့မိန်းမ၊ လင်တစ်ယောက်အနေနဲ့ အမြင်မတော်တာကို ငါပြောရမယ်။ အနောက်တိုင်းယဉ်ကျေးမှုလို ကိုယ့်မိန်းမကို သူများက ပါးကလေးအပ် နှုတ်ဆက်တာကို ငါက ဘေးက အသာရပ်ပြီး သင့်ခ်ယူလို့ ပြောရမလား’

‘မဟုတ်ဘူး၊ ရှင် အဲသလို ပြောနေရအောင် ကျွန်မက ကိုကျော်ဇင်နဲ့ လက်ချင်းတွဲပြီး ကားစီးလာလို့လား’

နေခြည် စကားရမ်းလာ၏။

ဒါကို မျှော်လင့်ပြီးသားဖြစ်သော်လည်း သူ နေခြည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို အံ့ဩစွာဖြင့် ကြည့်လိုက်သည်။

သည်ဘက်ခန်း၏ တင်းမာမှုအသံများကြောင့် မာမီ့ အခန်းဘက် ကူးလာ၏။

'ဒီမှာ မောင်ရဲဖုန်းအောင်၊ လူဆိုတာ အပေါင်းအသင်း ရှိတယ်ကွဲ့။ မောင်ကျော်ဇင်နဲ့ ငါ့သမီးလေး ရိုးရိုးတန်းတန်း သွားလာတာကို တို့ သိကျွမ်းအောင် မစွပ်စွဲပါနဲ့။ မင်းကြောင့် ငါ့သမီးလေး ဘယ်လောက် စိတ်ဆင်းရဲရတယ်ဆိုတာ ငါတို့ အသိဆုံးပါကွဲ့။ မယားနဲ့ သမီးကိုလည်း လူတစ်လုံးသူတစ်လုံး တူအောင် မထားနိုင်။ ပြီးတော့ မတရားလည်း နိုင်နင်းချင်သေး တယ်။ မင်း အပြုအမူ အပြောအဆိုတွေကို ငါ မကြိုက်ဘူး'

'စကားကို တစ်ဖက်စောင်းနင်း မပြောပါနဲ့ မာမီ။ ကျွန်တော်က မာမီ့သမီးကို ဘာတွေအနိုင်ကျင့်နေလို့လဲ။ မျက်စိ အောက်မှာ အမြင်မတော်တာတွေကို လင်ယောက်ျားတစ်ယောက် အနေနဲ့ ကျွန်တော့်မှာ ပြောပိုင်ခွင့်မရှိဘူးလား'

'မင်းက မဟုတ်တာ စွပ်စွဲတာပဲဟာ'

နေခြည့် အဝန်းပိုင်းဘက်မှ စကားများသည် မိမိ အတွက် ဘယ်လိုမှ အကူအညီအားမဖြစ်နိုင်သည်ကို သူ ကြိုသိ ပြီးသား။

သမီးကတော့ မျက်ရည်ဝဲဝဲကလေးနှင့် ကြည့်နေ သည်။





သူ အံကို တင်းတင်းကြိတ်သည်။

ပြီး တင်းကျပ်စွာ ဆုပ်ထားသော လက်သီးသည် လေပေါ် မြောက်တက်သွားပြီး အခန်းနံရံပေါ် လက်သီးကကျ ရောက်သွား၏။

နံရံဗီရိုမှ ဖန်ခွက်များ ကျကွဲသံ။

မာမီ၏ စူးစူးဝါးဝါးအော်သံ။

နေခြည်၏ မျက်လုံးစိမ်းကြီးများကိုတော့ သူ့တစ် သက် မေ့လို့ရနိုင်မည် မဟုတ်တော့ပါ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

မင်းမမ လာသွားတယ်ဆိုတဲ့စကားကို ဘယ်လိုမှ နားလည်သဘောပေါက်ခြင်းမရှိ။

တင်ရွှေချိုမျက်နှာကို သူ ခပ်ကြောင်ကြောင်နှင့်ကြည့် တော့–

'အေး… မေ့တတ်တဲ့သူကတော့ မမဆိုတာ ဘယ်ရှိ မလဲကွာ။ မမေ့နိုင်တဲ့သူကတော့ တကူးတကတောင် မေးမြန်း လာရရှာတာ'

'မင်းစကားကို ခုထိ ငါ နားလည်သဘောပေါက်ခြင်း မရှိသေးဘူး တင်ရွှေချို'

'ညှံ့ဖျင်းပါ့ကွာ၊ တလောက မင်းကို ကားနဲ့ဝင်တိုက် တဲ့ မမ လာသွားတယ်ကွ'



'ဟင်…'

'မင်း အံ့သြသွားပြီမို့လား'

'ဟုတ်တယ် တင်ရွှေချို၊ မမ မင်းဆီကို လမ်းကြုံ လို့ ဝင်လာတာလား၊ ဒါမှမဟုတ် မင်း ပန်းချီဆရာမှန်း သိလို့ သူ့ပုံတူလာအပ်တာလား'

အသံမဲ့ဆဲခြင်း အတတ်ပညာကို ဒီကောင်ကျွမ်းသည်။

အသံမဲ့ဆဲနည်းဖြင့်ဆဲပြီး သူ့စုတ်တံကြီးကို ရေခွက်ထဲ သို့ ခပ်ကြမ်းကြမ်း ထိုးနှစ်လိုက်၏။

ရေ့ခုံပေါ်မှာ ဆွဲလက်စ ဝတ္ထုမျက်နှာဖုံးပုံကို တွေ့ သည်။ အဝါရောင်ခပ်များများ သုံးထားသည်ကိုလည်း သတိပြု မိ၏။

'မင်းကို လာရှာတာ၊ မမက မင်းကို ကမ္ဘာကုန်ကျယ် သရွေ့ လိုက်ရှာနေတာ'

'မင်းကလည်း ဟုတ်မယ်မထင်ပါဘူး'

ယုံကြည်နိုင်ခြင်းမရှိ။

မမနှင့် မိမိကလည်း ဘာမှပတ်သက်စရာအကြောင်း မရှိ။ တင်ရွှေချိုပြောမှ မမပုံရိပ်ကို ပြန်ဖမ်းယူရသည်။

'မင်း အတည်ပေါက်နဲ့ နောက်နေတာ မဟုတ်ဘူး နော်'

www.burmeseclassic.com

www.burmeseclassic.com



'အားအားယားယားကွာ၊ မင်းမမ ရောက်လာတော့ ငါ တကယ်ကို မမှတ်မိတာ။ သူ အစဖော်မှ အမှတ်ရတော့တာ'

ချိတ်မှာချိတ်ထားသည့် အင်္ကျီကို တင်ရွှေချိုက လှမ်းယူဝတ်သည်။ နှစ်ယောက်အတူ လက်ဖက်ရည်ဆိုင်ထွက်တော့ ငါ တကယ်ကို အံ့သြသွားတာဆိုသည့်စကားကို တင်ရွှေချို ပြော၏။

ဆိုင်ရောက်လျှင် လက်ဖက်ရည်ကျကျလေးသောက်ပြီး မမအကြောင်းကြားရမည်ကို ရင်က ဘာလို့ လိုလိုလားလား ရှိနေရတာလဲ။

❀ ❀ ❀

တင်ရွှေချိုပြောပြသည်များကို နားထောင်ပြီး မမ၏ စေတနာနှင့် ကရုဏာကို သူ တအံ့တသြဖြစ်နေရသည်။

'မမက လမ်းနဲ့ ငါတို့တိုက်ကို သေသေချာချာ မှတ်ထားပုံရတယ်ကွ။ ငါနဲ့ကို တန်းတိုးတာပါ။ မင်းကိုမေးတော့ ငါ ကြောင်အမ်းအမ်းဖြစ်နေသေးတယ်။ အစဖော်တော့မှ ငါ မှတ်မှတ်ရရသိလိုက်တာ။ သူ့ကြောင့်ဖြစ်ရတာကို မမ စိတ်မကောင်းတုန်းဘဲနဲ့ တူပါတယ်။ မင်း လမ်းလျှောက်နိုင်ရဲ့လား၊



လက်ကအနာက ဒဏ်ရာများဖြစ်နေသလား၊ စောစောက ငါ ပြောပြသလိုပေါ့ကွာ၊ မင်းမိန်းမတောင် မမလောက် ဂရုစိုက်ပါ့မလား မသိဘူး'

အကြမ်းရည်ငှဲ့ပြီး တင်ရွှေချိုက အိတ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်ပေးသည်။

သူ မီးညှိပြီး တစ်ချက်ဖွာလိုက်၏။

'ငါ ဘေးကျပ်နံကျပ်ဖြစ်သွားရသေးတယ်'

'မမကြောင့်လား'

'အေးပေါ့ ... ငါက မင်း ဒဏ်ရာသက်သာပါတယ်၊ လမ်းကောင်းကောင်းလျှောက်နိုင်ပါတယ်ဆိုတာကို မယုံဘူး။ မင်းအိမ်ကို လိုက်ပို့ပေးပါပေါ့။ ငါက မမကို ဘယ်လိုလုပ် မင်းအိမ်ကို လိုက်ပို့ပေးလို့ဖြစ်မလဲ ရဲဖုန်းအောင်။ မင်းတို့အိမ်ထောင်ရေးအခြေအနေကိုလည်း ငါက ကကြီးကနေ အ,အထိ သိနေတာ'

တင်ရွှေချိုက စကားတန့်ပြီး ငှဲ့ထားသည့် အကြမ်းပန်းကန်ကို မ,ယူ၍ တစ်ငုံမော့သောက်၏။

'ပြောပါဦး'

'ပြောမှာပါ၊ မင်းကလည်း တော်တော့်ကို သိချင်နေပါလား'



www.burmeseclassic.com

www.burmeseclassic.com



သူ ရှက်ပြုံးကလေးပြုံးတော့ တင်ရွှေချိုက မျက်စောင်းထိုး၏။

'ငါက ဘယ်လိုက်ပို့ချင်ပါ့မလဲကွာ။ အင်တင်တင် အမူအရာပြတော့ မမက မောင်တင်ရွှေချို မအားရင်လည်းနေပါ။ မမကို လိပ်စာပဲပေးလိုက်ပါဆိုတော့ ငါ ဖော်တော်ကို ဦးနှောက်ခြောက်သွားရတာ။ လိပ်စာပေးလိုက်ရင် မမက အိမ်ကိုသွားမယ်၊ နေခြည်နဲ့တွေ့မယ်၊ မဖြစ်သင့်တဲ့ စကားတွေဖြစ်ကုန်ရင် မမခမျာ အရှက်ရဦးမယ်။ မင်းမိန်းမ စကားပြောမိုက်ရိုင်းတာကို တို့သူငယ်ချင်းတွေက သိထားတယ်မို့လား'

သူ ငြိမ်နေလိုက်၏။

နေခြည်နှင့်ပတ်သက်သမျှသည် သူငယ်ချင်းများအမြင်တွင် ဘယ်လိုမှ ကြည်လင်ခြင်းမရှိ။

'အဲဒါနဲ့ မမကို ဘာမှမပြောတော့ဘဲ အကျီကောက်ဝတ်ပြီး မမကားနဲ့ပဲ စကားအေးအေးဆေးဆေးပြောလို့ ကောင်းမယ့် အအေးဆိုင်တစ်ခုကို ထွက်ခဲ့ရတယ် ရဲဖုန်းအောင်'

စကားကို ဖြတ်ထားပြန်၏။

သည်ကောင့်အကျင့်က စကားပြောလျှင် စကားကို ဖြတ်လိုက် ဆက်လိုက်နှင့် တစ်ဖက်နားထောင်သူ စိတ်မရှည်ဖွယ်ဖြစ်လောက်အောင်ကို အကျင့်က ပါလွန်း၏။





'မင်းကို ကြိုပြီးတော့ တောင်းပန်ထားရဦးမယ်'

'ဘာကိုလဲ'

'မင်းမှာ မိန်းမရှိတယ်ဆိုတဲ့အကြောင်းကို ပြောလိုက်မိတယ်'

'ဒါ အမှန်စကားပဲကွာ။ ဒါပေမဲ့ မမသိကွာကို ထိပါးရာကျသွားမလား'

'ငါ စဉ်းစားမိတာပေါ့ ရဲဖုန်းအောင်၊ ဒါပေမဲ့ ဒီစကားအပေါ်မှာ မမ ငါ့ကို နားလည်မှုရှိသွားတယ်။ မင်းကို ကရုဏာသက်သွားတယ်'

သူက စွေစောင်းကြည့်ပြီး-

'ကရုဏာသက်ရတဲ့အကြောင်းရင်းက…'

'ငါ့ကို မင်း စိတ်တော့မဆိုးနဲ့ကွာ။ မမ မမေးဘဲနဲ့ ငါ မင်းရဲ့အိမ်ထောင်ရေး အဆင်မပြေမှုတွေကို ပြောပြလိုက်မိတယ်။ ဆိုလိုချင်တာက ယောက္ခမနဲ့နေရတဲ့ မင်းရဲ့ဘဝ၊ မင်းကို မိန်းမနဲ့ ယောက္ခမက ငြိုငြင်တဲ့ကိစ္စ၊ စကားအဆုံးသတ်တော့ ဒါကြောင့် ကျုန်တော် မမကို ရဲဖုန်းအောင်အိမ်ကို လိုက်မပို့တာပါ၊ လိပ်စာကို မပေးတာပါဆိုတဲ့စကားနဲ့ မမနားလည်အောင် ရှင်းပြလိုက်တယ်။ မမမျက်နှာမှာ မင်းနဲ့ပတ်သက်ပြီး စိတ်မကောင်းတဲ့အရိပ်လက္ခဏာ အထင်းသားပေါ်

www.burmeseclassic.com



တယ် ရဲဖုန်းအောင်'

'ဖြစ်နိုင်ပါတယ်လေ၊ ငါက မမရဲ့ကားနဲ့ အနာတရဖြစ်ခဲ့ဖူးတော့ မမနှလုံးသားက ငါ့အပေါ် လှုဆန်နေမှာပေါ့'

'အာ… ငါ အိမ်မှာမေ့ကျန်ခဲ့တယ်'

'ဘာလဲကွ'

'မမက မင်းကို ဝတ်စုံတစ်စုံ လက်ဆောင်ပေးသွားတယ်'

'ဟာ… မင်း ဘာလို့ယူထားလိုက်တာလဲ တင်ရွှေချို'

'အတင်းပေးသွားတာ၊ ပြန်ရင်လိုက်ယူကွာ'

'ငါ သွားပြန်ပေးမယ်'

'မမလိပ်စာ မင်းသိလို့လား'

'မင်းကို ပေးမသွားဘူးလား'

တင်ရွှေချိုက ခေါင်းကို တဗျင်းဗျင်းကုပ်ပြီး-

'အေးကွာ… ငါမေးဖို့ကို သတိမရဘူး။ မမကလည်း သူ့နေရပ်လိပ်စာကို ပြောပြဖို့ မကြိုးစားတဲ့ပုံပါပဲကွာ'

သည့်အတွက် မမကို နားမလည်နိုင်မှုလည်း သူမဖြစ်။ နားလည်ကြည့်မိသည့် အာရုံအသိဝယ် မမ၏စာနာညာတာခြင်းများကို အထင်ရှားတွေ့နေရသည်။

❀ ❀ ❀



(၁၂)

သမီးမေမေကောဆိုသည့် အမေးစကားကို သမီးက မဖြေဘဲ သူ့ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေ၏။

သည်မျက်လုံးအကြည့်မှာ အဖေနှင့်အမေ ဖြစ်ပေါ်လာမည့် ပဋိပက္ခများအတွက် ပူပန်ကြောင့်ကျမှုများ သိုင်းဖွဲ့နေသည်ကို သူ သတိပြုမိ၏။

'သမီးတစ်ယောက်တည်း ကစားနေတာ မပျင်းဘူးလား သမီးရဲ့။ မေမေက သမီးနဲ့အတူ မကစားဘူးလား။ ကေန္တ သမီးမေမေ အိပ်နေတယ်ထင်တယ်'

ညနေနေ့ခင်းစအချိန်ပင်ဖြစ်ဖြစ် နေခြည်သည် နေ့လယ်ဘက် အလုပ်ပင်ပန်းထားလျှင် ညနေမှာ အိပ်ရာထဲတွင် လဲလျောင်းတတ်သည်ကို သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ သူပြန်လာချိန်ကလည်း စောသည်။

သူ သမီးကို ကောက်ယူပွေ့ဖို့ပြီး အိမ်ခန်းထဲသို့ လှမ်းဝင်မည်အပြုတွင် သမီးက–

'မေကြီးမရှိဘူး'

'မေမေ ဘယ်သွားမလို့လဲ သမီးရဲ့'

သမီးက မဖြေ။

သမီး၏ ဝိုင်းစက်နေသည့် မျက်လုံးသည် ပြောရန် စကားအတွက် ဝန်လေးနေပုံရသည်။

သမီးကို ထပ်မံမေးမည်အပြုမှာပင် တစ်ဖက်ခန်းမှ ခန်းစီးစ လှန့်ခနဲဖြစ်သွားပြီး မာမီ အခန်းထဲမှ ထွက်လာ၏။

'မင်းမိန်းမ သူ့အစ်မနဲ့ လိုက်သွားတယ်'

'ဘယ်ကိုလဲ မာမီ'

'ဘုရားကိုးဆူ'

အမေးကို တိုတောင်းစွာဖြေပြီး မာမီ အိပ်ခန်းထဲ ပြန်ဝင်သွား၏။

ညကိုးနာရီစွန်းစွန်းမှာ သမီး အိပ်ပျော်သွားသည်။

ခြင်ထောင်ကို အသာချပြီး သူ အခန်းထဲကထွက် တော့ ဧည့်ခန်းဆက်တီမှာ မာမီထိုင်နေသည်ကို တွေ့ရ၏။ အံ့ဩရသည်က သူ့ကိုမြင်သည်နှင့် မာမီမျက်နှာ ကွက်ခနဲပျက်





သွားခြင်းပင်။ တဆက်တည်းပင် မာမီသည် မျက်နှာကို တစ် ဖက်သို့ ဆတ်ခနဲလွှဲသွားသည်။

သူက–

'ဘယ်က ဘုရားကိုးဆူကိုသွားတာလဲ မာမီ၊ နေခြည် ကျွန်တော့်ကိုပြောမထားဘူး'

'သူ့အစ်မခေါ်လို့ လိုက်သွားတာ'

'မဟုတ်ဘူးလေ၊ ဘုရားကိုးဆူက ဒီအချိန်ပြန်ရောက် သင့်ပါပြီ'

'မင်းနှယ်ကွယ်… သူ့အစ်မတစ်ယောက်လုံး ပါသွား တဲ့ဟာပဲ'

'မိုးချုပ်တော့ သွားရေးလာရေးခက်နေမှာစိုးလို့ပါ'

'အိုး… ကြုံတဲ့ကားနဲ့ ပြန်လာကြမှာပေါ့'

ပြောပြီး မာမီက အခန်းထဲပြန်ဝင်သွား၏။

သူ ဧည့်ခန်းမှာ ခေါက်တုံ့လျှောက်ရင်း နံရံမှ နာရီကို လှမ်းကြည့်တော့ သုံးဆယ်နာရီတိတိ။

ပင့်သက်ကို ခပ်ကြမ်းကြမ်းအချမှာ အိမ်ရှေ့သို့ ကား ရပ်သံကြားသည်။

လှမ်းအကြည့်မှာ မှတ်သိနေသည့် ကား၏အရောင်နှင့် ကားပိုင်ရှင်မျက်နှာက ဒေါသကို လာရောက်ပုတ်နှိုးပါ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကျော်ဇင် အိမ်ပေါ်တက်ဦးလေ'

နေခြည်၏အသံ။

တကယ်ဆို ယင်းကဲ့သို့သော ဖိတ်ခေါ်မှုအပြုမူမျိုးကို နေခြည်၏အစ်မ ဝေရှည် လုပ်သင့်သည့်ကိစ္စ။

'မတက်တော့ဘူး နေခြည်၊ ညဥ့်လည်းနက်ပါပြီ။ ကဲ... ဝေရှည်ကော ကိုယ်သွားတော့မယ်'

'သင့်ခ်ယူ ကိုကျော်ဇင်၊ ကန်တော်ကြီးတစ်ပတ် လေညင်းခံလိုက်ရတာ စိတ်ကို အရမ်းကြည်လင်သွားတာပဲ'

ရယ်မောသည့်အသံနှင့်အတူ ကားစက်နှိုးသံကို သူကြားသည်။

ကားမောင်းထွက်သွားတော့ ညီအစ်မနှစ်ယောက် ရှင်ကလေးကော့ကော့နှင့် အိမ်ပေါ်တက်လာကြ၏။

'ဟင်... ကိုကို ပြန်ရောက်နေလား'

'နံရံကနာရီကို လှမ်းကြည့်လိုက်စမ်း နေခြည်'

နေခြည်က နာရီကိုပင်လှမ်းမကြည့်။

သူ့ကို မျက်စောင်းတစ်ချက်ဝင့်ပြီး အခန်းထဲသို့ ခပ်ဆတ်ဆတ်ကလေး ဝင်သွား၏။ သူ အခန်းထဲလိုက်ဝင်သည်။

'မမကြီးနဲ့ ဘုရားကိုးဆူလိုက်သွားတာ'

'ကောင်းပြီ... ငါ ဒါကို မဆွေးနွေးတော့ဘူး'





သူ့ခပ်ရဲရဲအကြည့်ကြောင့် နေခြည့်မျက်နှာ ပျက်နေ၏။

တဆက်တည်း သူ့ကို ရှောင်တိမ်းပြီး အခန်းအပြင် ပြန်ထွက်မည်လုပ်တော့ သူက နေခြည့်လက်မောင်းကို ဖမ်းဆုပ်ကိုင်လိုက်သည်။

နေခြည် သူ့ရှေ့သို့ ခပ်ယိုင်ယိုင်ကလေးပါလာ၏။

'တကယ်ကို တောက်ပြောင်နေတာပဲ။ ငါ့မိန်းမဝတ်တဲ့ဝတ်စုံရဲ့တန်ဖိုးက ဈေးမသေးဘူးဆိုတာ သာမန်လူတောင် ဆုံးဖြတ်လို့ရတယ်'

'ရှင် ဘာကိုရည်ရွယ်ပြောနေတာလဲ'

'သဘောမပေါက်ဘူးလား နေခြည်၊ ငါက ငါ့မိန်းမမှာ ဝတ်စုံဘယ်နှထည်ရှိတယ်။ ဘယ်လိုအရောင်အသွေးမျိုး ရှိတယ်ဆိုတာကို အလွတ်ကျက်မှတ်ထားတဲ့ ယောကျ်ားအမျိုးအစားကွ'

စကားကြောင့် နေခြည် တုန်တုန်လှုပ်လှုပ်ဖြစ်သွား၏။

သို့သော်လည်း နေခြည်က ချက်ချင်းဆိုသလိုပင် ရုပ်ဆိုးလှစွာ ပျက်ယွင်းသွားသည့် သူမ၏ကိုယ်ဟန်အနေအထားကို ပြင်သည်။ သူ့ကို စကားတုံ့ပြန်ရန် နေခြည့်နှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



ကလေး တွန့်အလှုပ်မှာ သူက–

'ဒါ မာမီဝယ်ပေးတာ။ ဒါမှမဟုတ် မမကြီးဝယ်ပေးတာဆိုတဲ့စကားမျိုးနဲ့တော့ ငါ့ပါးစပ်ကို လာမပိတ်နဲ့ နေခြည်။ မင်းအမေ၊ မင်းအစ်မ ကပ်စေးနဲတွေက မင်းကို ဒီလောက်အဖိုးတန်တဲ့ဝတ်စုံကို ဝယ်မပေးဘူး'

'ဒီမယ်… ရှင် အရက်မူးလာတာလား'

'ဟား… ဟား… ဒီစကားတွေကို မူးလို့ပြောနေတယ်များ မင်းထင်သလား နေခြည်။ ငါ နေ့တိုင်းအရက်သောက်နေရအောင် ငါ အရက်သမားမဟုတ်ဘူး။ ငါပြောတဲ့စကားတွေမှာ ခိုင်မာမှုဆိုတာ အမြဲရှိတယ်။ ဒီပါတိတ်ဝမ်းဆက်ကို ကျော်ဇင် ဝယ်ပေးတာ'

'ရှင် ကျွန်မကို မစွပ်စွဲနဲ့'

'ပြောပြီးပါပကော၊ ငါပြောတဲ့စကားတွေမှာ ခိုင်မာမှုအမြဲရှိတယ်ဆိုတာလေ။ မင်း ပိုပြီးရှင်းသွားအောင် စာလေးတစ်စောင်ကို ငါဖတ်ပြမယ်'

သူက အင်္ကျီအိတ်ထဲမှ ပန်းနုရောင်စာရွက်ခေါက်လေးကိုထုတ်ပြီး ခပ်ကြွမ်းကြွမ်းဖြန့်လိုက်၏။

'စာလေးက တိုတိုလေးပါ၊ အဓိပ္ပာယ်ကလည်း ရှင်းပါတယ်။ မင်းဖတ်ထားပြီးတဲ့စာကို ငါ ပြန်ဖတ်ပြမယ်၊ နား





ထောင်။ နေခြည်တဲ့… နေခြည့်အသားရေနဲ့လိုက်မယ့် ခရမ်းသွေးရောင်ပါတဲ့ ဝတ်စုံကို အပင်ပန်းခံရှာဝယ်ပြီး အမှတ်တရလက်ဆောင်ပေးလိုက်ပါတယ်တဲ့။ နေခြည့်ဘဝလေး ငြိမ်းချမ်းပါစေတဲ့။ ကိုကျော့်ကိုလည်း နားလည်ပါစေတဲ့။ ဟား… ဟား… သိပ်ထိမိတဲ့စာကွာ။ ပြောစမ်း… အောက်ကဆိုင်းက ကျော်ဇင်ရဲ့ဆိုင်းမဟုတ်ဘူးလို့ မင်း ငြောင်လိမ်ဦးမလို့လား'

'ရှင်… ရှင်… ကျွန်မသေတ္တာကို မွှေတယ်ပေါ့'

'ဟုတ်တယ်'

'ရှင် စည်းမရှိတဲ့လူ၊ အောက်တန်းကျတဲ့လူ'

'စည်း… ဟုတ်လား၊ အိပ်ခန်းထဲမှာ အတူနေတဲ့ လင်မယားမှာ စည်းဆိုတာရှိရလို့လားကွ'

'ဟော့… ဒီမယ် ရဲဖုန်းအောင်'

နောက်ပါးမှ ရောက်ရှိလာသည့်အသံကြောင့် သူ လှည့်ကြည့်လိုက်၏။

လက်နှစ်ဖက်ကို ခါးမှာတင်းတင်းထောက်ပြီး မိမိကို စိမ်းစိမ်းဖန့်ဖန့် ကြည့်နေသည့် မာမီ။

'ငါ့သမီးကို ဒီလို တန်ဖိုးရှိတဲ့ ထဘီ၊ အင်္ကျီ မင်းဝယ်ပေးနိုင်ဖို့ မပြောနဲ့၊ ခြောက်ပြားတစ်ပဲတန်တောင် မင်း ငါ့သမီးကို ဆင်နိုင်လို့လား။ ခု မောင်ကျော်ဇင်က လက်ဆောင်ပေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ့သမီးက ယူတယ်၊ အဲဒါ ကြီးလေးတဲ့အိမ်ထောင်ရေးအပြစ်လားကွဲ့'

'ဟုတ်တယ်၊ လင်သားရှိလျက်နဲ့ ကိုယ့်အပေါ်မရိုးသားတဲ့လူရဲ့ လက်ဆောင်ပစ္စည်းယူတာ အိမ်ထောင်သည်မိန်းမတစ်ယောက်ရဲ့ ကြီးလေးတဲ့ပြစ်မှုပဲ။ နောက်ပြီး စာထဲမှာပါတဲ့ ကိုကျော့်ကိုလည်း နားလည်နိုင်ပါစေဆိုတဲ့စကားဟာ ဘာစကားလဲ'

'ဒီမယ်… မင်း လျှာအရိုးမရှိတိုင်း ပြောမနေနဲ့။ လက်ဆောင်ကို မအေလုပ်တဲ့ ငါ့ရှေ့မှာပေးတာ။ ချောင်ကြို ချောင်ကြားမှာ ပေးတာမဟုတ်ဘူး'

'ခင်ဗျားတို့ဆင်ခြေတွေ ကျုပ် လက်မခံဘူး။ နေခြည် မင်းကိုယ်ပေါ်က အဝတ်အစားတွေ ချက်ချင်းချွတ်လိုက်စမ်း'

'မချွတ်ဘူး… မချွတ်ဘူး… ဘာလို့ချွတ်ရမှာလဲ'

'ငါ့ကိုအော်တယ် ဟုတ်လား'

သူ ဒေါသကို ထိန်းနိုင်စွမ်းမရှိ။

နေခြည့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ခပ်ဆတ်ဆတ်တွန်းလိုက်သည်။ နေခြည် အိပ်ရာပေါ် ဖင်ထိုင်ကျသွား၏။

'ဟင်… နင်က ငါ့သမီးကို ကိုယ်ထိလက်ရောက်လုပ်တယ် ဟုတ်လား၊ ခွေးထက်မိုက်မဲတဲ့ကောင်၊ ကျေးဇူး



တရားမသိတတ်တဲ့ကောင်၊ ဆင်း… ငါ့အိမ်ပေါ်ကဆင်း'

'ဒါတွေကို ကျုပ် ကြိုတွက်ပြီးသား။ ခင်ဗျား မနှင်ခင်ကတည်းက ဆင်းဖို့ကို ကျုပ် ဆုံးဖြတ်ပြီးသား။ ဒါပေမဲ့ ကျုပ်တစ်ယောက်တည်းတော့ မဆင်းဘူး'

'ဘာလဲ နင်က ငါ့သမီးကို ခေါ်သွားမလို့လား။ နင်လိုအကောင်လက်ထဲ ထည့်လိုက်ရင် ငါ့သမီး အငတ်တိုင်းပြည်ကို ရောက်မယ်။ မင်း ငါ့သမီးကိုခေါ်သွားဖို့ လုံးဝမကြိုးစားနဲ့'

'ဟား… ဟား… ဒီထက်မက အော်ရယ်လိုက်ရင် ကမ္ဘာကြီး ဟက်တက်ကွဲသွားမယ် နားလည်လား။ ခင်ဗျားသမီးကို အခုမှဆွဲခေါ်မှာကို လုံးဝမပူနဲ့။ လင်သားအပေါ်မှာ သစ္စာမရှိတဲ့မိန်းမကို ဆွဲလည်းမခေါ်ဘူး။ ဒါပေမဲ့…'

သူ စကားဖြတ်ပြီး ခြင်ထောင်ထဲမှာ အိပ်မောကျနေသည့် သမီးကို ဆွဲပွေ့ယူလိုက်၏။

'ကျုပ်သမီးကို ကျုပ်ခေါ်သွားမယ်။ ဖြူစင်တဲ့ သမီးရဲ့စိတ်ဓာတ်မှာ သူ့အမေရဲ့ ယုတ်ညံ့တဲ့စိတ်ဓာတ်မျိုးတွေ အရောမခံနိုင်ဘူး'

'ချထားလိုက်စမ်း၊ မင်း ငါ့မြေးကို ခေါ်သွားစရာမလိုဘူး၊ မင်း အညာကိုမကိုင်နဲ့ ရဲဖုန်းအောင်'

သူ ခပ်သဲ့သဲ့အပြုံးမှာ နေခြည်က–

www.burmeseclassic.com

www.burmeseclassic.com



'လွှတ်ပေးလိုက်စမ်းပါ မာမီ၊

'မိုက်ရိုင်းတဲ့ကောင်မ'

နေခြည်ကို စက်ဆုပ်ရွံရှာစွာကြည့်ပြီး သူ ကိုယ်ကို ချာခနဲလှည့်ထွက်လိုက်သည်။

သမီးကို တင်းကျပ်စွာဖက်ပြီး အိမ်ပေါ်ကအဆင်းမှာ စူးရှနာကျင်သော ဝေဒနာသည် သူ့ရင်မှာ ငြိပါလာခဲ့ပါ၏။

❀ ❀ ❀

(၁၃)

သူပြောပြသည်များကို နားထောင်ပြီး တင်ရွှေချိုက စိတ်မသက်မသာဟန်နှင့် ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာသည်။

'နေခြည် မိုက်ရိုင်းတာလည်း မိုက်ရိုင်းတာပေါ့။ ဒါပေမဲ့ ကိုကျော်ဇင်ပေးတဲ့ လက်ဆောင်နဲ့ပတ်သက်ပြီး ဖြစ်တာတော့ မင်းဘက်က စိတ်ဓာတ်သိမ်သလို ဖြစ်မနေဘူးလား ရဲဖုန်းအောင်'

'ငါ အဲသလောက်ထိ အတွေးအခေါ် မနိမ့်ပါးပါဘူး တင်ရွှေချို၊ လူမှုဆက်ဆံရေးမှာ ခင်မင်တဲ့အလျောက် လေးစားတဲ့အလျောက် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် လက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးတတ်ကြတာ လူ့သဘာဝထက် လူ့ယဉ်ကျေးမှုတစ်ခုပါ။ ဒါပေမဲ့ ကျော်ဇင်နဲ့ နေခြည်ဆက်ဆံရေးက လူမှုဆက်ဆံရေးမဟုတ်ဘူး။ လူမှုရေးဖောက်ပြန်ရေး ဖြစ်နေတယ်'

'ဟုတ်လို့လား'

နံနက်ခင်း နေရောင်က မြင့်တက်လာ၏။

သူက အကြမ်းပန်းကန်ထဲသို့ ရေနွေးကို ငှဲ့လိုက်သည်။ အဖန်ရည်ကို တစ်ငုံမော့သောက်လိုက်၏။

ပြီး စားပွဲပေါ်မှ ဆေးပေါ့လိပ်တစ်လိပ်ကို ဆွဲယူပြီး ဆေးလိပ်ဖင်ကို စားပွဲနှင့် ခပ်ဆတ်ဆတ်ကလေး ဆောင့်လိုက်သည်။

'ငါ့ကို အသိမိတ်ဆွေတွေက ပြောတယ်၊ ငါ အထဲဝင်နေတုန်း နေခြည်နဲ့ ကျော်ဇင် နေတာထိုင်တာ ကိစ္စပေါ့ကွာ။ ဒါပေမဲ့ ကြားစကားနဲ့ ငါမယုံပါဘူး။ ငါ လုံးဝယုံကြည်လိုက်တဲ့အပိုင်းက ပြဿနာဖြစ်တဲ့နေ့မှာပဲ ကျော်ဇင်က သူ့ကိုပေးတဲ့စာတွေ အကုန်မိတယ်'

'ဟင်...'

'မင်း အရမ်းတုန်လှုပ်သွားတယ်မို့လား။ အဲဒီစာတွေဖတ်နေတဲ့အချိန်မှာ ငါ့ဒေါသတွေ ဘယ်လောက်ဆူပွက်နေမယ်ဆိုတာ မင်းစဉ်းစားကြည့်စမ်း တင်ရွှေချို။ ဒါပေမဲ့ ငါ့စိတ်ကို



ထိန်းတယ်။ နေခြည်ပြန်ရောက်တော့ မရိုးသားတဲ့ စာတွေနဲ့ ပတ်သက်ပြီး ငါ တစ်ခွန်းမှမပြောဘူး။ နေခြည့်ကို ကျော်ဇင်က လက်ဆောင်ပေးတဲ့ဘူးနဲ့အတူ ရေးပေးလိုက်တဲ့ စာလောက်ကိုသာ ငါ ဖတ်ပြလိုက်တယ်'

'နေခြည် ဝန်ခံရဲ့လား'

'ငါကလည်း ဝန်မခံနိုင်းပါဘူး။ အကြောင်းအရာက ရှင်းနေတာပဲဟာ။ နောက်တော့ သူ ငါ့အပေါ်သုံးတဲ့စကားလုံးတွေပေါ့ကွာ။ ငါ အံကြိတ်ပြီး သမီးကို ပွေ့ချီဆင်းလာတာ'

ဆေးလိပ်ငွေ့ကို တစ်ချက်ရှိုက်ပြီး အဆုပ်တွင်းမှ ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်သည်။

အိမ်ထောင်ရေးတစ်ခု၏ အခြေမနိုင်မှုထက် ဖောက်ပြန်မှုကို ရင်မှာ ပိုလို့နာကျင်သည်။

ချစ်သူဘဝတုန်းက သည်လိုအရေးကိစ္စမျိုးဆိုတာဖြစ်ပေါ်လာလိမ့်မည်ဟု ဘယ်လိုမှ မျှော်လင့်မထားခဲ့သည့်ကိစ္စ။

သံသယကို ချေဖျက်နိုင်စွမ်းသော်လည်း လက်တွေ့ကိုမူ အသည်းနှလုံးက ဘယ်လိုမှခွင့်လွှတ်မရခဲ့ချေ။ နာကျင်မှုထက် စက်ဆုပ်ရွံရှာမှုက ပို၍ကဲနေလေ၏။

'မင်းတို့လင်မယားကြားမှာ ကလေးက ဒုက္ခပါပဲကွာ။ မီးငယ်ကို အတင်းဆွဲခေါ်လာတော့ နေခြည်က မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး နပန်းမလုံးဘူးလား'

'သားသမီးဆိုတာ လင်ထပ်ယူလိုက်ရင် ရတယ်လို့ ပြောတဲ့ မိန်းမကွာ'

'ဒါကတော့ သူ ဒေါသအလျောက်ပြောတာ ဖြစ်မှာပေါ့ ရဲဖုန်းအောင်ရာ။ မင်း စဉ်းစားပါဦးကွာ။ သူ့သမီးကို သူ သံယောဇဉ်ကြီးမှာပါကွာ'

'ငါ သူ့နှလုံးသားကို မယုံဘူး'

'မဖြစ်နိုင်တာ ရဲဖုန်းအောင်ရာ။ သူက လွယ်ပြီးမွေးလာရတဲ့ အမေပါကွ'

'ဟ… ဝမ်းနဲ့လွယ်မွေးတိုင်း အချစ်ကြီး မေတ္တာကြီးနေရင် အမှိုက်ပုံမှာ၊ ရေမြောင်းနံဘေးမှာ ကလေးတစ်ယောက် လာစွန့်သွားခြင်းဆိုတဲ့ သတင်းကို သတင်းစာ၊ ဂျာနယ်တွေမှာ တို့ ကြားရ တွေ့ရမှာတောင် မဟုတ်ဘူး။ မင်း မသိပါဘူး တင်ရွှေချိုရာ။ ခုတလော နေခြည်က သိပ်ဝတ်ချင် သိပ်လှချင် ~~နေတာ။ မင်း သဘောပေါက်မှာပါ။ အိမ်ထောင်သည်မိန်းမ~~ တစ်ယောက် သိပ်လှချင်ပြီဆိုရင် ဖောက်ပြန်နေလို့ပဲ'

တင်ရွှေချိုက သူ့ကို မျက်လုံးလှန်ကြည့်၏။

နေခြည့်အတွက်တော့ သည်စကားရပ်သည် အမုန်းကန်ဆုံးနှင့် အသေချာဆုံးစကားဖြစ်ပါ၏။





'ခု မီးငယ်ကို မင်း ဘယ်မှာသွားထားလဲ'

'ကြည့်မြင်တိုင်မှာ၊ မမကြီးနဲ့ မမလတ်က အပျိုကြီးတွေဆိုတော့ သမီးအတွက် အစစအရာရာ အဆင်ပြေတယ် တင်ရွှေချို။ ပထမ သမီး ရှယ်တူအဖော်ရအောင် မမလေးဆီ ပို့မလို့ဘဲ။ ဒါပေမဲ့ မမလေးတို့ သိပ်အချောင်လည့်ကြီးမဟုတ်ဘူး။ သမီးအတွက် သူတို့မှာ ဝန်ပိုသွားမှာကိုလည်း ငါ စိုးရိမ်တယ်'

'မမကြီးနဲ့ မမလတ်ကတော့ မင်းမိန်းမကို ကြည့်ရတာ မဟုတ်ဘူး'

'ဟုတ်တယ်၊ သမီးကို ပို့ထားတော့ မင်းမိန်းမနဲ့ ရှင်းရှင်းပြတ်ပြတ်ဖြစ်ပြီလားတဲ့။ ကလေးကို တို့လက်ထဲက လာခေါ်ရင် တို့နဲ့ ပြဿနာကြီးထွားမယ်ဆိုတာလည်း မင်း စဉ်းစားမိရဲ့လားတဲ့။ ငါတော့ လတ်တလောအရေးမှာ ရှင်းပြီလို့ ခေါင်းညိတ်လိုက်တယ်။ ကိုယ့်အစ်မ အပျိုကြီးတွေ အကြောင်းသိတော့ ခေါင်းကိုညိတ်ပြီး လတ်တလောပြဿနာကို ဖြေရှင်းလိုက်တယ်ကွာ'

'မီးငယ် နေကောနေရဲ့လား'

'နေပါတယ်၊ သမီးက ငါ့ကို သိပ်ချစ်တာ။ အိမ်မှာဆို သူ့အမေဆီ သိပ်ကပ်တာမှမဟုတ်တာ။ နေခြည်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပြင်ဖို့လောက် အချိန်ကိုသာ အပြည့်အဝပေးနေတာ။ ကလေးနဲ့ တံယုတယနေတာမှ မဟုတ်ဘဲ'

'အင်း... တရားခံကတော့ နေခြည့်အမေနဲ့ အစ်မပဲ။ တကယ်ဆို ကိုကျော်ဇင်နဲ့ သွားသွားလာလာဖြစ်နေတာကို သူတို့ ဆုံးမရမှာပေါ့။ ခုတော့ သူတို့ကိုယ်တိုင်က လိုလိုလားလားဖြစ်နေတာ'

သူက လက်ညှိုးနှင့်လက်မကို ဝိုင်းပြပြီး-

'ငွေလေ၊ ကျော်ဇင်က ကျနိုင်တယ်။ သူတို့က ငွေနဲ့ လက်ဆောင်ကို မက်မောတယ်။ ဒါပေမဲ့ပေါ့ကွာ၊ သူ့အမေနဲ့ အစ်မ ဘယ်လိုပဲ လိုလိုလားလားဖြစ်နေပါစေ၊ ကာယကံရှင်က သစ္စာစောင့်ထိန်းရမှာပေါ့။ သူစိမ်းယောကျာ်းနဲ့ အတူနေတာ မနေတာကို ဘေးဖယ်ထားလိုက်ဦး။ စိတ်ညွှတ်မှုရှိတာကိုက အိမ်ထောင်သည်မိန်းတစ်ယောက်ရဲ့ ဖောက်ပြန်မှုပဲ'

နေခြည်နှင့်ပတ်သက်ပြီး သည့်ထက်ပြောအပ်သည့် စကားအကြောင်းအရာ မရှိတော့။

လမ်းကြောင်းလွှဲ အခြားစကားတွေပြောပြီး တင်ရွှေချိုနှင့် လူချင်းခွဲတော့ နေက မွန်းတည့်လုလောက်ဖြစ်နေပြီ။

❀ ❀ ❀



## (၁၄)

မကြားချင်သော်လည်း စိတ်ဝင်တစားဖြစ်မိသည့်စကား ဖြစ်သည်။

တန်ဖိုးထားစဉ်ကဆိုလျှင် သည်စကားသည် နှလုံးသားကို မည်မျှပူပြင်း လောင်ကျွမ်းစေလိုက်မည်လဲ။

ယခုမူ သိထားရုံ၊ သိထားမှုကလွဲပြီး စိတ်မှာ ဘာမှတော့ ထူးခြားစွာမဖြစ်မိ။

ဆုံးဖြတ်ထားပြီးသည်မို့လည်း နှလုံးသားသည် နိုင်ကြည်၍နေ၏။

'ငါကတော့ ကိုယ့်သူငယ်ချင်းကိုယ်စား အရှမ်းခံပြင်းတာပေါ့ကွာ။ တစ်ယောက်နဲ့ တစ်ယောက် ပြတ်ပြတ်သားသား



www.burmeseclassic.com

www.burmeseclassic.com



စာဖွဲ့ ပေဖွဲ့ ကွာရှင်းကြသေးတာမှမဟုတ်ဘဲ။ နေခြည် အဲသလောက် ရဲတင်းဖို့မကောင်းပါဘူး'

နေခြည်နှင့် ကျော်ဇင် သမ္မတရပ်ရှင်ရုံမှအထွက်တွင် အောင်ထိုက်နှင့် တန်းတိုးခဲ့သည့်အဖြစ်။

အောင်ထိုက်ကိုမြင်တော့ နေခြည်က ခေါင်းကို ဆတ် ခနဲမော့ပစ်လိုက်သည့်အကြောင်းလည်း ပါသည်။

'နောက်ပြီး မင်းကိုယ်စား အရှမ်းခံခက်တဲ့ကိစ္စတစ်ခု ပြောချင်သေးတယ်'

သူက မျက်နှာကိုမော့ကြည့်သည်။

မွန်းတည့်နေ၏ အပူရှောင်က လမ်းမပေါ် ခြေချစ စရာမရှိ။

စားပွဲထိုးကောင်လေးက အကြမ်းအိုးကို မ,ကြည့်ပြီး အကြမ်းရည် ဖြည့်ထားသည့်အိုးနှင့် လဲပေး၏။ မှာယူသော ထားသည့် လက်ဖက်ရည်နှစ်ခွက်က ထက်ဝက်ပင်ကျိုးနေပြီ

'ဆယ့်ကိုးလမ်းက ကျော်ဇင်တိုက်ခန်းမှာ နေခြည့်ကို အမြဲလိုလို ငါတွေ့တယ် ရဲဖုန်းအောင်'

'ငါ သူနဲ့ပတ်သက်လို့ အဆုံးစွန်တွက်ထားပြီးပြီ'

'တွက်ထားတာတော့ တွက်ထားတာပေါ့ကွာ။ သင် ခန်းစာလေးတစ်ခုကိုတော့ မှတ်မှတ်ရရပေးလိုက်ဖို့ လိုတယ်'





'ဘယ်လိုသင်ခန်းစာလဲ'

'ရပ်ကွက်ကို အကြောင်းကြားပြီး ဆိုင်ရာနဲ့ တက်ဖမ်း မယ်ကွာ။ မယားခိုးမှုနဲ့ ကျော်ဇင်ကို ထောင်ချပစ်မယ်'

'ဟား... ဟား... ငါ့ကိုယ်စား မင်း အရှမ်းခံစား နေရပါလား အောင်ထိုက်ရာ။ အရှက်မဲ့တဲ့ မိန်းမတစ်ယောက် အတွက် အရှက်နည်းတဲ့အလုပ်ကို ငါက ထပ်လုပ်ရမှာလား။ နေခြည်နဲ့ ပတ်သက်သမျှ ငါ့ရင်မှာ ဗလာဖြစ်နေပြီ။ မရှိတော့ တဲ့သူတစ်ယောက်အတွက် ပတ်သက်စရာအကြောင်းလည်း ဘာမှမရှိတော့ဘူး'

အောင်ထိုက် အံတကြိတ်ကြိတ်လုပ်နေသည်ကိုတော့ သူ မြင်သည်။

'စိတ်ကို လျှော့လိုက်စမ်းပါ အောင်ထိုက်ရာ'

'မင်း တော်တော်ကို သည်းခံနိုင်တဲ့ကောင်ပဲ'

'ဘယ်မှာသည်းခံလို့လဲ'

'ခုကိစ္စလေ'

'သည်းမခံနိုင်လို့ လမ်းခွဲခဲ့ပြီးပြီပဲကွာ။ ဒီနေရာမှာ ငါက ကျော်ဇင်ကို ရင်ဆိုင်တွေ့ပြီး ငါ့မိန်းမကို ကြာကူလီ လိုက်တဲ့ကောင်ပဲဆိုပြီး တုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်နေဖို့ မလိုဘူး အောင်ထိုက်။ တုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်တယ်

www.burmeseclassic.com



ဆိုတာ အသုံးမကျတဲ့ သစ္စာမရှိတဲ့မိန်းမကို မပြတ်နိုင်၊ မစွန့်လွှတ်နိုင်တဲ့ ယောကျ်ားတွေရဲ့ အလုပ်ကွ'

'ဒါဖြင့် မင်း နေခြည့်ကို တကယ်စွန့်လွှတ်နိုင်ပြီပေါ့'

'ငါ အလုပ်တစ်ခုလုပ်ရင် ဆုံးဖြတ်ချက်အမြဲရှိတယ်ဆိုတာ မင်း သိပါတယ်'

အောင်ထိုက် ပင့်သက်ရှည်ကြီးချတာ သူမြင်သည်။

ဆုံးဖြတ်ချက်၏ နောက်ပိုင်းတွင် နေခြည်၏အခန်းကဏ္ဍသည် ရင်ထဲမှာ ဘာမှမရှိတော့။ သမီးလေးသာလျှင် မိမိဘဝ၏ စိမ့်ရေ စမ်းရေတစ်ပေါက်ဖြစ်သည်ကိုသာ ကိုယ့်နှလုံးသားက နားလည်ထား၏။

'တစ်ခုပဲ စိုးရိမ်နေတယ်'

'ဘာကိုလဲ ရဲဖုန်းအောင်'

'သမီးလေးမှာ မအေလို ယုတ်ညံ့တဲ့ စိတ်ဓာတ်မျိုးတွေပါနေမှာ အစိုးရိမ်ဆုံးပဲ'

'မီးငယ်က မင်းစိတ်ဓာတ်မျိုးပါ။ သူ့အရွယ် သူ့အသိနဲ့ သူ့အမေရဲ့လုပ်ရပ်တွေကို ဘယ်မှာလက်ခံနိုင်လို့လဲ။ မင်းနဲ့နေတဲ့အချိန်တွေမှာ သူ့အမေကို မေးဖူးလို့လား'

'မမေးဘူး'

'သူကြီးကြီးတွေရဲ့ အရိပ်အောက်မှာ သူ ပျော်နေတယ်မို့လား'





'သမီး မျက်နှာတစ်ချက်မညိုးဘူး အောင်ထိုက်'

'ဒါ သူ့အမေကို မင်းလိုပဲ နာကြည်းတယ်ဆိုတဲ့ သဘောလက္ခဏာတွေပဲ'

သည်စကားကို သူငယ်ချင်းတွေထံက သူအကြားချင်ဆုံးဖြစ်သည်။ သူ တောက်တောက်ပပ ပြုံးနေဆဲမှာ–

'ဟော… ဟိုမှာ ချစ်လှ သုတ်သုတ်နဲ့'

လှည့်ကြည့်တော့ ချစ်လှ ဆိုင်ထဲသို့ ခပ်သွက်သွက်ကလေး ဝင်လာ၏။

'တွေ့မှတွေ့ပါ့မလားလို့ ပူလိုက်ရတာ ရဲဖုန်းအောင်ရာ'

ချစ်လှမှာ ပြောစရာစကားတွေ ပါလာသည်ကို စိတ်က သိလိုက်၏။

❀ ❀ ❀

ချစ်လှစကားမဆုံးခင်မှာပင် အောင်ထိုက်က ဝမ်းသာအားရ အော်သည်။

'မင်္ဂလာသတင်းကွာ၊ ရဲဖုန်းအောင်အတွက် တကယ့်ကို မင်္ဂလာသတင်းပဲ'

'အမှန်ပေါ့ အောင်ထိုက်ရာ၊ ဒါ အဲဒီမင်္ဂလာသတင်းတိုပြောချင်လွန်းလို့ ရဲဖုန်းအောင်ကို လိုက်ရှာတာ။ ၃၇ လမ်း

www.burmeseclassic.com



က ခရားကြီးကိုတောင် ရောက်ခဲ့သေးတယ်'

သူငယ်ချင်းတွေပျော်သလို သူ့ရင်မှာ သိမ့်သိမ့်ကလေး ခုန်နေ၏။ ကိုယ့်ကိုကိုယ် အိပ်မက်များလားဟုလည်း သူ ခံစားနေရသည်။ အိပ်မက်ဆိုရင်တောင် သူ့အတွက် ပျော်စရာ အိပ်မက်ကလေးပါပဲ။

'မဂ္ဂဇင်းက မမခင်သူဇာရဲ့အမည်နဲ့ ရထားတာ။ မမ ခင်သူဇာက အပျိုကြီးဖြစ်ပေမယ့် မထုံဘူး၊ မထိုင်းဘူး ရဲဖုန်း အောင်။ ထက်တယ်၊ တိကျတယ်၊ ပြတ်သားတယ်။ ဦးလေးပါ က မမခင်သူဇာရဲ့ အမေရဲ့မောင်။ မဂ္ဂဇင်းနဲ့ပတ်သက်တဲ့ ပြင်ပဆက်သွယ်ရေး တာဝန်အားလုံးကို ဦးလေးပါက ယူသွား မှာ။ အုပ်ချုပ်ရေးမှူးကတော့ ဒေါ်ခင်သူဇာပေါ့ကွာ'

စကားအားလုံးသည် နားမှာ ချိုမြနေ၏။

မိမိကိုင်ရမည့် 'ပန်းအလှ' မဂ္ဂဇင်းကို စိတ်အတွေးနှင့် ရုပ်လုံးကြွစေလိုက်သည်။

သည့်နောက်-

တာဝန်ခံ စာတည်းတစ်ယောက်၏အရည်အချင်းများ။ ဒါတော့ သူ ကိုယ့်ကိုယ်ကိုယုံပါ၏။

'ဒေါ်ခင်သူဇာက ဘယ်လိုပုံလဲ'

'မသိဘူးကွ၊ ငါလည်း မမြင်ဖူးဘူး'



'ဟင်… မင်းဟာကလည်း မင်းနဲ့ပဲ ရင်းနှီးသလို သိဖူးသလိုနဲ့'

'ရင်းနှီးခင်မင်တာကိုက ဦးလေးပါနဲ့ကွ။ ဦးလေးပါ က သူ့တူမရဲ့လူယုံ၊ ဦးလေးပါပြီးရင် အားလုံးပြီးတယ် ရဲဖုန်း အောင်။ ဦးလေးပါကလည်း သူတို့ ရထားတဲ့မဂ္ဂဇင်းနဲ့ ပတ် သက်ပြီး အရည်အချင်းနဲ့ အတွေ့အကြုံရှိတဲ့ တာဝန်ခံအယ်ဒီ တာတစ်ယောက် လိုချင်တာ။ မင်းအကြောင်းကို ပြောပြတော့ ဦးလေးပါ အတော်ကို ဝမ်းသာအားရဖြစ်နေတာကွ'

ပေးမည့်လစာက လေးသောင်း။

ရရှိမည့်လစာက အကြောင်းမဟုတ်။ သူတို့လုပ်ငန်း သဘောကို နားလည်ပါ့မလားဆိုသည့်အတွေးက ခေါင်းထဲဝင် လာ၏။

ချစ်လှုပြောခဲ့သည့် စကားများမှာတော့ ဒေါ်ခင်သူဇာ က မဂ္ဂဇင်းလုပ်ငန်းကို ဝါသနာပါသည်။ စီးပွားဖြစ်ဖို့ထက် သူ့လုပ်ချင်တာ လုပ်ရတာကို ကျေနပ်တတ်သူဟု သိထား၏။

'မင်း ဝမ်းမသာဘူးလား ရဲဖုန်းအောင်'

'ဘယ်လိုမေးလိုက်တာလဲ ချစ်လှုရာ၊ ငါ ဝါသနာ အပါဆုံး၊ အလုပ်ချင်ဆုံးအလုပ်ကို လုပ်ရမှာမို့ မင်း အားတက် သရောပြောတဲ့ လစာကို ငါ အလေးတောင်မထားမိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ယုံတယ်ကွာ၊ ဒီတော့ နက်ဖြန်မနက် ဆယ်နာရီ ဒီမှာ မင်းနဲ့ ငါ ဆုံမယ်။ ပြီးတော့ ဦးလေးပါဆီသွားမယ်'

'မဂ္ဂဇင်းတိုက်က…'

'ဗိုလ်ဆွန်ပက်လမ်းမှာ'

အိမ်ကိုပြန်တော့ ခြေလှမ်းတွေ သွက်နေ၏။

နက်ဖြန်အရေးကို သမီးကို ပြောပြရမည်။

သမီးကတော့ ဘာရယ်မသိဘဲ ဖအေ့မျက်နှာပြုံးနေသည်ကိုကြည့်ပြီး ပျော်နေရှာလိမ့်မည်။

❀ ❀ ❀

(၁၅)

သူ့စကားကို ဦးလေးပါက သဘောကျစွာ ရယ်၏။

ချစ်လူက သူပြောသည့်စကားအတွက် ဦးလေးပါကို အားနာနေပုံရသည်။

'မဂ္ဂဇင်းအတွက် ဘယ်လောက်အရှုံးခံနိုင်သလဲ ဟုတ်လား။ အဲဒီစကားကို ကိုယ်အဖြေမပေးဘူး။ ဒါပေမဲ့ မောင်ဖုန်းကို အမေးတစ်ခုပြုချင်တယ်'

ချစ်လူ စတင်မိတ်ဆက်ပေးချိန်ကတည်းက ဦးလေးပါက သူ့ကို မောင်ဖုန်းဟုခေါ်သည်။

ပြီးတော့ စကားပြောလျှင် သူ့ကိုယ်ကို 'ကိုယ်'ဟု သုံးပြီးပြောတတ်သည့်ဟန်က ဦးလေးပါ၏ ချစ်စရာဆက်ဆံမှုတစ်ခုဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'မဂ္ဂဇင်းနဲ့ပတ်သက်ပြီး မောင်ဖုန်း ဘယ်လောက်သုံးချင်သလဲ၊ ဖြုန်းချင်သလဲ'

ဦးလေးပါ မျက်နှာကို သူ တအံ့တသြလှမ်းကြည့်သည်။

သည်လို အမေးစကားမျိုးကို သူ့အသက်မှာ သည်တစ်ခါသာ ကြားဖူး၏။

ဦးလေးပါက ခပ်မြိန့်မြိန့်ပြုံးရင်း-

'ဒီလိုမေးတာ မောင်ဖုန်းကို 'ရို'တာမဟုတ်ဘူးနော်။ လုပ်တဲ့ကိုင်တဲ့ နေရာမှာ မောင်ဖုန်း စိတ်ကျဉ်းကျပ်မှုမရှိအောင် လမ်းကိုဖွင့်ပေးလိုက်တာ။ မောင်ဖုန်း ကိုယ်တို့ကို တစ်ခုတော့ နားလည်ပေး။ မဂ္ဂဇင်းကို မြတ်စွန်းဖို့ထက် ပါသနာပါလို့လုပ်တာ။ အောင်မြင်တိုးတက်ရင်တော့ ပိုပြီးပျော်ရွှင်ကြရတာပေါ့ မောင်ဖုန်းရာ'

မေးခဲ့မိသည့်စကားကို သူ ပြန်အားနာသွားရသည်။

သည့်နောက် စကားကို လမ်းကြောင်းလွှဲပြီး မဂ္ဂဇင်းကိစ္စများ ဆွေးနွေးသည်။

အခန်း၏အကျယ်အဝန်းကိုလိုက်ပြီး စားပွဲ၊ ကုလားထိုင်ချထားမှုကို ဦးစွာစီစဉ်၏။

အုပ်ချုပ်ရေးမှူးအတွက် စားပွဲကို အခန်းအလယ်တည့်တည့်မှာချပြီး တာဝန်ခံအယ်ဒီတာ၏စားပွဲကို အုပ်ချုပ်ရေးမှူး၏စားပွဲနံဘေးမှာ နေရာယူလိုက်၏။

ရှေ့တည့်တည့်မှာတော့ ဦးလေးပါ၏ အလုပ်စားပွဲကို ထားသည်။

'မောင်ဖုန်း'

'ပြောပါ ဦးလေး'

'မဂ္ဂဇင်းတိုက် ဖွင့်ပွဲလုပ်ရင် ကောင်းမလား'

'မလုပ်ချင်ဘူး ဦးလေးပါ'

'ဘာဖြစ်လို့လဲ'

'ကြိတ်ပြီးလုပ်ချင်တယ်။ စာအုပ်ထွက်ဖို့ အသင့်ဖြစ်ပြီး သတင်းစာတို့၊ မဂ္ဂဇင်းတို့မှာ အခန့်ကြော်ငြာတော့မှ ပရိသတ်ကို အံ့အားသင့်စေချင်တယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ သတင်းပါရုံလောက်နဲ့တော့ ခြေအရှုပ်မခံချင်ဘူး ဦးလေးပါ။ နောက်ပြီး သတင်းသမားဆိုတဲ့ ခပ်ယောင်ယောင်ကောင်တွေကို ကျွန်တော် မယုံဘူး'

ဦးလေးပါက မျက်လုံးလှန်ကြည့်၏။

ချစ်လူကတော့ ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသည်။

'သတင်းကြောင့် ဂုဏ်တက်တာလည်းရှိတယ်၊ ဂုဏ်







www.burmeseclassic.com

www.burmeseclassic.com



ပျက်တာလည်းရှိတယ်။ ခု သတင်းတွေက များသောအားဖြင့် ပုဂ္ဂိုလ်ရေးအစွဲတွေနဲ့ ကြော်ငြာသဘောမျိုး ထည့်ပေးနေတာ။ သတင်းမှမဟုတ်ဘဲ။ ကျွန်တော်ကိုင်တဲ့ မဂ္ဂဇင်းမှာ ကိုယ့်လူကိုယ်ပင့်တဲ့ သတင်းမျိုးကို လုံးဝ မပါစေရဘူး'

'ကြိုက်ပြီကွာ။ မောင်ဖုန်းနဲ့ ကိုယ်နဲ့ကတော့ အယူအဆတွေ ခပ်ဆင်ဆင်တူနေပြီ။ ကဲ… နားဦး မောင်ဖုန်းရေ။ မောင်ဖုန်းကို တစ်လစာ ကြိုပေးမယ်နော်။ ကိုယ်တို့ မဂ္ဂဇင်းကတော့ ဒီနေ့ကစပြီး အလုပ်လုပ်ပြီ'

ညနေဘက်မှာ အောင်ထိုက် မဂ္ဂဇင်းတိုက်သို့ ရောက်လာ၏။

ညနေစာကို ဦးလေးပါက အမှတ်တရအဖြစ် မြို့ပြင်ထွက်၍ အကောင်းဆုံး စားသောက်ဆိုင်တစ်ခုမှာ ကျွေးသည်။

အပြန်မှာ ဦးလေးပါကို မေးချင်တာ တစ်ခုတော့ မေးဖြစ်ပါ၏။

'ဒေါ်ခင်သူဇာကို အရိပ်အယောင်လေးတောင် မမြင်ရသေးပါလား ဦးလေးပါ'

ဦးလေးပါက ရယ်ပြီး–

'အုပ်ချုပ်ရေးမှူးကြီး ခရီးရှည်ထွက်သွားတယ် မောင်ဖုန်းရ'





ဒေါ်ခင်သူဇာအကြောင်း ဆက်မမေးဖြစ်တော့ပေ။ သည်မျှလောက်ပဲ သူ သိသင့်သည်ဟု ထင်သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း - နှစ်

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

အမှတ်သုံးမှာ မဂ္ဂဇင်း၏ လှုပ်ခတ်မှုအခြေအနေက သိသိသာသာဖြစ်လာ၏။

စောင်ရေအနည်းငယ် မလောက်မငဖြစ်သွားသည်ကို ဦးလေးပါက ကျေနပ်လို့မဆုံး။

မဂ္ဂဇင်းဖြန့်ပြီး စားပွဲမှာ ခြေပစ်လက်ပစ်ဖြစ်တော့ ဦးလေးပါက သူ့လက်ကိုဆွဲယူပြီး ဖျစ်ညှစ်သည်။

'အောင်ပွဲပဲကွာ၊ တကယ့်ကို အောင်ပွဲပါပဲ'

ဦးလေးပါ ပျော်နေ၏။ တက်ကြွနေ၏။

ပန်းအလှ ဝိုင်းတော်သားများ၏ အပြုံးကလည်း တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဖုန်း မင်းအရည်အချင်းပဲကွာဟု ဦးလေးပါ တဖွဖွပြောနေချိန်မှာ မဟုတ်ကူး အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြလို့ ရဲဖုန်းအောင် တော်နေတာဟု စိတ်မှာ ကြုံးအော် နေမိ၏။

'ပန်းအလှမှာ စာအခန်းကြီးတွေ မပါပေမယ့် စာမသန့် တာတွေကိုလည်း မမြင်ရဘူးတဲ့။ ခေတ်ရှေ့ကို မပြေးသလို ခေတ်နောက်မှာလည်း ကျန်မနေဘူးတဲ့။ ကြက်ပွဲဆန်တဲ့စာမျိုး မထည့်တာကတော့ ပန်းအလှရဲ့ သိမ်မွေ့ခြင်းပဲတဲ့'

မဂ္ဂဇင်း အထွေထွေလုပ်ငန်းများကို တာဝန်ယူရသည့် မော်ကြီးက သူ့အကိုကို လက်ကလေးတပင့်ပင့်နှင့်ပြောသည်။

'ကိုဖုန်း ဘာသာပြန်တဲ့ နိုင်ငံတကာ အလှမယ်များရဲ့ နှလုံးသားအရေးဆောင်းပါးကို လူကြိုက်တော်တော်များတယ်'

'ဟုတ်တယ် မောင်ဖုန်း၊ ကောင်းသတင်းတွေကတော့ နားမှာ လျှံနေတာပဲ။ ကဏ္ဍတစ်ခုအနေနဲ့မထားဘဲ စိတ်ဝင်စားစရာကောင်းတဲ့ နိုင်ငံတကာအရေးကိစ္စတွေကို လက်လှမ်းမီသလို ပြန်ဆိုသွားတာကိုက ပရိသတ်အတွက် မျှော်လင့်စရာ ဖြစ်နေတယ်'

သူကတော့ ဂုဏ်ပြုသမျှကို ပြုံးလို့သာနေသည်။

ပထမ အမှတ်တစ်ကတည်းက ကိုင်တွယ်သာခဲ့သည့်





ကဏ္ဍတွေ သတိထားရင်း၊ သုံးသပ်ရင်းမှ ရဲရဲတင်းတင်းလုပ်ခဲ့သည့် ကိုယ့်သတ္တိကို သူတို့ အသိအမှတ်ပြုသည့်အတွက် ရင်မှာ ကျေနပ်နေရသည်ကတော့ အမှန်။

'ကိုယ့်ကို တချို့က အကြံဉာဏ်ပေးကြတယ်'

လက်ဖက်ရည်ဆိုင်နှင့် နီးသဖြင့် မှာထားသည့် လက်ဖက်ရည်နှင့် မုန့်ပွဲများ ရောက်လာသည်။

မော်ကြီးက မုန့်ပွဲများကို နေရာစီစဉ်ပေး၏။

'ဘာအကြံဉာဏ်လဲ ဦးလေးပါ'

'စာပေဝေဖန်ရေး အခန်းကဏ္ဍလေးတစ်ခု ပန်းအလှမှာ မေးမှိန်နေတယ်လို့ ပြောကြတယ်'

'အဲဒါလား'

ဦးလေးပါက ပြုံးပြီး ခေါင်းညိတ်၏။

'မထည့်ချင်လို့ကို မထည့်တာ။ မထည့်တာကလည်း စာပေဝေဖန်ရေးဆိုတာကြီးကို မယုံကြည်လို့ပဲ။ ဖွင့်ပေးကြည့်ပါလား။ ကိုယ်နဲ့ [illegible]လဲနံ့ပသင့်တဲ့လူဆိုရင် မိုးထိ လှေကား ထောင်ပြီး ပင့်ပေးကြမယ်။ ကိုယ်မျက်မုန်းကျိုးတဲ့လူ၊ ကြည့်မရတဲ့သူဆိုရင် ဝိုင်းပြီးသမကြလိမ့်မယ်။ အဲဒါ ဘာစာပေဝေဖန်ရေးလဲ ဦးလေးပါ။ ကျွန်တော် ကိုင်တွယ်တဲ့မဂ္ဂဇင်းမှာ စာဖတ်ပရိသတ် နားမလည်တဲ့ စကားလုံးတွေသုံးပြီး [illegible]တတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်တဲ့သူတွေရဲ့ ဝေဖန်ရေးဆိုတာကို ဘယ်တော့မှမထည့်ဘူး။ နောက်ပြီး…'

စကားကို ခဏရပ်ပြီး သူက လက်ဖက်ရည်ခွက်ကို မ,ယူ၍ တစ်ငုံမော့သောက်သည်။ အားလုံးက သူ ဆက်လာမည့်စကားကို နားစွင့်နေ၏။

'ယနေ့ကာလပေါ် အချစ်ဝတ္ထုတွေကို ဆော်ကြတယ်ဗျာ။ ဆော်တယ်ဆိုတာကလည်း အောင်မြင်ကျော်ကြားနေတဲ့ အချစ်ဝတ္ထုရေးသမားတွေကို ထိုးနှက်ကြတာပါ။ အဲဒီအချက်မှာတော့ ဦးလေးပါရာ အောင်မြင်တယ်၊ ကျော်ကြားတယ်ဆိုတာ အရည်အချင်းမရှိဘဲနဲ့ ဖြစ်မလာပါဘူး။ သူတို့အောင်မြင်တာ ကျော်ကြားတာကို အမြင်ကတ်ပုဒ်မတွေတပ်ပြီး ထိုးနှက်တဲ့ဝေဖန်ရေးတွေထည့်ရင် အဲဒီစာရေးဆရာတွေအပေါ် ကျွန်တော်တို့ မဂ္ဂဇင်းက တရားမျှတမှုရှိပါဦးမလား'

'အင်း… စဉ်းစားစရာပဲ မောင်ဖုန်းရ'

'စဉ်းစားဖို့ကို မလိုတာ ဦးလေးပါ။ စာဖတ်ပရိသတ်တွေဗျာ။ အရည်အချင်း မညံ့ပါဘူး။ အဲဒါကို လူတတ်လုပ်ပြီး ဆရာကြီးလုပ် ဝေဖန်တဲ့စာတွေကို ကျွန်တော် လုံးဝမထည့်နိုင်ဘူး'

'ကိုယ်က အသံကို ပြန်ပြောပြတာပါ မောင်ဖုန်းရာ။





ဒီမဂ္ဂဇင်းတစ်အုပ်လုံးကို မောင်ဖုန်းကို လွှဲထားတာပဲဟာ။ မောင်ဖုန်း ဆန္ဒမှန်သမျှကို ကိုယ်တို့ ခေါင်းညိတ်မှာပါ'

'ကျွန်တော်အကောင်းဆုံးလုပ်နေတယ်ဆိုတာ ဦးလေးပါ သိပါတယ်နော်။ ကျွန်တော်ခေါင်းမာတတ်ပေမယ့် ကျွန်တော်တိုင်တဲ့ မဂ္ဂဇင်းကို ပုံသေမူဝါဒနဲ့မသွားဘူး။ ခေတ်ရေစီးကြောင်းမှာ ပေါ်ပေါ်လွင်လွင်ကို ဖြစ်နေရမယ်'

ဦးလေးပါ ခေါင်းတညိတ်ညိတ်လုပ်၏။

သည့်နောက်-

'မောင်ဖုန်း ဒီည မင်း ကိုယ်နဲ့အိပ်ကွာ'

'ကိစ္စရှိလို့လား ဦးလေးပါ'

'ကိုယ်တို့ နည်းနည်းသောက်ကြမယ်လေကွာ'

ပြောပြီး မျက်နှာမှာ ပြုံးရိပ်သန်းနေ၏။

မဂ္ဂဇင်းထွက်ရက်တိုင်း အပန်းဖြေ အမောဖြေပေါ့ကွာဆိုသည့် စကားနှင့် တိုက်မှာပင် မော်ကြီးအကူအညီနှင့် ဝိုင်းဖွဲ့တတ်ကြ၏။

'အပန်းတော့ဖြေမယ် ဦးလေးပါ။ ညတော့ မအိပ်တော့ဘူး'

'ကျွန်တော် နေပေးရဦးမလား ကိုဖုန်း'

မော်ကြီး၏ အသားလို၍ အရိုးတောင်းသည့်စကား။



www.burmeseclassic.com

www.burmeseclassic.com



'မင်းပြန်လို့ဖြစ်မလား မော်ကြီးရာ။ အမြည်းနဲ့ပတ်သက်လို့ ငါနဲ့ ဦးလေးပါအကြိုက်ကို မင်းပဲစီစဉ်တတ်တာ။ နေပါဦး… မင်းက မသောက်ဘူးလား'

'ဟဲ… ဟဲ… တစ်ခွက် တစ်ဖလားလောက်တော့ ကိုယ့်ဆရာသမားတွေရဲ့ အောင်မြင်မှုကို ဂုဏ်ပြုအားပေးရမှာပေါ့ ကိုဖုန်းရာ'

သည်နေ့ ပျော်သည်ဆိုသည့် ခံစားမှုကတော့ အားလုံး တူညီကြသည်။

နေ့လယ်နှောင်းစအချိန် လက်ဖက်ရည်သောက်ထွက်မည်ပြုသောအခါ ဖုန်းခွက်မှ အသံမြည်လာ၏။

ဖုန်းနှင့်အနီးကပ်ဆုံးရှိနေသည့် ဦးလေးပါက ဖုန်းခွက်ကို မ,ယူပြီး နားမှာကပ်လိုက်သည်။

'အမိန့်ရှိပါ'

'… … …'

'ဩော်… မမ၊ ဟုတ်ပါတယ်၊ မောင်ပါ,ပါ'

'… … …'

'ဟုတ်လား'

'… … …'

'စိတ်ချ မမ၊ ကျွန်တော် နက်ဖြန်မနက် ဆင်းကြိုပါ့





မယ်။ ဒါပဲနော် မမ'

ဦးလေးပါ ဖုန်းကို ချက်ချင်းမချသေး။ ခေါင်းတညိတ်ညိတ်နှင့် ဟုတ်ကဲ့လုပ်ပြီးမှ ဖုန်းခွက်ကို အသာပြန်ချလိုက်သည်။

'မောင်ဖုန်းရေ'

ခေါ်သည်ကို လှမ်းကြည့်၏။

'နက်ဖြန် ပန်းအလှမဂ္ဂဇင်းရဲ့ အုပ်ချုပ်ရေးမှူးကြီး ပြန်လာတော့မယ်ကွဲ့'

'ဟုတ်လား ဦးလေးပါ'

'အေး… ကိုယ့်အစ်မက ဂျာမ်းအကြောင်းကြားတာ။ နက်ဖြန်မနက် ကိုယ်ဘူတာဆင်းကြိုမှာ၊ မောင်ဖုန်းပါ လိုက်ခဲ့ရမယ်'

မဂ္ဂဇင်း ပထမစာမျက်နှာတွင် လစဉ်အမည်ပါရှိနေသည့် အုပ်ချုပ်ရေးမှူး ဒေါ်ခင်သူဇာကိုတော့ သူ တကယ်ကို တွေ့ဖူးချင်နေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ချုပ်ပြီး တစ်ခါမှမဝတ်ရသေးသည့် တက်ထရွန်အဖြူ လည်ကတုံးအင်္ကျီကို အရင်ဝတ်ပြီး မင်းတို့သားအဖ အဝတ်တွေထည့်ဖို့ဟု မမကြီးပေးထားသည့် ဗီရိုထဲမှ ဆန္ဒင်းမကင်းကွက် အပြာရောင် ရခိုင်ပုဆိုးကိုထုတ်ယူတော့ 'မမ'ကို သတိရခြင်းကြီးစွာ ဖြစ်လိုက်သည်။

သည်ဝတ်စုံကို တင်ရွှေချိုမှတစ်ဆင့် မမက လက်ဆောင်အဖြစ်ပေးခဲ့သည့် ဝတ်စုံ။ သည့်နောက်ပိုင်း မမသည် တင်ရွှေချိုထံသို့လည်း ရောက်ပေါက်မလာ။ မိမိနှင့်လည်း ဆုံဆည်းမှုမရှိခဲ့။ လအတော်ပင် ကြာခဲ့ပါပြီ။

ကုန်တိုက်များနှင့် ဗိုလ်ချုပ်ဈေးသို့ ရောက်လျှင်တော့





သူ မမကို အထူးသတိထားပြီး ရှာမိပါသည်။

မမတို့လူတန်းစားက ကုန်တိုက်နှင့်ဈေးကို အရောက်ပေါက်များကြသည် မဟုတ်ပါလား။

သို့သော်လည်း သူ မမကို ဘယ်မှာမှမတွေ့ခဲ့ပါ။

'ငါ့မောင်က ဒီနေ့ ရှိုးစမိုးနဲ့ပါလားကွ'

အခန်းကအထွက်မှာ ဆက်တီမှ လှမ်းကြည့်ပြီး အပျိုကြီး မမလတ်က ခပ်ပြုံးပြုံးမျက်နှာနှင့် ပြောသည်။

'ဒီနေ့ နေအရမ်းပူတော့မှာပဲ'

မမကြီးကလည်း အပေါ်ထပ်မှဆင်းလာရင်းပြောသည်။

'ဘာဖြစ်လို့လဲ မမကြီး'

သူမေးတော့-

'အပြင်ထွက်ရင် ဒီလို တောက်တောက်ပပဝတ်ပြီး ထွက်တာ တစ်ခါမှ မမြင်ဖူးလို့ပါ'

'ဒီနေ့ တောက်တောက်ပပထွက်ဆို ကျွန်တော်တို့ဌာနအလုပ်ရဲ့ အုပ်ချုပ်ရေးမှူးကြီး ဒေါ်ခင်သူဇာကို သွားကြိုရမှာပါ မမကြီးရ'

'သူက ဘယ်သွားလို့လဲ'

'ခရီးရှည်ထွက်သွားတာ။ ဒီနေ့ ပြန်ရောက်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေဆီ ဖုန်းရောက်လာတယ်'

'မင်းတို့ရဲ့ သူဌေးမကြီးပေါ့'

'ပြောလို့ရတယ် မမကြီး။ သဘောကောင်းတယ်ဆိုတဲ့ အသံကိုလည်း သူ့ဦးလေးဆီကတစ်ဆင့် ကြားထားတယ်'

'ဝမ်းသာစရာပေါ့ကွယ်၊ ဆက်ဆံတဲ့အခါမှာ သိမ်သိမ် မွေ့မွေ့ဆက်ဆံနော်။ အလုပ်ရှင်ဆိုတာ ကိုယ့်ကျေးဇူးရှင်ပဲ၊ သစ္စာရားနဲ့ ကျေးဇူးတရားကို အမြဲစောင့်သိနေရမယ်'

အစ်ကြောင်းထပ်မှု ကြားသိနေရသည့် ဆုံးမစကား ခေါင်းကိုလည်း အခါခါ ညိတ်ခဲ့ဖူးပြီ။

ခုလည်း ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး သူ ... ကြီးနှင့် မမလတ်ကို နှုတ်ဆက်ထွက်လာခဲ့သည်။

သမီးကတော့ အိပ်ရာမှ မနိုးသေးပါ။

❀ ❀ ❀

အုပ်ချုပ်ရေးမှူးကြီးကလည်း ခရီးထွက်တာ ကြာလိုက် တာနော်ဆိုသည့် စကားကို သူပြောတော့ ဦးလေးပါက-

'မန္တလေးက အမွေရထားတဲ့တိုက်တွေ သွားရော နေတာလေ။ သူလိုချင်တဲ့ဈေးမရလို့ စောင့်ရောင်းနေတာ ခုတော့ မန္တလေးမှာရှိတဲ့ တိုက်နှစ်တိုက်ကိစ္စ ပြတ်သွားပြီ



'ဒေါ်ခင်သူဇာက မန္တလေးသူလား ဦးလေးပါ'

'ရန်ကုန်သူစစ်စစ်ကြီးပါကွာ။ ဒါပေမဲ့ သူ့အဖေရဲ့ အမေ သူ့ဘွားအေက မန္တလေးသူကွ။ မသေခင် မြေးကို မန္တလေးက တိုက်နှစ်လုံးပေးသွားတာ'

'အရမ်းချမ်းသာမှာပဲနော်'

'ကိုယ် အဲဒါကို စိတ်မဝင်စားဘူး မောင်ဖုန်း။ ကိုယ် က စိတ်ချမ်းသာဖို့ပဲ အဓိကထားတာ'

'စိတ်ချမ်းသာဖို့အတွက် ငွေကြေးနိုင်မာဖို့ကလည်း လိုသေးတယ်မဟုတ်လား ဦးလေးပါ။ ကျွန်တော်လည်း ဦးလေး ပါလို ငွေကြေးချမ်းသာမှုကို စိတ်ဝင်စားတတ်တဲ့သူ မဟုတ်ပါ ဘူး။ ဒါပေမဲ့ စိတ်တစ်ခုချမ်းသာမှုအတွက် ငွေကြေးက အဓိက ကျတယ်ဆိုတာကိုတော့ ကျွန်တော် မျက်စိမှိတ်ပြောရဲတယ်။ လောကကြီးမှာ ငွေမရှိရင် ဘာမှဖြစ်မလာဘူးဆိုတာ ဦးလေးပါ လက်ခံသလား'

'အာ…အဲဒါတော့ ကိုယ် လက်ခံပါတယ်။ ခု ကိုယ် တို့ ဝါသနာပါတဲ့လုပ်ငန်းကို လုပ်နေကြတယ်။ ဒီလုပ်ငန်း အောင်မြင်မှုအတွက် ငွေကြေးရဲ့အခန်းကဏ္ဍ ဘယ်လောက် အဓိကကျတယ်ဆိုတာ ကိုယ် သဘောပေါက်ပါတယ်'

စကြံမှာ ခရီးသွားများနှင့် ခရီးသည်လာကြိုသူများ

www.burmeseclassic.com



များ များပြားလာသည်။ လက်မှနာရီကို ငုံ့ကြည့်တော့ ရထားဆိုက်ချိန် နီးကပ်နေပြီ။

'ခင်သူဇာနဲ့ပတ်သက်ပြီး မောင်ဖုန်းကို ကိုယ်ပြောထားရဦးမယ်'

'ကျွန်တော်လည်း သိချင်နေတယ် ဦးလေးပါ'

'အပျိုကြီးဗီဗီ စည်းကမ်းကြီးတယ်။ စည်းကမ်းကြီးပေမယ့် လူငယ်သဘာဝနဲ့ စာပေသမားတွေရဲ့ သဘာဝကို နားလည်ခွင့်လွှတ်တတ်တယ်။ ဥပမာ မောင်ဖုန်း ရံဖန်ရံခါ အရက်သောက်တတ်တာမျိုးပေါ့။ ငွေကြေးမနှမြောတတ်ဘူး။ စီးပွားရေးကို အမြဲစဉ်းစားနေတတ်တယ်။ ဝါသနာပါတဲ့အလုပ်ကိုလည်း မျက်စိမှိတ်ပြီး လုပ်တတ်တဲ့စိတ်မာတတ်ရှိတယ်'

ဦးလေးပါက စကားခဏရပ်ပြီး စီးကရက်ကို ထုတ်ယူမီးညှိပြီး တစ်ချက်ရှိုက်ထုတ်၏။

'နောက်ပြီး သူပြောသမျှကို မှားမှားမှန်မှန် ခေါင်းညိတ်တာ မကြိုက်ဘူး။ အကျိုးအကြောင်းစကားကို နားလည်လက်ခံတယ်။ ခင်သူဇာရဲ့ လေးစားစရာအကောင်းဆုံးကတော့ ညှာတာစာနာတတ်တဲ့ စိတ်ကလေးပဲ။ ကိုယ်အိမ်ထောင်ပျက်တော့ ကိုယ့်ဘဝ တော်တော်ကို ဆိုးဆိုးရွားရွားဖြစ်သွားသေးတာ။ ခင်သူဇာက ဦးလေးလုပ်သူကို အဖတ်ပြန်ဆယ်ပြီး



ဒီတိုက်ခန်းကို ပေးထားတာ'

'ကျွန်တော် ဦးလေးပါကို လူပျိုကြီးထင်နေတာ'

'တော်တော်များများက ကိုယ့်ကို မောင်ဖုန်းထင်သလို ထင်ကြတာပဲ။ ဘဝအကြောင်းဆိုတာက ကာယကံရှင် ပြန်ပြောင်းပြောပြမှ သိကြရတာမို့လား။ ထားပါလေ၊ ကိုယ့်ဘဝ တစ်ခု ပြီးဆုံးသွားပါပြီ။ သားသမီးလည်း မရခဲ့ပါဘူး။ မောင်ဖုန်း ကနဦးက ထင်ထားသလို လူပျိုကြီးလို့ပဲ ဆက်ထင်ကွာ။ ပျော်စရာကောင်းတာပေါ့'

သူ ခပ်လှိုက်လှိုက်ကလေး ပြုံးလိုက်၏။

ဦးလေးပါဘဝကို ဗိုလ်ဆွန်ပက်လမ်း တိုက်ခန်းမှာ ဦးလေးပါနှင့် အတူသောက်ကတည်းက သိချင်စိတ်ရှိခဲ့၏။ သို့သော်လည်း သူ မမေးဖြစ်ခဲ့။

တို့အုပ်ချုပ်ရေးမှူးကြီးလာရင် မောင်ဖုန်းနဲ့ ကိုယ် ဒီမှာ အရက်သောက်ဖို့ မဖြစ်တော့ဘူးတွဲဆိုသည့် စကားကို အပြုံးရင့်ရင့်နှင့် ဦးလေးပါ ပြောခဲ့ဖူးပါ၏။

'ဟော… ရထားဝင်လာပြီ မောင်ဖုန်း'

'ကျွန်တော်ကတော့ ဦးလေးပါနံဘေးမှာ ခပ်ယောင်ယောင်ကလေး ရပ်နေရုံကလွဲလို့ ဘာမှလုပ်တတ်မှာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ကွ၊ မောင်ဖုန်းက ခင်သူဇာကို မြင်မှ မမြင်ဖူးဘဲဟာ'

'တကယ်ဆို ဦးလေးပါ ကျွန်တော့်ကို ဒေါ်ခင်သူဇာရဲ့ဓာတ်ပုံကို ကြိုပြခဲ့ဖို့ကောင်းတယ်'

'ဟုတ်ပေါ့ကွာ၊ ကိုယ် လုံးဝ မစဉ်းစားခဲ့မိဘူး အင်း… စဉ်းစားမိရင်လည်း ကျောက်ကုန်းကခြံကိုသွားပြီး ခင်သူဇာတို့ဝတ်စုံကို ရိုက်ထားတဲ့ဓာတ်ပုံကို မှန်ဘောင်ကြီးပါ ဖြုတ်ပြီး ယူလာရမှာ။ ကဲပါကွာ… မောင်ဖုန်း ခင်သူဇာကို မိနစ်ပိုင်းလေးမှာ မြင်ရတော့မှာပါ'

ရထားက အချက်ပေးဥသြကို ခပ်ပြင်းပြင်းဆွဲပြီး ဘူတာတွင်းသို့ ဝင်လာ၏။

လာကြိုကြသည့် ခရီးသည်တွေ လှုပ်လှုပ်ရွရွ။

ရပ်နေရာ ရှေ့မှ ရထားတွဲကြီးဖြတ်ပြီးတော့-

'ခင်ခင်… ခင်ခင်'

ဦးလေးပါထံမှ အသံပွင့်ထွက်ပြီး အထက်တန်းတွဲရာသို့ ဦးလေးပါနည်းတူ ပြေးလိုက်ခဲ့သည့် မိမိအဖြစ်က တွေးကြည့်ရင်တော့ ရယ်စရာကောင်းလှ၏။

သို့သော်လည်း မိမိအလုပ်ရှင်ကို မမြင်ဖူးသဖြင့် ဖြူးပြူးပျာပျာနှင့် ဟိုသည် လိုက်ကြည့်ရတာကိုက စိတ်မှာ





နေသည်။

ရထားကြီးက လုံးဝရပ်တန့်သွား၏။

လူအုပ်ကို တိုးဝှေ့ရင်း ဦးလေးပါ၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် ကြည့်ရသေးသည်။

'ပေး ခင်ခင်၊ လက်ထဲက သားရေးဆွဲအိတ်ကြီးကို ဦးလေးပါကိုပေး'

ဦးလေးပါ၏ ဆန့်တန်းသည့်လက်။

ပေးအပ်မည့်သူ၏မျက်နှာကို မော်အကြည့်မှာ-

'ဟင်… မမ'

ရင်သည် အထိန်းချုပ်မဲ့စွာ တုန်ခတ်နေဆဲမှာပင်-

'မောင်ဖုန်း… မင်း အုပ်ချုပ်ရေးမှူးကြီးဆီက ပစ္စည်းတချို့တစ်ဝက်ကို လှမ်းယူကွ။ ဟင်… ကြည့်စမ်း၊ ကြည့်စမ်း၊ မောင်ဖုန်း… မင်းမျက်လုံးကြီးက ဘာလို့ကြောင်တောင်တောင်ဖြစ်နေရတာလဲ ကိုယ့်လူရ'

အယောင်ယောင်အမှားမှားနှင့် မမလက်ထဲမှ ပစ္စည်းများကို ဆွဲမိဆွဲရာ ဆွဲယူမိသည်။

သည်မှာ-

မမ၏ ပြူးစက်နေသော မျက်ဝန်းကို သူ သတိပြုမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မမျက်နှာမှာလည်း အံ့ဩရိပ်တွေ ဆိုင်းတွေနေလို့ပေ

သြော်··· ဒေါ်ခင်သူဇာဆိုတာ မမပါလား။

သည်နေ့မှ အသစ်ချပ်ချွတ် ဝတ်ဆင်လာသည့် ခ

ကိုယ်ပေါ်မှ ဝတ်စုံကို မမ အထူးသတိတရရှိပါလိမ့်မည်။

❀ ❀ ❀



(၁၈)

သူ့စကားအသံမှာ ဝမ်းသာမှုနှင့် တက်ကြွမှုများ ပါဝင်နေသည်ကို တင်ရွှေချို သတိပြုမိလိမ့်မည်။

နားထောင်နေရင်းမှ ဆွဲလက်စ ပန်းချီကို ဆက်မဆွဲတော့ဘဲ ဆေးတို့ထားသည့် စုတ်တံကို ရေထည့်ထားသည့် ဖလားထဲ နှစ်ထည့်လိုက်၏။

'တကယ်ကို အံ့ဩဖို့ကောင်းပါလား ရဲဖုန်းအောင်'

'ဟုတ်တယ်၊ မမကိုမြင်တော့ ငါ ကြက်သေသေသွားတာ။ ဆုံစည်းမှုက ဘယ်လိုမှ အိပ်မက် မဟုတ်ဘူးဆိုတာလည်း စိတ်က အသေအချာသိထားတာပဲဟာ'

'မမ ပျော်နေလား'



www.burmeseclassic.com

www.burmeseclassic.com



တင်ရွှေချိုမေးသည်ကို သူက ပြုံးပြီး ခေါင်းညိတ်၏။

'အရှမ်းစိတ်ဝင်စားသွားပြီ။ မင်း အချိန်ရတယ်မို့လား'

'ရပါတယ်'

'လက်ဖက်ရည်ဆိုင်သွားရအောင်၊ လက်ဖက်ရည်ကျကျလေးသောက်ပြီး မင်းနဲ့ မမအကြောင်းကို နားထောင်ရတာ ပိုပြီး အရသာရှိလိမ့်မယ်ထင်တယ်'

ပြောရင်း တိုင်မှာချိတ်ထားသည့် ရှပ်လက်တိုကို တင်ရွှေချိုက ဆွဲယူဝတ်သည်။

ထိုင်နေကျလက်ဖက်ရည်ဆိုင်ရောက်တော့ နံနက်ကိုးနာရီစွန်းစွန်းကလေးပင် ရှိသေး၏။

ပေါ့ကျနှစ်ခွက်ကို လှမ်းမှာသည်။

နှုတ်က ထပ်မမေးသော်လည်း တင်ရွှေချိုမျက်နှာမှာ မမနှင့်ပတ်သက်သောစကားများ ကြားချင်နေသည်က အထင်းသားပေါ်၏။

'ကျောက်ကုန်းခြံကိုတောင် မမ တန်းမပြန်ဘူး။ မဂ္ဂဇင်းတိုက်ကိုလိုက်ခဲ့ပြီး အချိန်အတော်ကြာကြီးကို ထိုင်စကားပြောကြတာ'

'မင်းနဲ့မမ သိကျွမ်းနေတာကို ဦးလေးပါ အံ့အားသင့်မနေဘူးလား'





'သင့်တာပေါ့၊ အကျိုးအကြောင်းပြောပြတော့ ကံတရားရဲ့ ဆုံစည်းမှုကို ဦးလေးပါ လက်ဖျားခါတယ်။ မမကလည်းပြောတယ်။ သူ မန္တလေးကနေ မဂ္ဂဇင်းတိုက်ကို ဖုန်းဆက်မိခဲ့ရင် အားလုံးကြိုသိရမှာတဲ့။ ခုလို မထင်မှတ်ဘဲ ဆုံစည်းသိရတော့လည်း အံ့သြစရာ ပျော်စရာတစ်မျိုးပေါ့လေဆိုပြီး မမက ရယ်ရယ်မောမောနဲ့ ပြောတယ်'

'မင်း အိမ်ထောင်ရေးအခြေအနေ မေးသေးလား'

'မေးတယ်၊ ငါကလည်း အကုန်လုံးပြောပြလိုက်တယ်။ မမက ငါ့အလုပ်ရှင်မို့လား။ သူ အားလုံးသိသင့်တယ်လို့လည်း စိတ်ကယူဆတယ်။ ပြောပြတော့ မမ စိတ်မကောင်းရှာပါဘူး။ ဒါပေမဲ့ ဝေဖန်အကြံဉာဏ်လည်း မမက မပေးဘူး'

'ကျောက်ကုန်းခြံကို လိုက်ပို့တော့ မင်းပါသွားသေးလား'

'ဦးလေးပါပဲ လိုက်ပို့တယ်။ ညနေကျတော့ မဂ္ဂဇင်းတိုက်ကို မမ ပြန်လာတယ်။ မမက ငါနဲ့ ဦးလေးပါကို ညနေစာကျွေးတယ်။ ငါ့ဘဝမှာ ပြန်လည်ပျော်ရွှင်လာရတာကတော့ အမှန်ပဲ တင်ရွှေချို'

'ဘာဖြစ်လို့ ပျော်ရွှင်လာပါလိမ့်။ မင်းစကားက အဓိပ္ပာယ်ရှိနေသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



သူက အသံထွက်အောင် ရယ်လိုက်၏။

ရယ်ရင်း လက်ဖက်ရည်ပန်းကန်ကို မ,ယူသည်။

တစ်ငုံမျှသောက်ရသည့် အရသာသည် မမနှင့် ရယ်မောစကားပြောရင်း သောက်ခဲ့ရသည့် အရသာထက် သိသာစွာ ကွာခြားနေ၏။

'အတွေးတွေ မဇောဲပါနဲ့ကွာ။ မမနဲ့ မဂ္ဂဇင်းကိစ္စတွေ ပြောတော့ မမရဲ့ ခိုင်မာတဲ့ဝါသနာကို သိထားရတာ။ နောက်ပြီး မမတိုးချဲ့ချင်တဲ့ ကဏ္ဍတွေကလည်း မမရဲ့ လက်ရှိ တခြား လုပ်ငန်းတွေအတွက် အကျိုးသက်ရောက်မှုရှိတယ်။ ဆိုလိုတာက ရှုံးရှုံးမြုက်မြုတ် မဂ္ဂဇင်းတည်တံ့မှာက တကယ့်ကို အသေအချာပဲ။ အဲဒါကိုက ငါ့အတွက် ပျော်စရာ၊ ဝမ်းသာစရာ မဟုတ်ဘူးလား'

'သဘောပေါက်ပြီ… သဘောပေါက်ပြီ။ မဂ္ဂဇင်းအတွက် အယ်ဒီတာသက်တမ်းရှည်မယ်ဆိုတဲ့ အဓိပ္ပာယ်မို့လား'

သူ ရယ်ပြီးခေါင်းညိတ်တော့ တင်ရွှေချိုက ပြုံးသည်။ ဒီကောင်ပြုံးသည်ကိုမြင်မှ ပြောရန်စကားကို သတိတရရှိလာ၏။

'မင်းကို မမကမေးတယ် တင်ရွှေချို'





'ငါ့ကို သတိရသားပဲ'

'မမက မာနမကြီးပါဘူး၊ မင်းကို မှတ်မှတ်ရရမေးတာပါ။ မင်းဆီမှာ ပုံတွေအပ်ဖို့လည်း စီစဉ်နေတယ်'

'ဝတ္ထုအတွင်းပုံတွေလား'

'မဟုတ်ဘူး… ဒီဇိုင်းအပ်မှာ။ မမရဲ့ကုမ္ပဏီလုပ်ငန်းတွေကတော့ တော်တော်ကို ကျယ်ကျယ်ပြန့်ပြန့်ပဲ။ မမဆီမှာ နိုင်ငံခြားကတ်တလောက်တွေ အများကြီးပဲ။ သူ ဘာလုပ်မယ်ဆိုတာကိုတော့ မမ ငါ့ကို ချမပြဘူး။ ဒါကလည်း ငါ့အပိုင်းမဟုတ်ဘူးလေ။ ငါ့အပိုင်းက မဂ္ဂဇင်းတာဝန်ပဲ'

မမခင်သူဇာနှင့် ပတ်သက်သော အကြောင်းစကားတော်တော်များများ ပြောဖြစ်ပါ၏။

နေ့လယ်ဘက်တွေမှာ မမနှင့်အတူ လက်ဖက်ရည်ဆိုင်သွားထိုင်ကြသည်ကို ဘာကြောင့်ပြောမိသည်ကို ကိုယ့်ကိုကိုယ် ခြိုးစား၍မရသေးချေ။



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ညှို့ခန်းအဝင်မှာပင် မမကြီး၏ မှုန်နေသည့်မျက်နှာထားကို သတိပြုမိသည်။

မမလတ်က ဒရင်းဘက်ပေါ်မှာ သိုးမွေးထိုးရင်း သူ့မျက်နှာကို လှမ်းကြည့်၏။

တစ်မျိုးပဲ။

မျက်နှာထားနှစ်ခုမှာ အကြောင်းတစ်စုံတစ်ရာ တည့်ရှိပြီကို သူ့စိတ်က ချက်ချင်းသိလိုက်၏။ ပြီးတော့-

သမီး။

ဖအေပြန်ချိန်ကို သူကြီးဒေါ်များနှင့် ကစားရင်း စောင့်မျှော်နေတတ်သည့် သမီးအသံက တိတ်နေသည်။





သမီး အခန်းထဲမှာတော့ မရှိတန်ရာ။

မျက်လုံးတစ်ဝှေ့ကြည့်တော့ အိမ်ဖော်မလေး မိကြည် ရေခဲသေတ္တာနံဘေးမှာ ငုတ်တုတ်ကလေးထိုင်နေ၏။

မျက်နှာ၏ပါးပြင်မှာ စင်းကြောင်းထင်နေသည့်ကြောင့် မိကြည် ငိုထားသည်ကို နားလည်ရသည်။

'သမီးကော-မမကြီး'

'မပြောချင်ဘူးဟော့၊ မပြောချင်ဘူး'

မမကြီးအသံမှာ မကျေနပ်သံနှင့် ရှုံ့သံပါနေ၏။

သူ မမကြီးကို မျက်လုံးအဝိုင်းသားနှင့် လှမ်းအကြည့်မှာ-

'ဟိုကောင်မက ကလေးကို ခေါ်သွားတယ်လေ'

'နေခြည်လား မမကြီး'

စိတ်က တန်းသိစွာဖြင့် မေးလိုက်၏။

'ဟုတ်ပ၊ မိကြည်ကိုလည်း ငါရိုက်တာ တံမြက်စည်းတစ်ချောင်းကုန်ရောပဲ။ တကယ်ဆို ဟိုက ကလေးကိုဆွဲခေါ်နေတာ ပြန်ဆွဲပါလား။ နိုင်ငံထက်စီးနင်းလုပ်ရင် အော်ပေါ့။ ငါကလည်း ဒီနေ့မှ သူ့ကို ကျောင်းကြိုနိုင်းမိတယ်လေ'

သူက မိကြည်ဘက်လှည့်ပြီး-

'သမီးက အလာတကြည်လိုက်သွားလား မိကြည်'



www.burmeseclassic.com

www.burmeseclassic.com



'မီးမီးက ငိုတယ် အစ်ကိုလေး၊ မိကြည် မီးမီးကို အတင်းပြန်ဆွဲပါတယ်။ ငါ့သမီး ငါတွေ့ချင်လို့ခေါ်တာ။ နင် ဝင်ပါစရာမလိုဘူး။ ညနေ ငါကိုယ်တိုင် ပြန်လာပို့မယ်ဆိုပြီး မီးမီးကို အတင်းဆွဲခေါ်သွားတာပါ အစ်ကိုလေး'

'တောက်…'

ဒေါ်သမီးက တောက်လောင်လာ၏။

မမလတ်က မျက်လုံးတစ်ချက်စွေစောင်းကြည့်ပြီး-

'မင်းကိုလည်း ငါနဲ့ မမကြီး တဖွဖွမေးတယ်။ ကိစ္စပြတ်ပြီလား၊ ကိစ္စပြတ်ပြီလားလို့၊ ခုတော့ ငါတို့ ဘယ်လိုလုပ်ရမလဲ။ သူ့အမေ သူ့သမီးကိုခေါ်သွားတာ ဘယ်အဖွဲ့အစည်းကို သွားတိုင်ရမှာလဲ။ မင်းတို့ မပြတ်သားတာ မောင်ဖုန်း။ မိန်းမနဲ့ ယောကျ်ား တစ်နေရာစီ ခွဲနေလိုက်တာနဲ့ သင်ခန်း မယားခန်းက ပြတ်သွားတာမဟုတ်ဘူး။ ခု သားရေး သမီးရေးက ရှုပ်လာပြီလေ'

မမကြီးက-

'ရှုပ်လာရင်တော့ အပြတ်ကိုရှင်းရမှာပဲ မမလတ်။ တို့မောင်ကမွေးတာ တို့သွေးပဲ။ အကျင့်တန်တဲ့ မိန်းမလက်ထဲကိုတော့ တို့တူမကို မထည့်လိုက်နိုင်ဘူး။ ငွေဘယ်လောက်ကုန်မလဲ။ ကုန်ချင်သလောက် ကုန်စမ်းပါစေ။ မြန်မာပြည်မှာ





အကျော်ကြားဆုံးရှေ့နေကို ငှားမယ်'

အစ်မအပျိုကြီးနှစ်ယောက်၏ မာနနှင့် သမီးတို့အပေါ် တွယ်တာမှုက အံ့သြစရာတော့မဟုတ်။ သမီးကို သူ့အမေလာပို့မည်ဆိုသော်လည်း မိမိ ရပ်တန့်နေ၍မဖြစ်တော့ပြီကို သူ သိ၏။

သူ အိမ်ပေါ်မှ အပြေးကလေးဆင်းခဲ့သည်။

❀ ❀ ❀

သူညွှန်ပြသည့် အိမ်ရှေ့မှာ အငှားကားက ရပ်သွား၏။

သူ ကားတံခါးကို ခပ်ကြမ်းကြမ်းဖွင့်ပြီး ကားပေါ်မှဆင်းလိုက်သည်။

'နေခြည်'

ပွင့်ထွက်သည့် သူ့အသံ ကျယ်လောင်သည်ကို ကိုယ့်ဘာကိုယ်သိသည်။ ပြီးတော့ ခေါ်သံတွင် ဒေါသပါနေ၏။

သူ့အသံကြောင့် ဧည့်ခန်းမှ စကားသံများ ရုတ်ခြည်းငြိမ်သက်သွားသည်။

တဒင်္ဂ ငြိမ်သက်မှုမှာပင် ဖေကြီးဆိုသည့်အသံနှင့်အတူ သမီးက ဧည့်ခန်းမှ အပြေးကလေးထွက်လာ၏။

သူ အိမ်ပေါ်ကိုမတက်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားခြေရင်းမှာ ရပ်ပြီး ပြေးဆင်းလာသည့်သမီးကို ပွေ့ချီလိုက်ပြီး-

'နေခြည်'

သူ ထပ်ခေါ်သည်။

ရင်ခွင်မှာ သမီးရောက်နေနှင့်သော်လည်း နေခြည်နှင့် စကားပြောချင်သေး၏။

နေခြည် ခပ်ဆတ်ဆတ်နှင့် အိမ်ထဲမှ ထွက်လာသည်။

'ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုရဲဖုန်းအောင်'

သြော်… ကိုရဲဖုန်းအောင်တဲ့လား။

သိပ်မှန်ကန်တဲ့ စကားပါပဲ။

ခြားထားတဲ့ နှလုံးသားစည်းအပြင်ကနေ နေခြည်သည် မိမိကို သည်လိုပဲ ခေါ်ရမယ်လေ။

ပြီးတော့ ဧည့်ခန်းမှာ သူမ၏မိသားစုနဲ့အတူ ကိုကျော်ဇင်ဆိုတဲ့လူ ရှိနေတာပဲ။

'ဘယ်လိုဖြစ်နေတာလဲ ဟုတ်လား'

'ဟုတ်တယ်၊ ကျွန်မကိုသာ ရှင် စည်းခြားလို့ရရင်ရမယ်၊ ကျွန်မသမီးနဲ့ ကျွန်မကို ရှင်ဘယ်တော့မှ စည်းခြားလို့မရဘူး'

'ဒီမယ် နေခြည်၊ နင့်ကို ငါ ဘာပြောထားလဲ၊ သမီး





နဲ့မပတ်သက်ပါနဲ့။ နင့်လို ယုတ်ညံ့တဲ့အကျင့်မျိုး ငါ့သမီးရဲ့ အသိစိတ်ထဲ ဝင်အကူးမခံနိုင်ဘူးလို့ ငါ ထပ်ခါထပ်ခါ နင့်ကို ပြောခဲ့တယ်'

'ဒီမယ် ကိုရဲဖုန်းအောင်၊ ကျွန်မတို့ ရပ်နဲ့ကွက်နဲ့နေတာ။ ရှင်အရှက်မရှိတိုင်း အောက်ကနေ အော်ကျယ်အော်ကျယ်နဲ့ ပြောမနေနဲ့'

'အေး… အဲသလို အော်ကျယ်အော်ကျယ်အဖြစ်မျိုးရောက်ချင်ရင် မင်း ငါနဲ့ ဘာမှလာမပတ်သက်နဲ့။ သမီးနဲ့ပတ်သက်ပြီးတော့လည်း မင်း မျှော်လင့်ချက်တွေ ထားမနေနဲ့ နေခြည်။ မင်းပါးစပ်က ပြောခဲ့တယ် မဟုတ်လား။ ယောကျ်ားထပ်ယူရင် ကလေးတွေ အတွဲလိုက်မွေးလို့ရတယ်ဆို'

'ရှင် မမိုက်ရိုင်းနဲ့'

'အရိုင်းအစိုင်းတွေရဲ့ ပတ်ဝန်းကျင်မှာ ငါ စကားကို မိုက်မိုက်ရိုင်းရိုင်းပဲပြောရမယ်။ ဒီမယ် နေခြည်၊ မင်းကို ငါ ထပ်ပြောမယ်။ သမီးနဲ့ပတ်သက်ရင် ငါ လူသတ်ရဲတယ်၊ အားလုံးကို ငါ ရင်ဆိုင်ဝံ့တယ်၊ အဲဒါကို မင်း အသည်းထဲမှာ စွဲနေအောင်မှတ်ထား။ ငါမသိဘဲ သမီးကို လာခေါ်တာ ဒါ ထမဆုံးနဲ့ နောက်ဆုံးဖြစ်ပါစေ၊ ဒီလောကကြီးမှာ ငါ့စိတ်ကို မင်းအသိဆုံးဆိုတာ မင်းကိုယ်မင်း သိတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူပြောပြီး လှည့်ထွက်ခဲ့၏။

ကားပေါ်ရောက်သည်ထိ သမီးက သူ့ကို တင်းကျပ်စွာဖက်ထားသည်။

အိမ်ပြန်ရောက်တော့ သမီးက ကြီးဒေါ်များ၏ ရင်ခွင်ပြေးဝင်ပြီးငိုသည်။

'မောင်ဖုန်း… နောက်တစ်ခါ မင်းဟာမ ဒီလိုအပြုအမူမျိုး လုပ်လာလို့ကတော့ ငါကိုယ်တိုင် ဒင်းကိုသတ်ပြီး ထောင်ထဲဝင်မယ်'

သူ ပင့်သက်ကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်သည်။ ရေချိုးခန်းထဲဝင်တော့ စိတ်တစ်ခုလုံး ပန်းဟိုက်နေ၏။ သမီးနှင့် နေခြည်နှင့် ပတ်သက်သည့်အတွေးတွေး… နေခြည်က သမီးကို မပြတ်နိုင်ခဲ့ဘူးဆိုရင်-

❀ ❀ ❀



(၂၈)

မဂ္ဂဇင်းတိုက်ကို မမခင်သူဇာရောက်လာတော့ နေမွန်းလွဲနေပြီဖြစ်သည်။

သူ မမကို လှမ်းအကြည့်မှာပင် မမက-

'အပြင်ကိစ္စလေး နည်းနည်းရှိသွားလို့ ကိုဖုန်း'

မမက သူ့ကို ဘူတာမှာဆုံစည်းပြီး ရက်နှစ်ဆယ်ပြည့်သည့်နေ့မှာ ကိုဖုန်းဟု ရင်းနှီးစွာခေါ်သည်။

သူကတော့ မမဆိုသည့်အခေါ်အဝေါ်ကို စတင်ဆုံစည်းကတည်းက အသေဆုပ်ကိုင်ခေါ်ဆိုထား၏။ သည်အကြောင်းအရာကတော့ သူနှင့် မမကြား ထူးခြားသည့်ကိစ္စရပ်မဟုတ်။

'ကျွန်တော်က မမ မလာတော့ဘူးထင်တာ'

www.burmeseclassic.com



‘မလာရင် ဖုန်းဆက်မှာပေါ့’

‘ကုမ္ပဏီလုပ်ငန်းကလည်း မမကို အချိန်တွေ တအား ဖိထားတယ်မို့လား။ နောက်ဆို မဂ္ဂဇင်းတိုက်ကို ညနေပိုင်း ထိုင်ဖြစ်တော့မှာပဲဆိုတဲ့ မမရဲ့စကားကို အမှတ်ရထားတယ်’

မမက ခပ်ယဲ့ယဲ့ကလေးပြုံးပြီး-

‘ဒီနေ့ ကုမ္ပဏီကိစ္စတွေနဲ့ မပတ်သက်ပါဘူး’

ပြောပြီး ထပ်မံပြုံးသည့် အပြုံးကို ဘယ်လိုမှ တွေးတောလို့မရ။

မမ၏အပြုံးမှာ အကြောင်းတစ်စုံတစ်ရာထက် လုပ်ဆောင်ခဲ့သည့် ကိစ္စတစ်ရပ်အတွက် ကျေနပ်နေဟန်မျိုးလည်း ဖြစ်သည်။ အတိအကျတော့ သုံးသပ်လို့မရ။

‘ဦးလေးပါ အပြင်ထွက်တယ်ထင်တယ်’

‘ဖလင်သွားခွဲတယ် မမ’

မမက ခေါင်းညိတ်ရင်း ယူလာသည့် အိတ်ကိုဖွင့်သည်။

သူ့အကြည့်ကို မမထံမှ လွှဲလိုက်၏။

မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ်က လက်စမသတ်နိုင်သေး။

ဦးလေးပါ၏ သည်ညနေတော့ပြီးမှဖြစ်မယ် မောင်ဖုန်း





ဆိုသည့်စကားကလည်း တာဝန်ကြီးတစ်ခုလို ခေါင်းကိုဖိထား၏။

မမစားပွဲဆီမှ စာရွက်လှန်လှောသံများကို ကြားနေရသည်။

မျက်လုံး တစ်ဝေ့အကြည့်မှာ မမက ကတ်တလောက် စာအုပ်များကို လှန်လှောနေရင်းမှ သူ့ကို အကြည့်နှင့် အကြည့်ချင်းက သွားဆုံသည်။

‘ကိုဖုန်း ရေးလက်စကို ခဏရပ်ထားလို့ရမလား’

‘ရပါတယ် မမ၊ ဘာသာပြန်ဆောင်းပါးတစ်ပုဒ်ပါ။ ပြီးတော့မှာပါ’

‘ခဏလာပါလား’

ဘောလ်ပင်ကို စာရွက်ပေါ်တင်ခဲ့ပြီး မမထံပါး လျှောက်ခဲ့သည်။

မမက သူမနှင့် ဘေးချင်းကပ်လျှောက်မှာပင် ခုံကို ဆွဲပေး၏။

သူ မမနံဘေးမှာ ဝင်ထိုင်လိုက်သည်။

‘စင်္ကာပူက ပို့ပေးလိုက်တာ။ မမက ဝတ်စုံတွေကို အဓိကထားသွင်းမှာဆိုတော့ ကုမ္ပဏီအတွက်အင်အားကောင်းအောင် ကတ်တလောက်ထဲက ဒီဇိုင်းလှလှလေးတွေကို မမတို့



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂဇင်းမှာ သုံးချင်တယ်'

'ဒီလတော့ နိမ်မှာမဟုတ်တော့ဘူး မမ။ အဲ…ကြော်ငြာ သဘောမျိုးဆိုရင်တော့ ကြည့်သုံးလို့ရမယ်'

'ကြော်ငြာသဘောမျိုးပေမယ့် စာမျက်နှာကြော်ငြာ သဘောမျိုးမဟုတ်ဘူး ကိုဖုန်း၊ အဲဒီအတွက် မမက ဆောင်း ပါးရေးဦးမှာ။ ဒီလ မမီလည်း ကိစ္စမရှိဘူးလေ။ ဒီလအတွက် လည်း မရည်ရွယ်ပါဘူး။ ရှေ့လအတွက်ပါ'

မမ၏ ဉာဏ်ရည်ဉာဏ်သွေးကို သဘောကျစွာ သူ ပြုံးတော့-

'ကိုဖုန်းက ဘာပြုံးတာလဲ'

သူက ဝိုဗြီးပြုံး၏။

'မင်းပြုံးတဲ့အဓိပ္ပာယ်ကို မမသိပါတယ် ကိုဖုန်းရာ။ မမ မင်းကို ခွေးနွေးဖူးသားပဲ။ သမားဆန်ဆန် စာပေဆန်ဆန် ပုံသဏ္ဌာန်တွေ မလိုချင်ဘူး။ ဈေးကွက်စီးပွားရေးစနစ်မှာ မမ မင်္ဂဇင်းမှာ မမလုပ်ငန်းအတွက်လည်း အကျိုးရှိရှိသုံးမယ်လို့'

'ဟုတ်ပါတယ် မမရဲ့'

'အဲဒါကို မင်းက လျောင်တဲ့သဘောနဲ့ ဘာလို့ရယ် နေတာလဲ'

'လျောင်တဲ့သဘောတို့ ယူဆရင်တော့ ကျွန်တော် စိတ်





မကောင်းဘူး မမ'

'အယ်…'

'ဟုတ်တယ်လေ၊ မမ မလာခင်ကတည်းက လုပ်ငန်း စဉ်တွေကို ကျွန်တော်က သိနေတာပဲဟာ။ ဒါကြောင့်လည်း ကျွန်တော် စွမ်းစွမ်းတမံ လုပ်နေတာပဲ။ ဒါတွေ မမသိပါတယ် ဗျာ'

မမက တောင်းပန်ပြုံးနှင့်ပြုံးသည်။

မင်္ဂဇင်းအတွက် အသုံးပြုသည့်စာတွေ။ စာပေလမ်း ကြောင်းတစ်ခုတည်းကို ဦးတည်မထားသည်ကိုလည်း မမ အသိ။

ယုံကြည်ချက်တွေ ရင်မှာရှိသော်လည်း ခံယူချက်တွေ ကိုတော့ သူ တောရမှာ ခဝါချခဲ့ပြီးပါပြီ။

မင်္ဂဇင်းပုံစံကို မမ ကြိုက်နှစ်သက်ရမည်။

အပြစ်ကင်းရမည်။

ဒေါသကင်းရမည်။

ပန်းအလှ၏ ရသ သုတကို အင်အားကောင်းစွာ ကိုင် တွယ်ထားသည်ကိုတော့ ပရိသတ်က နားလည်ပေးထားပါ၏။

ညနေစောင်းစောင်းအချိန်မှာ သူမ၏ ကတ်တလောက် များကို အံဆွဲထဲသိမ်းဆည်းခဲ့ပြီး မမ အိမ်ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမထွက်သွားပြီး မကြာမီမှာ ဦးလေးပါ ရောက်လာ၏။

'ပြီးပြီလား'

ဆောင်းပါးကို မေးမှန်းသိ၏။

'တာဝန်ကို ပျက်ကွက်ခဲ့ဖူးလို့လား ဦးလေးပါ'

ဦးလေးပါက ပခုံးကိုပုတ်ပြီး တဟားဟားရယ်၏။

ရယ်ပြီးတော့မှ-

'ကဲ··· အလုပ်တွေသိမ်းပြီး ကိုယ်တို့နှစ်ယောက် ယမကာပွဲလေးဖွဲ့လိုက်ရအောင်'

'ပုလင်းက···'

'မောင်ဖုန်းရယ်၊ ဂျော်နီလမ်းလျှောက်ကို ကိုယ်က အမြဲဆောင်ထားတာပါ'

'မမက အရက်သောက်တာမကြိုက်ဘူး ဦးလေးပါ'

'သူမကြိုက်ပေမယ့် ကိုယ်တို့က ကြိုက်တယ်ကွာ။ နေ့တိုင်း သောက်နေတာမှမဟုတ်တာ'

'မမ တစ်ခေါက်ပြန်လှည့်လာရင် မကောင်းဘူး'

'မလာပါဘူး မောင်ဖုန်းရာ။ ကိုယ့်လူမှာလည်း မမကို ကြောက်နေလိုက်တာ အမောပါပဲလား'

ပြောပြီးပြုံးသည့် ဦးလေးပါအပြုံးကို စိတ်မလုံမခြုံ





နှင့် သူရယ်တော့ ဦးလေးပါက ပို၍ပြီး ပြုံးလိုက်ပါသေးသည်။

❀ ❀ ❀

ညှော်ခန်းသို့လှမ်းအဝင်မှာပင် ဒါမီးက အပြေးကလေး ဖက်တွယ်သည်။ သမီးကို မ,ယူချီပွေ့တော့-

'ဟင်··· ဖေကြီး၊ အရက်တွေသောက်လာတယ် ဟုတ်လား'

'မသောက်ပါဘူး သမီးရဲ့'

'ကွမ်းတွေစားလာတယ်'

သမီးက သူ ကွမ်းဝါးလာလျှင် အရက်သောက်ထားသည်ဟု ပုံသေကားချ မှတ်ယူထား၏။

ဒါကလည်း နေခြည်နှင့် ပေါင်းသင်းစဉ်က အလေ့ အထတစ်ခု။

ယောက္ခမ အိမ်ပေါ်တက်တိုင်း ပါးစပ်က အရက်နံ့ မထွက်အောင် အာချေးကွမ်းယာလောက်တော့ ဝါးလာရစမြဲ။

'ကွမ်းဝါးတိုင်း အရက်သောက်ထားရရောလား သမီးရဲ့'

'မီးက လိမ်တာ မကြိုက်ဘူးနော်'

'တိုးတိုးပြောပါ သမီးရယ်၊ သမီး ကြီးမေတို့ ကြားသွားရင် တို့သားအဖ သူတို့ အိမ်ပေါ်ကဆင်းပြေးရမှာ'



www.burmeseclassic.com

www.burmeseclassic.com



သည်လိုပြောတော့လည်း သမီးက ပူပန်တတ်ဟန်ရှိသည်။ သူမ၏နှုတ်ဖျားကလေးကို လက်ဝါးနှင့်ပြန်ပိတ်၏။

'ကြီးမေတို့ကော'

'ထမင်းစားနေတယ်'

'သမီးကော'

'မီးက အစောကြီးကတည်းက စားထားတာ။ ထမင်းစားပြီး ဖေကြီးအလာကို စောင့်နေတာ'

'ပြောစရာစကား ရှိနေလို့လား'

'ရှိတာပေါ့'

ပြောပြီး သမီးက ဂိုယ်ကို လျှော့ပြီးဆင်းသည်။

သမီးကို အလိုက်သင့်အောင် အောက်ချပေးတော့ သမီးက အခန်းထဲပြေးဝင်၏။

သမီးပြန်ထွက်လာသောအခါ သမီးလက်ထဲမှာ ဝတ်စုံအထုပ်များ တပွေ့တပိုက်ပါလာသည်။

သူမျက်မှောင်ကြုပ်လိုက်၏။

ပြီးမှ–

'အားပါး… သမီးကို ကြီးမေတို့က ရက်ရက်ရောရောကြီးကို ဝယ်ပေးထားပါလား'

သမီးက စကားဆိုရန် ပြင်ဆင်ဆဲတွင် မမကြီးနှင့်





မမလက် ထမင်းစားခန်းထဲက ထွက်လာပြီး–

'တို့ ဝယ်မပေးရပါဘူးဟယ်။ ခင်သူဇာလေ ကားနဲ့ရောက်လာပြီး သမီးကို ခေါ်သွားတာ။ ပြန်လာတော့ ဝယ်လာလိုက်တဲ့ပစ္စည်းတွေ အစုံပါပဲ'

'မမခင်သူဇာ ဘယ်အချိန်က လာသွားတာလဲ မမကြီး'

'မနက်ဆယ်နာရီလောက်ကပဲ၊ မင်းသမီးကတော့ ခင်သူဇာလာရင် ဘာမြူးသလဲမမေးနဲ့'

မမကြီးအသံတွင် ကျေနပ်မှုများ ပါနေသည်ကို သတိပြုမိ၏။

မမလတ်ကလည်း–

'မီးငယ်ကို ဝယ်ပေးတဲ့ပစ္စည်းတွေကြည့်ပြီး တို့မှာ အရှမ်းအားနာနေရတာဟယ်။ မမကြီးနဲ့ မမလတ်စားဖို့ဆိုပြီး မုန့်ပုံးနဲ့ ပန်းသီးတွေ ဝယ်လာလိုက်တာ။ ဈေးကတော့ ဘယ်လိုမှ သေးမှာမဟုတ်ဘူး'

အားနာသည်ဆိုသော်လည်း မမလတ်အသံမှာ မမကြီးအသံလို ကျေနပ်နှစ်သက်မှုများ ပါနေ၏။

'ဖေကြီး'

'ဘာလဲ သမီး'



www.burmeseclassic.com

www.burmeseclassic.com



'အန်ကီခင်က ဝက်ဝံရုပ်ပါတဲ့ ကျောပိုးအိတ်လည်း ဝယ်ပေးသေးတယ် သိလား'

ဒါကတော့ သမီးအလိုချင်ဆုံးဖြစ်သည်။ သူ့ကို တဖွဖွ မှာနေသည်မှာလည်း ကြာပြီ။

'သုံးထောင်တောင်ပေးရတယ်'

သမီးက ဈေးကို မှတ်ထားပုံရ၏။

'ချောကလက်နဲ့ ဂျယ်လီဗူးတွေလည်း ဝယ်ပေးတယ်'

သူ ပင့်သက်ချသည်ကို သမီးက မြင်မည်မဟုတ်။

မမခင်သူဇာ ဝယ်ပေးသည့် သမီးအတွက် ဝတ်စုံများ ကို ဖြန့်ကြည့်ရင်း ကြီးဒေါ်နှစ်ယောက်မှာ တပြုံးပြုံး။

'မဂ္ဂဇင်းတိုက်ကို မမခင်သူဇာ ရောက်လာတော့ ကျွန်တော့်ကို ဘာမှမပြောဘူး'

'ဒါကတော့ မောင်ဖုန်းရယ်၊ သူဝယ်ပေးခဲ့တာကို ပြောပြရင် စေတနာကို မဏ္ဍပ်တိုင်တက်ပြတယ် ထင်ခံရမှာစိုး လို့မပြောတာနေမှာပေါ့။ ခင်သူဇာက အနေအထိုင် အပြော အဆို အင်မတန် အဆင့်မြင့်တဲ့ မိန်းကလေးတစ်ယောက်ပဲ'

မမလတ်စကားကို သူကပြုံးတော့-

'တို့က အမှန်ပြောတာပါ။ တို့တူမလေးနဲ့ တို့အပေါ် သိတတ်လို့ ဒီစကားမျိုးပြောတာ မဟုတ်ပါဘူး'





'ဟုတ်ပါတယ်၊ ကျွန်တော်က ဘာပြောလို့လဲ'

'မင်းပြုံးပုံက တစ်မျိုးလေ'

သည်တစ်ခါတော့ သူအသံထွက်အောင် ရယ်၏။

သည်ညနေ အိမ်အပြန်ကတော့ မိသားစုပျော်ပျော်ရွှင် ရွှင်နှင့် မင်္ဂလာပါပဲ။

မင်္ဂလာကို ရရှိခံစားရင်း မမကြီးနှင့်မမလတ်၏ စိတ် ပိုင်းဆိုင်ရာများကို သူ တဆက်တည်းတွေးသည်။

မမခင်သူဇာကို မမကြီးနှင့် မမလတ် အရေးပေး၊ အလေးပေးသည်ကတော့ ခုမှမဟုတ်ပါချေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

သည်လမှာသုံးမည့် သူ့ကဗျာအတွက် ပန်းချီပုံကို ကြည့်ပြီး အောင်ထိုက်က သဘောကျနေ၏။

ယနေ့ မဂ္ဂဇင်းခေတ်က ငါ အယ်ဒီတာဆိုပြီး ကုလားထိုင်မှာ ဖင်ပြုတ်စွဲအောင် ထိုင်နေရတဲ့ခေတ် မဟုတ်ဘူးကွဟု ဆိုတော့ အောင်ထိုက်က ရယ်သည်။

ယနေ့ မဂ္ဂဇင်းများ၏ လှုပ်ရှားမှုတွေ။

အယ်ဒီတာသည် မျက်စိနှင့်နားကို ဖွင့်ထားရုံမက ခြေကိုပါသွက်ထားရသည်။

အောင်ထိုက်နှင့် စာပေလောကသားများအကြောင်း ပြောရင်း သူက လက်မှနာရီကို တကြည့်ကြည့်လုပ်သည်။ ဒါကို အောင်ထိုက်က-



‘မင်း အယ်ဒီတာလုပ်မှပဲ သူငယ်ချင်းတွေ လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေး ထိုင်ရတယ်ကို မရှိဘူး။ ဒါကြောင့် ချစ်လူကပြောတာ။ တိုက်သွားရင်လည်း အေးအေးဆေးဆေး စကားမပြောရပါဘူးကွာတဲ့။ လာလိုက်တဲ့ဖုန်းကလည်း တဂွီဂွီနဲ့တဲ့။ ဒီကောင့်ကြည့်ရတာ ပျာယာခတ်နေတာပဲတဲ့’

‘ယနေ့ကာလက အပြိုင်အဆိုင်ကာလလေကွာ။ မဂ္ဂဇင်း ဦးအောင်ထွက်ရေးအတွက် အချိန်ကိုဖိပြီး လုပ်နေကြရတာ။ ဦးလေးပါခများမှာလည်း အပြင်နေ အပြင်စားဖြစ်နေပြီ။ သူမနိုင်မနင်းဖြစ်နေရင် ငါလည်း လွယ်အိတ်လွယ်ပြီး အပြင်ထွက်ရတာပေါ့’

‘ဒါနဲ့…’

အောင်ထိုက်က စကားကို မဆက်သေးဘဲ သူ့မျက်နှာကို ကြည့်သည်။ ပြီးတော့ ဒီကောင့်မျက်နှာ ပြုံးစိစိဖြစ်နေ၏။

‘မင်းပြောမယ့်စကားကို ငါသိတယ်’

‘ကဲ… ဘာလဲပြော’

‘မမခင်သူဇာနဲ့ပတ်သက်တဲ့ စကားကို မင်းပြောမလို့မို့လား’

‘အဟား… အကင်းကလည်း ပါးပါ့ကွာ’

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်မို့လား'

'ဟုတ်တယ်၊ တို့သူငယ်ချင်းတွေအားလုံး မင်းနဲ့ မမခင်သူဇာကို စိတ်ဝင်စားနေကြတယ်'

'ဟာ… မင်းတို့ စိတ်ဝင်တစားဖြစ်နေရလောက်အောင် ငါနဲ့ မမက အနေအထိုင် အမူအရာ ပျက်ပြားနေလို့လား'

အောင်ထိုက်က ပြုံးရင်းနှင့် စီးကရက်တစ်လိပ်ကို ဆွဲယူပြီး မီးညှိသည်။

တစ်ချက်ရှိုက်ယူ မှုတ်ထုတ်လိုက်ပြီးမှ-

'မပျက်ပြားပါဘူး'

'မပျက်ပြားဘဲနဲ့များ စိတ်ဝင်စားစရာ ရှိရသေးလားကွာ'

'သိပ်ရှိတာပေါ့ ရဲဖုန်းအောင်ရာ၊ မင်းနဲ့ မမခင်သူဇာ စတင်ဆုံစည်းမှုကို မနေ့က အရက်ဝိုင်းမှာ တင်ရွှေချိုက မူးမူး ရှူးရှူးနဲ့ လျှောက်ပြောတယ်။ မင်း အမြဲဝတ်လေ့ဝတ်ထရှိတဲ့ ဆန္ဒင်းမကင်းကွက်အပြာရောင် ရှိုင်လုံချည်ဟာ မမခင်သူဇာရဲ့ ကရုဏာလက်ဆောင်တဲ့။ တင်ရွှေချိုက သေသေချာချာကို ပြောတာ'

'ဟာ… ဒီကောင် အရက်မူးမူးနဲ့ ဘာတွေလျှောက်ပြောနေတာလဲ'





'တင်ရွှေချိုပြောတာ မဟုတ်ဘူးလား၊ နောက်ပြီး မင်းနဲ့ မမခင်သူဇာကို အပြင်မှာ တတွဲတွဲနဲ့ သွားလာနေတာ ငါတို့ အကုန်မြင်တယ်'

'ဒါက လုပ်ငန်းကိစ္စတွေပဲကွာ။ မမရဲ့ကုမ္ပဏီကိစ္စတွေမှာလည်း ငါက ရံဖန်ရံခါ အကြံဉာဏ်ပေးရတယ်'

'အဲဒါပါ'

'ဘာ အဲဒါပါလဲကွ'

'အဲဒါကို စိတ်ဝင်စားနေကြတာပါ။ မင်းနဲ့ မမခင်သူဇာ ဘာဘာညာညာ ဖြစ်နေကြလေသလားလို့ တို့သူငယ်ချင်းတွေထဲက ဘယ်သူမှ မင်းကို မစွပ်စွဲဘူး'

ပြောပြီး ဒီကောင့်မျက်နှာ ပိုပြုံးနေ၏။

'မမ ငါ့အပေါ်ထားတဲ့ စိတ်သဘောထားက အရမ်းဖြူစင်တယ်'

'ဒါကတော့ တို့ထက် မင်းကပိုသိတဲ့ကိစ္စလေ။ ဘာပဲဖြစ်ဖြစ်ကွာ…'

စကားကိုတန့်ပြီး ရေနွေးကြမ်းငှဲ့သည်။

အောင်ထိုက် ဆက်လာမည့်စကားကို နားထောင်ချင်သည်ထက် အလုပ်တိုက်ကို ပြန်ချင်သည့်စိတ်က များနေ၏။

သည်နေ့ စာမူတွေကို စိစစ်ပြီး ကွန်ပျူတာပို့ဖို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသေးသည်။

'တို့သူငယ်ချင်းတွေအားလုံးကတော့ မင်းနဲ့ မမခင်သူဇာကို သဘောတူတယ်'

'ဒါပဲလား'

'အေး...'

'အေးဆိုရင် လက်ဖက်ရည်ဖိုးရှင်းရင်း နေခဲ့ပေတော့၊ ငါ့မှာ အလုပ်တွေ အများကြီးရှိသေးတယ်'

သူ ဆိုင်အပြင်ရောက်တော့ နောက်ပါးမှ အေးပေးဆိုသည့်အသံကို သဘောကျစွာဖြင့် ပြုံးလိုက်ရသေးသည်။

❀ ❀ ❀



(၂၂)

'ဟာ... သမီးက ဖေကြီးစားပွဲမှာထိုင်ပြီး အယ်ဒီတာမကြီး လုပ်နေပါလား'

မဂ္ဂဇင်းတိုက်သို့ သမီး ရောက်ရှိနေသည်မှာ သူ့အတွက် တအံ့တဩ ဖြစ်စရာမဟုတ်တော့။

စနေနေ့လို ကျောင်းပိတ်ရက်များတွင် မမခင်သူဇာသည် အိမ်ဝင်ပြီး သမီးကို မဂ္ဂဇင်းတိုက်သို့ ခေါ်လာတတ်မြဲဖြစ်သည်။

ရုံးဖွင့်ရုံခါတွင် ဒဂုန်စင်တာရှိ သူမ၏ အရောင်းဆိုင်သို့ ခေါ်သွားတတ်ပြီး သမီးလိုချင်သမျှကို ရှာဖွေပေးတတ်သေး၏။

'ဖေကြီး ဘယ်တွေလျှောက်သွားနေတာလဲ။ မီးနို့ အန်တီရောက်နေတာ ကြာလှပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဖေကြီးက ပန်းချီဆရာတွေဆီ သွားရသေးတယ် သမီးရဲ့'

မမကတော့ ရယ်ရယ်ပြုံးပြုံးနှင့် ရှိသည်။

သမီး မဂ္ဂဇင်းတိုက်သို့လိုက်လာသည့် နေ့များတွင် မမခင်သူဇာလည်း သူ့မစားပွဲမှာ အခန့်သားထိုင်နေရသည်ကို မရှိတော့။ လမ်းထိပ်ထွက်ပြီး သမီးနှင့် လက်ဖက်ရည်သောက်သည်။ ပြန်လာလျှင် သမီးနှစ်ခြိုက်သည့် အချိုမုန့်များ ပလတ်စတစ်အိတ်နှင့် အပြည့်ပါလာတတ်သေး၏။

သမီး မဂ္ဂဇင်းတိုက်ရောက်လာလည်း သူ့မှာ သမီးနှင့် စကားများများစားစား ပြောချိန်မရှိ။

သူ စာမူများတည်းဖြတ်နေချိန်တွင် သမီးသည် မမခင်သူဇာနှင့်အတူ အကျီပုံဆန်းများပါသည့် ကတ်တလောက်စာအုပ်များကို ငြိမ်သက်စိတ်ဝင်စားစွာ ကြည့်နေတတ်ပါ၏။

ညနေစောင်းတော့ မမခင်သူဇာက အလုပ်တိုက်မှာ အဆင်သင့်ထားသည့် သူ့မ၏ အလှပြင်ပစ္စည်းများထုတ်ပြီး အလှပြင်သည်။

ပြီးတော့ သမီးကိုလည်း ခြယ်သပေးသေး၏။

'ကိုဖုန်း'

ခေါ်သည်ကို မော့ကြည့်တော့-





'အလုပ်ဆင်းချိန်ပဲဟာ'

'ကျွန်တော် နောက်ကျမှ ပြန်တတ်တာ မမသိသားပဲဟာ'

'ထားပါ… မမတို့ ဘုရားသွားဖို့ အစီအစဉ်ရှိတယ်။ မီးငယ်ကလည်း ဘုရားလိုက်ပို့ဖို့ ပူဆာနေတယ်'

'သွားလေ မမ'

'မင်းပါလိုက်ခဲ့လေ'

ဖျတ်ခနဲကြည့်တော့ မမနှင့် အကြည့်ချင်းဆုံသည်။

မမ၏ရွှန်းလက်သော မျက်ဝန်းအလှကို တစ်ခဏခံစားဆဲမှာ ထံပါးသို့ သမီးရောက်လာ၏။

'ဖေကြီးလည်း လိုက်ခဲ့ရမယ်။ မီး ဘုရားသွားချင်တယ်'

'ဖေကြီးက ဦးလေးပါကို စောင့်ရဦးမယ် သမီးရဲ့'

သမီး မျက်လုံးအဝိုင်းသားနှင့်ဖြစ်နေဆဲမှာ မမက-

'အပြင်က သော့ခတ်ခဲ့လည်း ပြီးတာပဲ ကိုဖုန်းရဲ့။ ခါတိုင်းလည်း ဦးလေးပါ အပြင်ရောက်နေချိန်မှာ ဒီလိုပဲ လုပ်တာပဲဟာ'

'မဟုတ်ဘူး မမ၊ ညနေခြောက်နာရီ ဒီဇိုင်းဆရာတွေကို ငွေထုတ်ပေးဖို့ ချိန်းထားသေးတယ်။ ဆောရီးနော် မမ'



www.burmeseclassic.com

www.burmeseclassic.com



'ရတယ်လေ။ ကိုဖုန်းမလိုက်လည်း မီးငယ်နဲ့ မမ သွားဖို့ ဆုံးဖြတ်ပြီးသား'

'ဖေကြီး မကောင်းဘူး။ နောက်ကို ဖေကြီးခေါ်ရင် မီး ဘယ်တော့မှ မလိုက်ဘူး'

နှစ်ယောက်စလုံးကိုကြည့်ပြီး ခေါင်းကုပ်နေခြင်းသာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

သူ ခေါင်းကို တဗျင်းဗျင်းနှင့်ကုပ်တော့-

'ကဲ… ခေါင်းကို ဒီလောက်အထိ အရှုပ်ခံမနေပါနဲ့ ကိုဖုန်းရယ်။ ကိုဖုန်းမလိုက်တော့ ကိုဖုန်း ကုသိုလ်မရဘူးပေါ့။ လာ မီးငယ်၊ အန်တီတို့သွားကြမယ်'

ကားပေါ်တက်တော့ သမီးက သူ့ကို မျက်စောင်းတစ်ချက်ထိုးသွားပါ၏။

ဒါကို မမမြင်သည်။

မမက သဘောကျစွာဖြင့် ပြုံးသေး၏။

❀ ❀ ❀



## (၂၃)

သည်နေ့ ထူးထူးခြားခြား ဆုံဖြစ်ကြသည် ပြောရမည်လားမသိ။

တင်ရွှေချို့တိုက်ခန်း သူရောက်တော့ အောင်ထိုက်နှင့် ခူ့စ်လူ ရောက်နှင့်နေကြသည်။

'ကျားသားမိုးကြိုး၊ ငါ ဒီနေ့ထီထိုးရင် ပေါက်ဖို့ရာနှုန်း တော်တော်များများ သေချာနေပြီ'

ကင်ရွှေချိုက တအံ့တသြပြောပြီး မပံ့သက်ာအကြည့်နှင့်လည်း-

'မင်းတို့ ငါ့ကို ဒုက္ခပေးဖို့ ချိန်းချက်ပြီးတော့များ ငါ့တိုက်ခန်းကို စုဝေးရောက်လာကြတာလားကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ချစ်လှူနဲ့ ငါကတော့ ချိန်းပြီးကိုလာတာ။ ဒီကောင် ရောက်လာမယ်မှန်း လုံးဝမမျှော်လင့်ဘူး'

'ငါကလည်း သည်နေ့မှ တင်ရွှေချိုဆီ ဝင်ချင်နေတာ။ နေပါဦး… မင်းတို့နှစ်ကောင် တင်ရွှေချိုဆီရောက်လာတာ ထူးထူးခြားခြားပါလား'

သူ့ကို အောင်ထိုက်က စူးစူးစိုက်စိုက်ကြည့်ပြီး-

'မင်းကိစ္စကို တင်ရွှေချိုနဲ့ ပြောမလို့'

'ငါ့ကိစ္စ ဟုတ်လား။ အပေါင်းအသင်းတွေကြားမှာ ငါ့ကိစ္စ လောက်လောက်လားလား ပြောစရာမရှိဘူးထင်တယ်'

'ကဲ… ကဲ… ပြောစရာရှိတာတွေ နောက်မှပြော၊ တို့သူငယ်ချင်းတွေဆုံတုန်း မသောက်မစားကြရင် ပျော်စရာညနေခင်းကို ဖျက်ဆီးလိုက်ရာကျမယ်။ ဒီတော့ ထုံးစံအတိုင်း ပေါ့ကွာ'

လေးယောက်စလုံးက အသောက်အစား နည်းနည်းပါးပါးစီရှိတော့ ကန့်ကွက်မည့်သူမရှိ။

သူတို့ ချိတက်သည့်နေရာက 'မင်္ဂလာပါ' ဆိုသည့် ယမကာဆိုင်။ စားပွဲထိုင်ဖြစ်တော့ ဘာသောက်မလဲဆိုသည့် အမေးကို တစ်ယောက်နှင့်တစ်ယောက် မေးနေစရာမလို။

မင်္ဂလာ၏ ဘီအီးအရသာကိုတော့ သူတို့ ကောင်း





ကောင်းသိသည်။ ဘီအီးမှာ လစ်ပိုတစ်လုံးလောက် ရောစပ်လိုက်ရုံနှင့် အရသာက ပြီးပြည့်စုံသည်။

'အမြည်းက ဘာမှာမလဲ ဆရာ'

စားပွဲထိုးချာတိတ်၏အမေးကို မဖြေဘဲ တင်ရွှေချိုက သူ့မျက်နှာကို လှမ်းကြည့်၏။

'ငါးရှဉ့်၊ ဆေးဘဲဥ၊ ပဲပင်ပေါက်ကြော်'

'အိုကေ… လုံလောက်ပြီ'

မကြာမီ ပုလင်းနှင့် ဖန်ခွက်များ ရောက်လာ၏။

'အရက်ကို ပထမတစ်ကြိမ်ပဲ အချိုးကျထည့်ပေးမယ်။ နောက်ထပ်လာမယ့်အကြိမ်တွေကိုတော့ ကိုယ့်လီမစ်နဲ့ချိန်ပြီးသောက်ကြ။ လေးဖက်ထောက်ရတဲ့ အခြေအနေရောက်ရင်လည်း မပူနဲ့။ ဆိုက်ကားပေါ်တင်ပြီး ဆိုက်ကားဆရာကို လိပ်စာကတ်ကလေးတွေ ပေးလိုက်မယ်'

'မင်းသာ သေအောင်သောက်ပြီး လေးဖက်ထောက် အိမ်ပြန်ဖို့မယ့်ကောင်။ အေပေး…မင်းလိုချိုးသမား တစ်ယောက်မှ တို့ထဲမှာမပါဘူး'

အောင်ထိုက် စွပ်ချက်က တင်ရွှေချိုကို မိမိရရထိ၏။

မှန်လည်း မှန်ပါသည်။

သူငယ်ချင်းတွေထဲမှာ ဒီကောင် အသောက်ကြူးဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ညနေတိုင်း အရက်ပုလင်း ဖက်မထားရလျှင် မနေနိုင်သည့်ကောင်။ လက်သုံးစကားကတော့-

'တစ်နေကုန် အညောင်းမိ အညာမိပုံတွေ ထိုင်ရေးရတာကွာ။ အရက်ကလေးမှ မသောက်ရရင် အညောင်းမိပြီး သေရချည်ရဲ့'

သည်စကားကို ရံဖန်ရံခါမှ သောက်တတ်သည့် အောင်ထိုက်နှင့် ချစ်လူက အလေးထားခြင်းမရှိ။

သူကတော့ အလေးထားခဲ့သည်။

သည်စကားမျိုးကို ဦးလေးပါလည်း သူ့ကိုပြောခဲ့ဖူးပါ၏။

'ကဲ… ယမကာလေးလည်း ဝင်သင့်သလောက်ဝင်ပြီး ဆွေးနွေးပွဲကို စတင်ကြရအောင်'

'ဘာဆွေးနွေးပွဲလဲ'

ချစ်လူ၏စကားကို နားမလည်စွာဖြင့် သူက မေး၏။

'မင်းကိစ္စ ဆွေးနွေးမှာ ရဲဖုန်းအောင်။ မင်းကိစ္စကို သီးသန့်ဆွေးနွေးဖို့ တို့ ရောက်လာတာ။ မင်းပါရောက်လာတော့ ပိုပြီးပွင့်ပွင့်လင်းလင်း ရှိသွားကာပေါ့'

'ဟုတ်တယ်'

ဟုတ်တယ်ဆိုသည်က တင်ရွှေချို၏ ခပ်လေးလေး အသံ။





'အင်း… ငါ သဘောပေါက်လိုက်ပြီကွာ။ မင်းတို့မှာလည်း ငါနဲ့ပတ်သက်ပြီး နေရင်းထိုင်ရင်း အလုပ်ရှုပ်၊ ခေါင်းရှုပ်ခံနေကြပါလား'

'ဟော့ကောင်… တို့တွေ ခေါင်းရှုပ်ခံနေတာက မင်းဘဝထက် မီးငယ်ဘဝအတွက် ခေါင်းရှုပ် အလုပ်ရှုပ်ခံနေကြတာကွ'

မမခင်သူဇာအကြောင်းရာသည် အဓိကကျကျ ပါလာတော့မည်ကို စဉ်းစားအတွေးမှားစရာမလိုပါ။

မင်းကို မမက ချစ်နေတယ်ကွဆိုသည့် ချစ်လူ၏ စကားကို ထိတ်လန့်ချောက်ချားစွာ အကြားမှာ မှာထားသည့် အမြည်းပွဲများ ရောက်လာ၏။

'ချစ်လူစကားမှန်တယ် ရဲဖုန်းအောင်။ ငါတို့က မမအခြေအနေကို အကဲခတ်နေတာ။ မီးငယ်အပေါ်မှာထားတဲ့ မမရဲ့သံယောဇဉ်တွေဟာ မင်းနှလုံးသားနဲ့ ပတ်သက်ဆက်နွယ်မှုတွေ အများကြီးပါနေတယ်'

'ခက်ပါလား၊ မင်းတို့ မမရဲ့ စေတနာတွေကို အသေအချာကို စော်ကားနေပါလား။ မမရဲ့ ရိုးသားတည်ကြည်မှုတွေကို မင်းတို့ ရှာဖွေမတွေ့တာကတော့ ဝမ်းနည်းစရာပဲ'

'ဒီမယ် ရဲဖုန်းအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ပြောလေကွာ'

'မင်းနဲ့ မမကို တို့သူငယ်ချင်းတွေက သဘောတူကြတယ်'

'မင်းတို့က ဖူးစာရေးနတ်လား၊ မင်းတို့ သဘောတူတိုင်း ဟိုက လိုက်ဖြစ်ရတော့မှာလား'

'မင်းစကားတွေကို ဟိုဟိုဒီဒီ လျှောက်ပြောမနေနဲ့။ မီးငယ်မှာ စိတ်နှလုံး ရိုးဖြောင့်တဲ့ မိခင်တစ်ယောက် အမြန်လိုအပ်နေတယ် ရဲဖုန်းအောင်'

သူ့စိတ် တွေဝေသွားသည်။

သမီးနှင့် မမအခြေအနေ။ သမီးသည် မမကိုင်တွယ်လို့ရသည့် ဖယောင်းကလေးတစ်ခုလား။

မှုးယစ်ဝေသီမှုများကြားမှ သူတို့၏စကားများသည် သမီးအတွက် အင်အားများဟု နားလည်သဘောပေါက်သည်။

တွေဝေနေဆဲမှာပင် တင်ရွှေချိုက-

'မင်းကိုမေးမယ်၊ လိမ်ညာပြီးတော့မဖြေနဲ့'

သူ မျက်နှာကိုလှမ်းအကြည့်မှာ-

'မင်း မမကို မချစ်ဘူးလား'

'ဟာ… နေခြည်နဲ့ တရားဝင်ကွာရှင်းမှုမရှိဘဲနဲ့ မမကို ချစ်တယ်လို့ ငါပြောလိုက်ရင် မမကို ဘယ်လောက်ထိ





ဂေါ်ကားမှုဖြစ်သွားနိုင်တယ်၊ မမအတွက် ဘယ်လောက်နစ်နာမှုရှိသွားနိုင်တယ်ဆိုတာ မင်းတို့ စဉ်းစားမိဖို့ကောင်းတယ်'

'မဟုတ်ဘူးလေ၊ ဒီအကြောင်းအရာက တို့သူငယ်ချင်းတွေ ဖြေရမယ့်ကိစ္စပဲဟာ'

'အဲဒီအမေးကို ငါ မဖြေဘူး'

'မဖြေနဲ့ ရတယ်၊ မင်း တရားဝင်မဖြေလည်း မင်း မမကို စိတ်ဝင်စားနေတယ်၊ ချစ်နေတယ်ဆိုတာ တို့သိတယ်။ အဲ… မမကလည်း မင်းကို စိတ်ဝင်စားနေတယ်၊ သံယောဇဉ်ကြီးနေတယ်ဆိုတာကိုလည်း တို့တွေက သိထားပြန်သေးတယ်'

သည်အကြောင်းအရာအပေါ်မှာ သူ ဘာစကားမှ မပြောတော့။

လမ်းခွဲချိန်ထိ မင်းနဲ့ မမ အသည်းနှလုံးချင်း သိနေကြတယ်ဆိုသည့်စကားကို ထပ်ခါတလဲလဲပြောပြီး ကိုယ့်အိမ်ကိုယ်ပြန်ဖြစ်ခဲ့ကြသည်။

• သူ အိမ်ပြန်ရောက်တော့-

❀ ❀ ❀

'မင်းမိန်းမ လာသွားတယ်'

ရုတ်တရက် ပွင့်ထွက်လာသည့် မကြီးစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းက မတ်ခနဲဖြစ်သွားရသည်။

'အစကတည်းက မင်း ပြတ်ပြတ်ရှင်းရှင်း လုပ်ခဲ့ရင် သူ ဒီလိုစကားမျိုးကို လာပြောစရာတောင် မလိုဘူး'

'နေခြည် စကားနဲ့လာစော်ကားသွားလို့လား မမကြီး'

'မစော်ကားပါဘူး။ သူ့ကို တရားဝင်ကွာရှင်းပေးဖို့ လာပြောသွားတာ'

'ဟင်း... ဟင်း... ရယ်ရတယ်ဗျာ။ သူ ဒီလိုလာ ပြောတော့ ငါ့မောင်ဘက်က အဆင်သင့်ပဲဆိုတဲ့ စကားကို မမကြီးက မပြောလိုက်ဘူးလား'

'ငါ မင်းမိန်းမနဲ့ စကားရှည်ရှည်မပြောချင်ဘူး မောင်ဖုန်း၊ နှင့်ယောကျ်ားပြန်လာရင် ပြောလိုက်မယ်လို့ပဲ ပြောလိုက်တယ်'

'သမီးနဲ့ တွေ့သွားသေးလား'

'မီးငယ်က သူ့ကို ခေါ်သွားမှာစိုးလို့ အခန်းထဲမှာ ပုန်းနေတာ။ သူလည်း မိန်းမပေါ်းပဲ။ ငါ မျက်နှာထားတင်းနေတာကိုကြည့်ပြီး ထပြန်သွားတာပဲ'

မမကြီးနှင့် စကားဆိုနိုက် မမလတ်နှင့် သမီး လှမ်းထိုပ်စတိုးဆိုင်က ပြန်လာကြသည်။

မမလတ်က သမီးကို ပွေ့ထားရင်းမှ-

'မင်း ကိစ္စကို မြန်မြန်သွားရှင်းပေးလိုက်။ မင်းလည်း





စိတ်ပြတ်လို့ သမီးကိုခေါ်ပြီး အိမ်ပေါ်ကဆင်းလာတာပဲ။ သူကလည်း စိတ်ပြတ်လို့ သူလွယ်မွေးထားတဲ့ ကလေးကိုတောင် မင်းနဲ့ထည့်လိုက်တာပဲ'

'စိတ်ချပါ မမလတ်၊ ကျွန်တော် ဒီရက်ပိုင်းအတွင်းမှာ သူနဲ့ အဆက်အသွယ်ယူပြီး တရားရုံးမှာ ကွာရှင်းကိစ္စကို စီစဉ်ပေးလိုက်ပါ့မယ်။ ဒီဆုံးဖြတ်ချက်က ကျွန်တော် အိမ်ပေါ်က ဆင်းလာကတည်းက ရှိထားပြီးတဲ့ ဆုံးဖြတ်ချက်ပါ'

'နောက်လင်က မြန်မြန်ယူချင်နေပြီလေ'

မမကြီးစကားကို မမလတ်က-

'မလတ်တို့ကလည်း ကိုယ့်မောင်ကို နောက်ထပ်မိန်းမ ပေးစားလိုက်ရုံပဲပေါ့ မမကြီးရဲ့'

အပျိုကြီးနှစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့သောစကားပါ။

သူက ပြုံးပြီး သမီးကို မမလတ်လက်ထဲက ဆွဲယူပွေ့ ချီတော့-

'နံ့တယ်'

သမီးက နှာခေါင်းလေးပိတ်ပြီး ပြောသည်။

'မင်းမလည်း အရက်က ရက်ဆက်သောက်ဖြစ်နေပြီ။ ခင်သူဇာလာမှ မင်းမိုက်မဲတာတွေ ပြောဖြစ်အောင် ပြောပြလိုက်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ မသိကျိုးကျင်ပြုသည်။

မမနှင့် ပတ်သက်သမျှသည် မမကြီး၊ မမလတ်တို့ အတွက် အားလုံးအကောင်းချည်းပါပဲ။

❁ ❁ ❁

## (၂၄)

မမနှင့်အတူ လမ်းထိပ်ထွက်ပြီးလက်ဖက်ရည်သောက် တိုင်း ဦးလေးပါကို ဘယ်လိုမှခေါ်မရ။

မမကလည်း လက်ဖက်ရည်သောက်ထွက်တိုင်း ဦးလေး ပါကို အလေးတစိုက်ခေါ်ခြင်းမရှိသည်ကိုလည်း သတိပြုမိ၏။

ဦးလေးပါ သူနှင့် အရက်အတူသောက်စဉ် အမူးလွန် သည့် ညတစ်ညမှာ ပြောခဲ့သည့် စကားတစ်ခွန်းကိုတော့ သူ မမေ့နိုင်စွာရှိ၏။

'ကိုယ့်တူမ အပျိုကြီးက ဦးလေးနဲ့အတူထွက်ပြီး လက်ဖက်ရည်သောက်ချင်တာမဟုတ်ဘူး မောင်ဖုန်းရေ။ ကိုယ့် လူနဲ့ အတူထွက်ပြီး လက်ဖက်ရည်သောက်ချင်တာ'



www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက ဦးလေးပါစကားကို နားထောင်ပြီး အနားမှာမရှိသည့် မမကို လွမ်း၍ အားနာမှုဖြစ်ရသေးသည်။

ခုလည်း အနားမှာ ဦးလေးပါရှိပါလျက်နှင့် သူ့ကိုခေါ်ပြီး လက်ဖက်ရည်သောက်ထွက်ခဲ့၏။

'ကိုဖုန်းကို အကဲခတ်နေတာ'

ယင်းစကားကို လက်ဖက်ရည်ဆိုင်နား မရောက်ခင် မမက ပြောသည်။

'ကျွန်တော့်မျက်နှာ ထူးခြားနေလို့လား မမ'

'ထူးခြားနေတာတော့မဟုတ်ဘူး။ တစ်ခုခုကို အလေးအနက်ထားပြီး စဉ်းစားနေတယ်ဆိုတာတော့ သိသာတယ်'

မမက သည်ထိ သူ့ကို ဂရုစိုက်သည်။

မမ၏မျက်လုံးတစ်ဝင့်မှာ သူ့ရင်မှ ခံစားချက်များကို မမ သိပြီးလိုက်ပြီဆိုသည့် အနေအထားမှာ ရှိပါ၏။

'မမပြောတာ ဟုတ်တယ်မို့လား'

'ဟုတ်ပါတယ် မမ'

'ဒါဖြင့် သိလို့ရရင် သိချင်တယ်လေ။ ကူညီခွင့်ရှိတယ်ဆိုရင်လည်း ကိုဖုန်းကို မမ ကူညီချင်ပါတယ်'

'ကျွန်တော်လည်း မမနဲ့တိုင်ပင်ဖို့ စဉ်းစားထားပါတယ်။ မမက လက်ဖက်ရည်သောက်မခေါ်ရင်တောင် ကျွန်တော်က



ခေါ်တော့မှာ'

'ခုတော့ အဆင်ပြေသွားတာပေါ့'

ဆိုင်ရောက်တော့ ခါတိုင်းလို အပြင်ဘက်ကျကျနေရာမှာ မထိုင်တော့။ အတွင်းထောင့်စားပွဲကို မမက ရွေးသည်။ ဆိုင်အတွင်းပိုင်းမှာတော့ လူရှင်းနေ၏။

လက်ဖက်ရည်နှစ်ခွက်ကတော့ အထူးမှာစရာမလို။ သူနှင့် မမ အကြိုက်ကို ချာတိတ်တွေက သိပြီးဖြစ်သည်။

'ပြော ကိုဖုန်း၊ ပြောတဲ့နေရာမှာ အခက်အခဲကို စပြော'

ဒါကတော့ မမရဲ့ စကားပြောမူဝါဒ။

သူမနှင့် ပတ်သက်စရာစကားဆိုလာလျှင် မမသည် တစ်ဖက်လူ၏ အခက်အခဲကို စတင်စိတ်ဝင်စားသည်။ အဲဒါကိုက မမရဲ့ ခင်မင်စရာ၊ လေးစားစရာစရိုက်ဖြစ်သည်။

မမသည် တစ်ဖက်သားကို စဉ်ထာဝရ ကူညီချင်နေသူလည်းဖြစ်၏။

'ကိစ္စက အခက်အခဲမရှိဘူး မမ'

'ဘယ်လို'

'နေခြည် ညကလာတယ်။ ကျွန်တော်နဲ့တွေ့မသွားဘူး။ တရားဝင်ကွာရှင်းပေးဖို့ ပြောတယ်'

www.burmeseclassic.com



‘ဒီတော့…’

‘ဒီကိစ္စက သူ့အမေ အိမ်ပေါ်ကဆင်းလာကတည်းက ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်နေတဲ့ကိစ္စပဲ မမ။ ဒီနေ့ အလုပ်တိုက်မှာ ထိုင်စဉ်းစားနေတာက ကွာရှင်းပြီးရင် သမီးနဲ့ ပတ်သက်ပြီး ဖြစ်လာမယ့် အကြောင်းတရားကို စဉ်းစားတာ။ ဆိုလိုတာက ကျွန်တော့်ရင်ခွင်ထဲကနေ သမီးကို တရားဥပဒေနဲ့ ဆွဲထုတ်ယူသွားမှာ အစိုးရိမ်ရဆုံးပဲ။ အဲသလိုဖြစ်လာရင်တော့ ကျွန်တော့်ဘဝတစ်ခုလုံးကို စွန့်ပစ်လိုက်မှာပဲ’

ဆိုလိုရင်း အဓိပ္ပာယ်ကို မမ သိလိုက်မည်။

သူ့စကားကို နားထောင်ရင်း မမမျက်နှာ တည်ငြိမ်လွန်းနေသည်။

အတန်ကြာမှ-

‘မီးငယ်က သူ့သမီးပဲ ကိုဖုန်းရယ်။ ဒါပေမဲ့ နေခြည် ဒီလောက်ထိ လုပ်လာမယ် မထင်ပါဘူး’

‘လုပ်လာရင်ကော…’

မမက သူ့မျက်နှာကို အတန်ကြာမျှ ကြည့်နေ၏။

‘ကျွန်တော့်အကြံဉာဏ်ပေးပါဦး မမရာ’

‘အကြံဉာဏ် ဟုတ်လား။ ဒီကိစ္စမှာ မမ အကြံဉာဏ် မပေးချင်ဘူး။ အကူအညီပဲပေးချင်တယ်။ အဲဒီအကူအညီက





လည်း ကိုဖုန်းနဲ့ နေခြည် ပြန်ပေါင်းဖို့ လမ်းကြောင်းတစ်ခု ဆက်ပေးချင်တဲ့ အကူအညီပဲ’

‘ဟာ… အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး’

သူ ခါးခါးသီးသီးဖြစ်သွားသည်ကို မမက မော့အကြည့်မှာ လက်ဖက်ရည်နှစ်ခွက် ရောက်လာ၏။

‘မီးငယ်ဟာ သူ့အမေနဲ့နေတာပဲ ကောင်းပါတယ် ကိုဖုန်းရယ်။ ကိုဖုန်း နေခြည့်ကို စွပ်စွဲမှုတွေဟာ သံသယတွေပါ။ နေခြည့်ကို အခန်းတစ်ခန်းထဲမှာ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ အတူနေတာ မြင်ခဲ့ရလို့လား’

‘နေခြည်ရဲ့ ကိုယ်ကျင့်တရား စုတ်ပွဲမှုတွေကို အတွင်းကျကျ မသိဘဲနဲ့ မမ မပြောပါနဲ့’

‘တရားစီရင်တယ်ဆိုတာ အတိအကျ အခိုင်အမာရှိမှ စီရင်ချက်ချလို့ရတယ် ကိုဖုန်း။ မမထင်ထားတယ်လေ…’

မမက စကားကို ခေတ္တရပ်သည်။

သူ မမမျက်နှာကို ချောက်ချားစွာ ကြည့်နေဆဲမှာ-

‘ကိုဖုန်းတို့လင်မယား ဖြစ်ခဲ့ပျက်ခဲ့ကြတဲ့ ပြဿနာက နေခြည်ရဲ့အစ်မ၊ မင်းရဲ့ယောက္ခမ၊ အဲဒါတွေက အစပြုလာကြတယ် မဟုတ်လား။ ဒါကလည်း တစ်အိမ်တည်း အတူနေကြလို့ဖြစ်လာရတဲ့ ပြဿနာ။ ကိုဖုန်းနဲ့ နေခြည် အိုးအိမ်ခွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



နေကြည့်လေ။ ဘေးပယောဂမပါတဲ့ သံသယဆိုတာ ချေဖျက်လို့လွယ်ပါတယ်ကွယ်'

သူ မှင်သက်စွာဖြစ်တည်နေဆဲ။

မမနှုတ်ဖျားက သည်စကားမျိုး ကြားရမည်ဟု လုံးဝထင်မထားခဲ့။

'နေရေးဆိုတဲ့ အခက်အခဲကို ကိုဖုန်း စဉ်းစားနေလား။ ဒါတွေကို မမတာဝန်ထားကွာ။ ဒါပေမဲ့ ဘဝတစ်ခု ဖြောင့်ဖြူးစေချင်တဲ့ မမရဲ့ စေတနာကိုတော့ မင်း နားလည်ပေးရမယ်'

'တော်ပါတော့ဗျာ။ မမ စကားတွေကို ရပ်လိုက်ပါတော့။ ကျွန်တော် မမကို တစ်ခုတော့မေးပါရစေ'

'မေးပါ'

'မမ ကျွန်တော့်ကို နေခြည်နဲ့ တော်တော့်ကို ပြန်ပေါင်းစေချင်သလား'

မမ၏အကြည့်မျက်လုံး ဝိုင်းစက်သွားသည်။

'ပြောမယ်··· အသည်းထဲစိမ့်ဝင်တဲ့အထိ မမှားထောင်'

သူ့စကားကို မမက နားစွင့်ထား၏။

'ကျွန်တော့်ဘဝထဲမှာ နေခြည် လုံးဝမရှိတော့ဘူး' ပြောပြီး သူ ထိုင်ရာမှ ဆတ်ခနဲထသည်။





'လက်ဖက်ရည်သောက်လေ'

'ကျွန်တော် မသောက်ချင်တော့ဘူး မမ'

'မသောက်ချင်ရင်လည်း ခဏပြန်ထိုင်။ မင်း ချက်ချင်းထသွားတော့ ဘေးကလူတွေက ဘယ်လိုထင်မလဲ'

မမ၏ ရုပ်သေးရုပ်လေးများ ဖြစ်နေရှာလားဟု သူ ကိုယ့်ကိုကိုယ် မဝေခွဲတတ်။ ထိုင်ခုံမှာ ပြန်ထိုင်တော့ မမက ခပ်သဲ့သဲ့ပြုံးသည်။

သူ မမမျက်နှာကို ကြေကွဲစွာကြည့်မိ၏။

သည်အကြည့်၏ အနက်အဓိပ္ပာယ်တွေကို-

အို··· ကလေးမဟုတ်တဲ့မမ မသိဘဲနေမလား။

အလုပ်တိုက်ပြန်ရောက်တော့ စားပွဲမှာထိုင်ပြီး သူ မကြာခဏ သက်ပြင်းချသည်ကို သတိထားမိစွာဖြင့် ဦးလေးပါက-

'ဒီနေ့ ရာသီဥတု အုံ့မှိုင်းညို့ဆိုင်းမယ်လို့ မိုးလေဝသက ကြေညာသွားတယ် မောင်ဖုန်း'

သူ ဦးလေးပါကို လှမ်းပြီး ပြုံးအပြမှာ မမက ဦးလေးပါ မျက်စောင်းအကြည့်နှင့် တစ်ချက်လှမ်းကြည့်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

မမကိုကြည့်ပြီး ကျွန်တော် အတော်ကို စိတ်မောနေတယ်ဟုပြောတော့ မမက ရယ်သည်။

'မမမှာ ငွေကို လောဘတကြီး ရှာဖွေနေရလောက်အောင် မမ နောက်မှာ ငိုတောင်း ရယ်တောင်းမယ့်လူများ ရှိသေးလို့လား မမရာ'

'ဘယ်လို... မမက လောဘတကြီး ရှာဖွေနေတယ်ဟုတ်လား'

သူက ဘာမှပြန်မပြောဘဲ ရယ်နေ၏။

'ဒါ ခွဲခြားမမြင်တတ်တဲ့ သဘောပဲ။ မမ လောဘကြီးနေတာ မဟုတ်ဘူး။ အလုပ်လုပ်နေတာ'





'စီးပွား ပွားစည်းဖို့အတွက်ပဲ မဟုတ်လား မမရ'

'အင်း... မင်းအမေးကို ရှင်းပြရ အတော့်ကို ခက်တာပဲ။ အလုပ်လုပ်လို့ ကံလိုက်လို့ စီးပွားဖြစ်တာက တစ်ပိုင်းပေါ့ ကိုဖုန်းရာ။ မမရဲ့ ပင်ကိုဝါသနာကိုလည်း ကိုဖုန်း သိထားဖို့လိုသေးတယ်'

'ပြောပြလေ'

'မမက ထိုင်ပြီးတွေဝေမနေတတ်ဘူး။ စဉ်းစားမယ်၊ ကြံဆမယ်၊ အလုပ်လုပ်မယ်။ ရှုံးတာမြတ်တာထက် အလုပ်လုပ်နေရတာကို မမက ပျော်တယ်။ ပြီးတော့ ဈေးကွက်စီးပွားရေးစနစ်မှာ ထိုးထွင်းဉာဏ်တွေနဲ့ သုံးစွဲသူ စွဲမက်အောင်လုပ်ဆောင်ရတာကိုလည်း မမ ဝါသနာကြီးတယ်'

ဦးလေးပါ ရိုးရိုးသားသား ချောင်းဆိုးသည်ကို မမက လှမ်းကြည့်၏။

'ဥပမာ ကံစမ်းမဲသဘောကွာ။ မမကုမ္ပဏီက တင်သွင်းတဲ့ပစ္စည်းကို ဝယ်ရင် ကံစမ်းမဲကို ထိုက်ထိုက်တန်တန်စီစဉ်မယ်၊ ဒီလုပ်ငန်း ကျယ်ပြန့်အောင် မမ မဂ္ဂဇင်းကို အသုံးချတယ်၊ ခု အောင်မြင်မှုတွေရနေတယ်။ မမက ငွေကြေးအောင်မြင်တာထက် လုပ်ငန်းအောင်မြင်တာကို ပိုပြီးမက်မောတယ် ကိုဖုန်း။ လူတစ်ယောက်အတွက် အသက်ရှည်ဆေးဟာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခြင်းလို့ မမက ခံယူထားတယ်'

မမ၏ရှည်လျားသည့်စကားကို နားထောင်ပြီး ဦးလေးပါက သူ့စားပွဲမှနေ၍ ပခုံးတွန့်ပြသည်။

ဒါကို မမကမြင်၏။

'ဦးလေးပါက ဘာပခုံးတွန့်တာလဲ'

'မတွန့်ရပါဘူးဗျာ။ အကြောလေးနည်းနည်းဆန့်လိုက်တာပါ'

'လူဟာ ဘယ်လောက်ပဲချမ်းသာ ချမ်းသာ၊ အလုပ်မလုပ်ဘဲနဲ့ ရှင်သန်ရပ်တည်နေလို့ မရဘူးဆိုတာ ဦးလေးပါသဘောပေါက်တယ်နော်'

'ပေါက်ပါတယ် ငါ့တူမကြီးရယ်၊ ပေါက်ပါတယ်'

'ကိုဖုန်းလည်း သဘောပေါက်ရမယ်'

'ကျွန်တော်ပေါက်နေတာ ကြာပြီ'

ဦးလေးပါက-

ဟုတ်ပ. . မောင်ဖုန်းတို့ပေါက်နေတာများစိတ်ရောဂါအထူးကု ဆေးရုံက ဆွဲထုတ်ပြီးတော့ကို မဂ္ဂဇင်းတာဝန်တွေ ပေးထားရတာ'

အလုပ်တိုက်မှာ သည်လို အပျော်ရက်လေးများလည်း ရှိပါသည်။





တာဝန်ပိုင်းတွေကတော့ မမမှာ တကယ့်ကို ကြီးကြီးမားမား။

ဒဂုန်စင်တာမှာလည်း မမ၏ကုမ္ပဏီက ခန့်ခန့်ထည်ထည်ရှိသည်။ အမျိုးသမီးဝန်ထမ်း အယောက်နှစ်ဆယ်ခန့်ထားပြီး နိုင်ငံခြားပစ္စည်းမျိုးစုံ တင်သွင်းထားသည်။

မဂ္ဂဇင်းတိုက်မှာ မမ၏နေချိန်က နေ့လယ်တစ်နာရီမှ သုံးနာရီထိသာရှိသည်။

ရုံဖွင့်ရုံခါတွင်တော့ မဂ္ဂဇင်းတိုက်မှာ ညနေစောင်းချိန်ထိ မမ နေတတ်၏။

'မမ ဘဝတစ်လျှောက်လုံးမှာ အသိစိတ်နဲ့ ကြိုးကြိုးစားစား ထိန်းချုပ်ခဲ့တာတစ်ခုရှိတယ်'

'ဘာကိုလဲ မမ'

'စိတ်မလေအောင်ပါ။ ဒါကြောင့် အလုပ်မှာ စိတ်ကို လုံးဝနှစ်တယ်။ အလုပ်ထဲ စိတ်ရောက်နေတော့ စိတ်လေလွင့်စရာ အကြောင်းမရှိတော့ဘူးပေါ့။ လူမှာ စိတ်လေလွင့်မှုဖြစ်ပေါ်လာပြီဆိုရင် ဘဝတစ်ခုလုံး ပွန်းပဲ့ဖို့ အစပြုလာတာပဲ ကိုဖုန်းရ'

အလုပ်တိုက်မှာ ဒီဇိုင်းဆရာ၊ ကာတွန်းဆရာတွေ ဝင်လာထုတ်မှ မမ စကားပြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ညှိသည်တွေ စကားပြောနေခိုက်မှာ မျက်ရိပ်ပြနှုတ်ဆက်ပြီး မမ ကားနှင့် ထွက်သွား၏။

ညနေဘက် အလုပ်တိုက်ကို မမပြန်လာတော့ မမ ကားနှင့် သမီး ပါလာသည်ကို တွေ့သည်။

မမနှင့် သမီး ဘယ်သွားမလို့ပါလိမ့်ဆိုသည့် အတွေးက ရုတ်ခြည်းဝင်လာ၏။

❀ ❀ ❀



(၂၆)

သည်ညနေ ကိုယ်နဲ့ မောင်ဖုန်း ယမကာမှိုဝဲမယ့် အစီအစဉ်တော့ ပျက်ပါပြီဆိုသည့်စကားကို ဦးလေးပါက အနားကပ်ပြီး တီးတိုးပြောသည်။

'ဘာဖြစ်လို့လဲ ဦးလေးပါ'

သူကလည်း တီးတိုးပြန်မေး၏။

သမီးနှင့် မမ အတွင်းခန်းသို့ဝင်သွားခိုက်နှင့်ကြုံသဖြင့် ဦးလေးပါက ကပျာကယာနှင့်-

'သူတို့ ဘုရားသွားကြဦးမှာ၊ မောင်ဖုန်းကို အပါခေါ်ဖို့ မီးငယ်နဲ့ ခင်သူဇာ ပြောနေတာ ကြားတယ်'

'အင်း… သည်တစ်ခါတော့ လိုက်သွားရဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးပါ။ အကြောင်းပြစရာကိစ္စကလည်း ဘာမှမရှိတော့ပါဘူး။ ဖောင်တွေကလည်း စက်ပေါ်ရောက်နေပြီ'

'လိုက်သာသွားတော့ မောင်ဖုန်းရာ'

'နက်ဖြန် စီစဉ်ကြမယ်လေ'

'ဒါပဲရှိတော့တာပေါ့'

စကားစအပြတ်မှာပင် မမနှင့် သမီး အပြင်ပြန်ထွက်လာသည်။

ထွက်လာရင်းမှပင် သမီးက–

'ဖေကြီးမှာ ဘာအလုပ်ကိစ္စမှ မရှိတော့ဘူးဆိုတာ မီး သိတယ်'

ပြောပြီး လက်မောင်းကို ဆုပ်ဖက်၏။

'ဖေကြီး'

'ပြောလေ သမီး'

'ဒီနေ့ မီးမွေးနေ့ဆိုတာ ဖေကြီး သိလား'

သူ တွေခနဲဖြစ်သွား၏။

မဟုတ်သေးပါဘူး။

သမီးမွေးနေ့က မေလပါ။ ခုမှ နိုဝင်ဘာသာရှိသေးသည်။

'ဟာ… သမီးကလည်း မဟုတ်တာတွေ ပြောနေပြန်





ပြီ။ သမီးမွေးနေ့က မေလမှာပဲဟာ'

'မေလက မွေးလ၊ ဒီနေ့က မွေးတဲ့ရက် ကြာသပတေးနေ့၊ မီးတို့နဲ့အတူ ဖေကြီး ဘုရားကို လိုက်ခဲ့ရမယ်။ ဖေကြီး ငြင်းရင် မီး အော်ငိုမယ်'

မမက ဆက်တီမှာထိုင်ရင်း ပြုံးလို့သာနေ၏။

မလိုက်ဘူးဆိုလျှင် သမီးက သူ့စကားအတိုင်း အော်ငိုမည်။ နောက်ပြီး မမကိုလည်း စော်ကားရာရောက်မည်။

သူ သိမ်းဆည်းစရာများ သိမ်းဆည်း၍ ဦးလေးပါကို နှုတ်ဆက်ပြီး ကားဆီသို့ လျှောက်ခဲ့၏။

ကားနားရောက်တော့ မမက ကားသော့ကို လှမ်းပေးသည်။

'မမ မမောင်းဘူးလား'

'မီးငယ်နဲ့ ဓိမ်ကျကျ ထိုင်လိုက်မယ်၊ ကိုဖုန်း မောင်း'

ဘေးရှေးခန်းမှာ မမဝင်ထိုင်သည်ကတော့ အဆန်းမဟုတ်တော့ပါချေ။

ကားတစ်စီးဖြင့် မမနှင့်အတူ ရန်ကုန်အနီးဝန်းကျင်က မြို့များသို့ ခရီးဆန့်ခဲ့ဖူးပြီ။ ဒါကလည်း လုပ်ငန်းကိစ္စရပ်များနှင့် သက်ဆိုင်ပါသည်။

'ဗိုလ်တထောင်ဘုရားကို သွားမှာ ကိုဖုန်း၊ မီးငယ်က



www.burmeseclassic.com

www.burmeseclassic.com



လိပ်တွေကြည့်ချင်တယ်တဲ့'

'ဖေကြီး… အဲဒီ လိပ်ကန်ထဲမှာ လိပ်အကြီးကြီးရှိတာ ဖေကြီး သိလားဟင်'

'ဖေကြီးက အရောက်အပေါက် သိပ်မရှိပါဘူး သမီးရယ်၊ လိပ်ကန်မှာ လိပ်တွေရှိတာကတော့ သေချာပါတယ်'

'အင်း… ဒါကတော့ ဖေကြီးပြောမှလား'

တစ်ချက် တစ်ချက်မှာ စောင်းငဲ့ကြည့်သည့် မမအကြည့်အတွက် ရင်ခုန်ခဲ့တာတော့ ကြာပါပြီ။

ဘုရားရောက်တော့ မမက သမီးလှူဖို့အတွက် စံပယ်ပန်းတွေဝယ်သည်။

'မီးငယ်ရဲ့ဘဝ စံပယ်ပန်းလေးတွေလို ဖြူစင်ရမယ်၊ စံပယ်လို သင်းရနံ့ သိမ်မွေ့ရမယ်'

'မမရဲ့ ရည်ရွယ်ချက်တွေကို ကျွန်တော် အရမ်းလေးစားသွားပါတယ် မမ။ မမဆန္ဒတွေရှိသလို သမီးရဲ့ဘဝကို စံပယ်ပွင့်လေးတွေကို ဖြူစင်စေချင်တယ်၊ စံပယ်ရနံ့လို သိက္ခာရှိရှိနဲ့ သင်းပျံ့မွှေးမြစေချင်တယ်။ ဒီလိုအခြေအနေမျိုးရောက်အောင်…'

သူ့စကားကို ရှေ့မဆက်။

မမကို ခပ်တွေတွေလေးကြည့်သည်။ ပြီးတော့ သူ





ခေါင်းကို အသာငုံ့လိုက်၏။

ခေါင်းကို ငုံ့ထားရင်းမှ မမထံပါးမှ လွင့်လာမည့် စကားအသံကို သူ စောင့်သည်။

မမ၏ သက်ပြင်းငွေ့ငွေ့ချသံကိုသာ တိုးညှင်းစွာ ကြားလိုက်ရ၏။

ဌာပနတိုက်ထဲမှ ငွေစက္ကူများ၊ ဆံတုများ ပစ်ချလှူဒါန်းထားသည်များကိုကြည့်ပြီး သမီးက တအံ့တသြ။

မမက တစ်ရာတန် အသစ်ကလေးများကို သမီးကို ပေးပြီး ဌာပနာတိုက်ထဲ ပစ်ချစေသည်။

'ဖေကြီး လိပ်ကန်သွားမယ်'

'ဘုရားကို ဦးတော်ချရမယ်လေ'

'ဟင်… အန်တီနဲ့ မီးက ဦးတော်ချပြီးပြီ'

'ဟုတ်လား'

သူ ကမန်းကတန်း ဦးတော်ချသည်ကိုကြည့်ပြီး မမနှင့် သမီးက ရယ်၏။

လိပ်ကန်ဘက်လျှောက်ကြတော့ သမီးကို အလယ်မှာထားပြီး ဘယ်ညာလက်တစ်ဖက်စီကို သူနှင့်မမက ဆွဲထားသည်။

လိပ်ကန်ကို ဖြတ်ကျော်သည့် လှုကူးတံတားလေး၏



www.burmeseclassic.com

www.burmeseclassic.com



အလယ်သို့ အရောက်မှာပင်-

'ဟင်...'

ရင်မှာ ခံစားရမှုမရှိသော်လည်း မိမိနည်းတူ အံ့အား တသင့်ဖြင့် သမီးက သူနှင့် မမလက်ကို တင်းကျပ်စွာဆုပ် ကိုင်၏။

မမ သဘောပေါက်သည်ထင်သည်။

မမ၏အကြည့်က ရှေ့မျက်နှာချင်းဆိုင်မှ အမျိုးသား နှင့် အမျိုးသမီးဆီ စူးစူးစိုက်စိုက်ကျရောက်၏။

နေခြည်လေ...

ကျော်ဇင်လက်မောင်းကို ဆုပ်ကိုင်ထားရာမှ သူတို့ ကို မြင်သည်နှင့် ဆုပ်ကိုင်ထားသည့်လက်ကို ဖျတ်ခနဲလွှတ် သည်။

နေခြည်၏အကြည့်က သူနှင့် သမီးထံမှာမရှိ။

မမမျက်နှာပေါ် စိုက်ထားသည့်အကြည့်က စူးရဲသည်။

နေခြည်သည် မမကို သည်တစ်ခါပဲ မြင်ဖူးဟန်တူ ပါ၏။

နေခြည်တို့နှင့် မျက်နှာချင်းဆိုင်ရာက လှမ်းမြောက်မှ မမက ပင့်သက်ကို ဖွဖွချပြီး-

'ဝမ်းနည်းကြေကွဲစရာတွေပါပဲ'



သူ့ မမကို စကားမတုံ့ပြန်။

မမက မျက်နှာငယ်လေးနှင့် ဖြစ်နေသည့်သမီးကို ပွေ့ချီလိုက်သည်။

'ဟိုမှာလေ မီးယယ်ကြည့်ချင်တဲ့ လိပ်အကြီးကြီး၊ ဟော... ဟော... ရေထဲပြန်ငုပ်သွားပြီ'

မမ လက်ညှိုးညွှန်ရာကို စူးစိုက်ကြည့်နေရုံမှအပ သမီးထံမှ စကားအသံ ထွက်မလာတော့။

သမီးမျက်နှာမှာ ပျော်ရွှင်ခြင်းတွေ ရုတ်ခြည်းပျောက် ကွယ်သွားပြီထင်သည်။

အပြန်မှာ သုံးယောက်စလုံး ငြိမ်သက်တိတ်ဆိတ် နေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

'မောင်ဖုန်း အိပ်ပြီလား'

အိပ်ခန်းတံခါးကို ထိုးဖောက်ပြီး ဝင်ရောက်လာသည့် မမလတ်၏အသံ။

ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို စားပွဲပေါ်လှမ်းတင်ပြီး သူ အိပ်ရာမှ လူးလဲထလိုက်၏။

'မအိပ်သေးဘူး မမလတ်၊ စာဖတ်နေတာပါ'

'မောင်တင်ရွှေချိုရောက်နေတယ်'

နာရီကိုလှမ်းကြည့်တော့ ညဆယ်နာရီစွန်းစွန်းပင် ရှိနေပြီ။ ညဉ့်နက်ပိုင်းကို ဒီကောင် ရောက်လာလေ့ ရောက်လာထ မရှိ။





အပ်ထားသည့်ပုံတွေ ရပြီ။ မနက်ဝင်ယူဆိုသည့် စကားကို လမ်းကြုံရင်း ဝင်ပြောတာများလား။

ချိတ်တိုင်မှ ရှပ်လက်တိုအင်္ကျီကို ဆွဲယူဝတ်ပြီး သူ အိပ်ခန်းထဲက ထွက်ခဲ့သည်။

ဧည့်ခန်းဆက်တီမှာ တင်ရွှေချိုကို ထိုင်လျက်တွေ့၏။

'အိပ်နေပြီလား'

'မအိပ်ပါဘူး၊ စာဖတ်နေတာ'

'လမ်းထိပ်မှာ လက်ဖက်ရည်ထွက်သောက်ရအောင်'

မျက်နှာကိုလှမ်းကြည့်ပြီး ဒီကောင့်မှာ ပြောစရာ စကားပါလာပြီကို စိတ်က သိလိုက်၏။

မမလတ်ကို ခွင့်ပန်ပြီး တင်ရွှေချိုနှင့် လက်ဖက်ရည် ဆိုင်ဘက် ထွက်ခဲ့သည်။

'ညဘက်ကြီး ငါ့ဆီကို မလာစဖူး'

'အထူးကိစ္စရှိလို့ လာခဲ့တာပေါ့ကွာ၊ ငါ့မှာ ညနေဘက် အရက်သောက်ချိန်တောင် မရလိုက်ဘူး။ နေခြည့်စကား ကြားနာနေရတာ'

'နေခြည် ဟုတ်လား'

'ဟုတ်တယ်၊ နေခြည် ညနေက ငါ့ဆီလာသွားတယ်။ အချိန်အကြာကြီး စကားပြောသွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်မှောင်ကြုပ်လိုက်၏။

တင်ရွှေချိုဆီ လာစရာအကြောင်းကိစ္စ နေခြည့်မှာ ရှိနေလို့လား။

နေခြည်လာခြင်းသည် ကောင်းသောလာခြင်းမဟုတ်သည်ကိုတော့ သူ နားလည်သဘောပေါက်သည်။

တင်ရွှေချိုက စကားကိုတန့်ထားပြီး ဆေးပေါ့လိပ်ကို မီးတရဲရဲနှင့် ဖွာနေချိန်မှာပင် လက်ဖက်ရည်ဆိုင်ကို ရောက်လာ၏။

အပြင်ဘက် ပလက်ဖောင်းပေါ်ရှိ စားပွဲပုလေးမှာ နှစ်ယောက် ဝင်ထိုင်သည်။

ညလေအေးက ခပ်စိမ့်စိမ့်ကလေး တိုက်ခတ်သွား၏။

လက်ဖက်ရည်နှစ်ခွက် လှမ်းမှာပြီး တင်ရွှေချို ပြောမည့်စကားတွေကို သူ ကြားချင်နေ၏။



## (၂၈)

'ဒါ နေခြည် ယုတ်မာတာပဲ တင်ရွှေချို'

ဒေါသတွေ အထွတ်အထိပ်သို့ တက်လာ၏။

တင်ရွှေချိုက လက်ထဲမှ ဆေးပေါ့လိပ်တိုကို လမ်းဘေးရေမြောင်းထဲ လွှင့်ပစ်ရင်း–

'ဟုတ်တယ်၊ နေခြည် ယုတ်မာလိုက်တာတော့ အမှန်ပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူနဲ့ငါ တော်တော်လေးကို စကားအခြေအတင် ဖြစ်လိုက်သေးတာ။ ငါပြောတယ်၊ နေခြည်လည်း ကိုကျော်ဇင်နဲ့ ဘဝတစ်ခု တည်ဆောက်မှာပဲမို့လားလို့။ ရဲဖုန်းအောင်လည်း သူ့ဘဝနဲ့သူ သွားပါစေလို့'

'ဒီတော့ သူက ဘာပြောလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မနဲ့ ကိုကျော်ဇင် ဘဝတစ်ခု တည်ဆောက်မယ်လို့ ကိုတင်ရွှေချိုက ဘာလို့ အသေအချာပြောနိုင်နေရတာလဲတဲ့။ ထားပါတဲ့၊ ဒါတွေကို ကျွန်မ အသေးစိတ်ရှင်းပြနေစရာ မလိုပါဘူးတဲ့။ သူ့ကို သိစေချင်တဲ့စကားကို ကိုတင်ရွှေချိုက တစ်ဆင့် သိအောင်လာပြောတာတဲ့။ ကျွန်မ ကွာမပေးနိုင်ဘူးတဲ့။ တောက်··· မင်းကိုယ်စား ငါ အရှမ်းဒေါသဖြစ်တယ် ရဲဖုန်းအောင်။ နေခြည် စကားပြော တော်တော်မိုက်ရိုင်းတယ်'

'မကွာပေးနိုင်ဘူးဆိုတဲ့ စကားက သူ ငါ့ဘဝကို ထပ်ပြီး အလဲထိုးတာ တင်ရွှေချို။ သမီးရယ်၊ ငါရယ်၊ မမရယ် ဗိုလ်တထောင်ဘုရားသွားတာ သူတို့နဲ့ ပက်ပင်းတိုးတယ်။ ငါနဲ့ မမ ဖြစ်နေကြပြီလို့ သူ အပိုင်တွက်တယ်ထင်တယ်'

'တွက်လည်း တွက်ပေါ့ကွာ။ သူ ဘာလှုပ်ရှားစရာလိုလဲ၊ သူလည်း ဖြူဖြူစင်စင်ရှိတာမှမဟုတ်တာ။ ဒါ အနှောင့်အယှက်ပေးမယ်၊ မင်းသိကွာ၊ မမသိက္ခာကျဆင်းအောင် ယုတ်ယုတ်မာမာတိုက်ခိုက်မယ်လို့ ခြိမ်းခြောက်လိုက်ကာပဲ'

တင်ရွှေချို ပြောတာတွေ စကားအမှန်။

'မင်း သူ့ကို မပြောလိုက်ဘူးလား'

'ဘာကိုလဲ'

'ခင်ဗျားပဲ သူ့အမေ အိမ်ပေါ်တက်ပြီး တရားဝင်





ကွာရှင်းပေးပါဆိုတဲ့စကား ပြောသွားတာပဲ မဟုတ်လားလို့ မမေးလိုက်ဘူးလား။ ငါ မင်းကို ပြောပြထားတာပဲဟာ'

'ပြောတာပေါ့ကွာ၊ ပြောတာမှ ပြင်းပြင်းထန်ထန်ကို ပြောတာ။ ငါ့ကို ဘာစကားနဲ့ ပိတ်သွားသလဲဆိုရင် ကျွန်မ စိတ်ပြောင်းသွားပြီတဲ့၊ ကွာမပေးနိုင်ဘူးတဲ့'

'တောက်···'

တက်ကိုခေါက်ပြီး သူ့ခုံကို လက်နှင့် ခပ်ပြင်းပြင်း ပုတ်လိုက်၏။

'ဖြစ်ကွာ··· ဒီဒေါသတွေကို မင်းဖြစ်သင့်ပါတယ်။ ငါလည်း နေခြည့်ကို အတော်ရွံရှာသွားတယ်'

အတွေးမှာ နေခြည်သည် အရှမ်းရက်စက်လွန်းနေ၏။

မိန်းမတစ်ယောက်၏ မနာလိုစိတ်နှင့် ဆက်နွယ်ပြီး ယုတ်မာကောက်ကျစ်စိတ်များက နေခြည်၏ဦးနှောက်မှာ အလုံးပယ်ဖြစ်နေသည်။

စကားများ ခေတ္တတိတ်ဆိတ်သွားပြီး တင်ရွှေချိုက ဆေးပေါ့လိပ်ကို မီးခိုးတထောင်းထောင်းထအောင် ဖွာနေ၏။

ပြီးတော့ သူ့ကိုကြည့်သည်။

ကြည့်သည့်အကြည့်မှာ ပြောစရာစကားတစ်ခု ကျန်ရှိနေဦးမည်ကို စိတ်ကသိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ငါ့ကိုပြောဖို့ စကားချန်ထားတာတွေ ရှိသေးတယ်မဟုတ်လား'

'အင်း… အကဲခတ်တတ်သားပဲ'

'ငါက မင်းမျက်လုံးတွေကို လေ့လာနေတာ။ ပေါင်းလာတဲ့ သူငယ်ချင်းတွေပဲကွာ။ အောင်ထိုက် မျက်နှာထားပြင်ရင် ဘာစကားပြောမယ်၊ ချစ်လူ ခေါင်းကိုလက်နဲ့ကုတ်ပြီးရင် ဘာစကားပြောတော့မယ်ဆိုတာ ငါက မလေ့လာဘဲနဲ့ သိထားပြီးသား'

တင်ရွှေချိုက ပြုံးသော်လည်း စကားကို မပြောသေး။ ပြောရန်စကားအတွက် ချင့်ချိန်နေဟန်များကို မြင်တွေ့သည်။ အတန်ကြာတော့မှ-

'မပြောခင် မေးချင်တယ်၊ ငါမေးတဲ့စကားကိုတော့ ကွေ့ကွေ့ဝိုက်ဝိုက်မရှိဘဲ မင်း ဖြေရမယ်'

'ငါ မင်းတို့ကို လိမ်ပြောဖူးလို့လား'

'လိမ်မပြောပေမယ့် မင်းက လျှို့ဝှက်တတ်တယ်။ မပြောချင်တဲ့စကားဆိုရင် လမ်းကြောင်းကို လွှဲပစ်တတ်တယ်။ ဒါကြောင့် စကားကို အခံလုပ်နေရတာ'

'ခုကိစ္စက ဘဝနဲ့ချီလာပြီပဲကွာ။ ငါ လျှို့ဝှက်နေစရာ မလိုပါဘူး'

'အေး… ငါက အဲဒီစကားကို လိုချင်တာ'





ညက ခပ်စိမ့်စိမ့်ကလေး အေးလာ၏။

ကက်ဆက်ခွေမှ အချစ်သီချင်းတစ်ပုဒ်က ရင်ကို ဘယ်လိုမှ ခံစားမှုပေးနိုင်စွမ်းမရှိ။

တင်ရွှေချိုမေးမည့်စကားကို နားစွင့်နေဆဲမှာ-

'မင်းနဲ့ မမခင်သူဇာအခြေအနေကို ငါ့ကိုပြော'

'မင်းမေးတာကို ငါ သဘောပေါက်ပါတယ်။ ငါ့စကားကိုလည်း မင်း နားလည်ပေးရမယ်'

တင်ရွှေချိုက ခေါင်းညိတ်ရင်း အကြမ်းပန်းကန်လုံးကဲသို့ ရေနွေးငှဲ့သည်။ တစ်ကျိုက်မော့သောက်ပြီး ဆေးပေါ့လိပ်ကို ဆက်ဖွာ၏။

'ငါ မမကို ရည်ရွယ်ထားတယ်'

တင်ရွှေချိုက မျက်လုံးလှန်ကြည့်ပြီး-

'မမကို ဖွင့်မပြောရသေးဘူးပေါ့'

'ဖွင့်မပြောသေးပေမယ့် မမ ငါ့ကို နားလည် သဘောပေါက်တယ် တင်ရွှေချို။ ဖွင့်မပြောသေးတာကလည်း ငါနဲ့နေခြည် တရားဝင်ကွာရှင်းမှုမရှိသေးဘူးလေ။ တရားဝင်ကွာရှင်းပြီးတဲ့နေ့မှာ ငါ မမရဲ့အချစ်ကို တောင်းခံမယ်ဆိုတာ မမကလည်း မျှော်လင့်ထားပါတယ်'

'အင်း… မင်းအတွက်တော့ ရင်မောရင်နာစရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ ရဲဖုန်းအောင်'

'ဘာဖြစ်လို့'

'နေခြည်က မင်းနဲ့သူ တရားဝင်ကွာရှင်းမှုမရှိသေးကြောင်း၊ သူသာ တရားဝင်မယားဖြစ်ကြောင်း သတင်းစာထဲမှာ ကြော်ငြာထည့်မယ်တဲ့'

'ဟင်...'

တစ်ကိုယ်လုံးရှိ အကြောခြင်များ တောင့်တင်းသွားသည်။

နေခြည်၏ အဆုံးစွန်သော ယုတ်မာမှုသည် မမ၏ ဂုဏ်သိက္ခာကို ဘိပါးလာမည့် အခြေအနေဖြစ်သည်။

သူ တက်ကို ပြင်းပြင်းထန်ထန်ခေါက်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်သည်။ လက်သီးဆုပ်ထဲမှာ နေခြည်သာရှိလျှင် အမှုန့်ဖြစ်ရော့မည်။

❁ ❁ ❁



(၂၉)

ညနေစောင်းသည်ထိ မမ အလုပ်တိုက်ကို ရောက်မလာ။ ကုန်တိုက်မှာများ မမ အချိန်ကုန်နေပြီလားဆိုသည့် အတွေး ခေါင်းထဲဝင်သည်။

ဒါမှမဟုတ် တိုးချဲ့လုပ်ငန်းတွေအတွက် စာချုပ်ပွဲများ ရှိနေရော့လား။ ဒါဆိုရင်လည်း မမက မဂ္ဂဇင်းတိုက်ကို ဖုန်းဆက်မည်။ ခါတိုင်း မဂ္ဂဇင်းတိုက်ကို လူရောက်မလာလျှင် ဖုန်းကတော့ ရောက်လာသည်။

တစ်နေ့လုံး အလုပ်လုပ်ရသည်ကို စိတ်က ခြောက်သွေ့လွန်းနေ၏။

တစ်မျိုးကြီးပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းသည်ထိ စိတ်တွေက ဘာလို့လေးလံထိုင်းမှိုင်းနေရတာလဲ။ သည်နေ့တစ်နေ့လုံးလိုလို ဦးလေးပါကတော့ သူ့ကို အကဲခတ်ကြည့်နေခဲ့ပါ၏။

ပြန်ချိန်ရောက်တော့ မမ သည်နေ့ ဘာလို့မလာတာလဲမသိဘူးဆိုသည့် အမေးစကားကို ဦးလေးပါကို မေးချင်မိပါ၏။ ဒါပေမဲ့ သူ့စိတ်က မလုံ။

သို့သော်လည်း အတွင်းစိတ်မှာ ဖြစ်ပေါ်ခံစားနေရသည်ကို ဦးလေးပါ ရိပ်စားမိသည်ထင်၏။

'မမခင်သူဇာ ဒီနေ့ ရောက်မလာပါလားဆိုတဲ့ အမေးစကားကို မောင်ဖုန်း ကိုယ့်ကို မေးချင်နေတယ်မဟုတ်လား'

သူ ခပ်ရှက်ရှက်ကလေး ပြုံးမိသည်။

'မောင်ဖုန်း… မပြန်နဲ့ဦးကွာ။ ကိုယ် မောင်ဖုန်းကို ပြောချင်တဲ့စကားလေးတွေ နည်းနည်းရှိနေတယ်'

'ကျွန်တော် ခုတလော စိတ်ငယ်တတ်နေတယ် ဦးလေးပါ'

သဘောကျစွာဖြင့် ဦးလေးပါက ရယ်၏။

ရယ်ပြီးနောက်-

'ကိုယ်ပြောမယ့်စကားက စိတ်ငယ်စရာအကြောင်းကိစ္စ မပါဘူးလို့ ထင်တာပဲ'

'ဒါပေမဲ့ ရင်တော့တုန်နေတယ် ဦးလေးပါ။ မမနဲ့





ပတ်သက်တဲ့ အကြောင်းစကားတွေ ပါလိမ့်မယ်လို့လည်း စိတ်က လုံးဝယုံကြည်နေတယ်'

'မောင်ဖုန်းတော်တယ်။ ကဲ… ကိုယ် အနော်ရထာလမ်းဘက်ထွက်ပြီး ကြက်ကင်ဝယ်လိုက်မယ်။ ဝီစကီကတော့ ပုလင်းလိုက်ပဲ။ သောက်ရင်း စကားပြောကြရအောင်'

ဦးလေးပါ လမ်းထိပ်ဘက်ထွက်သွားသည်။

ပြန်လာလျှင် အဆင်သင့်ဖြစ်စေရန် ရေခဲသေတ္တာထဲရှိ ပုံစံခွက်ကလေးထဲမှာ ရေခဲတုံးများကို ခွာသည်။ ဆော်ဒါသုံးလုံးကလည်း ရေခဲသေတ္တာထဲမှာ အဆင်သင့်ရှိနေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

'မနေ့ညက ဖုန်းဆက်ခေါ်တော့ ကိုယ်လည်း ချက်ချင်းထပြေးရတာပေါ့'

ဝီစကီနှင့် ဆော်ဒါကို အစပ်ဟပ်တည့်အောင် ရောစပ်ရင်း အရင်းမရှိ အဖျားမရှိဆိုလာသည့်စကား။

ဘယ်သူ ဖုန်းဆက်ခေါ်တာလဲ ဦးလေးပါဟု မေးညီ အပြုံမှာပင်-

'ခင်သူဇာ့အမေ၊ ကိုယ့်အစ်မတော်ပေါ့ကွာ။ ကိုယ် ကျောက်ကုန်းခြံကိုရောက်တော့ ခင်ခင် မရှိဘူး။ သူ့သူငယ်ချင်း မွေးနေ့ပွဲကို သွားတယ်'

ဖန်ခွက်ကို ရှေ့သို့ အသာတွန်းရွှေ့ပေးသည်။





ပူပူနွေးနွေး ကြက်ကင်၏ မွှေးရနံ့က သင်းသင်းကလေး ပျံ့လာ၏။

ဝီစကီခွက်ကို နှစ်ယောက်ပြိုင်တူ မ,ယူပြီး လက်ကို မြှောက်၍ ဖန်ခွက်ချင်းထိလိုက်၏။ ဒါက အရက်သောက်တိုင်း ဦးလေးပါ ပြုမူနေကျ အပြုအမူ။

'ကိုယ့်ကို ကိုယ့်အစ်မတော်က မေးတယ်ကွ မောင်ဖုန်းရ'

'ကျွန်တော် ကြားချင်နေပြီ ဦးလေးပါ'

'ကြားရမယ်လေ၊ ကြားကိုကြားရမယ်။ ဘာမေးသလဲဆိုတော့ မောင်ရဲဖုန်းအောင်နဲ့ သမီးအခြေအနေကို နင်သိသလောက်ပြောစမ်း မောင်ပါတဲ့'

'ဗျာ'

အရက်ဖန်ခွက်ကို ကိုင်ထားသည့် သူ့လက်ပင် တုန်ခတ်သွားရသည်။

စကားက ထင်ထားသည်ထက် ကျယ်ပြန့်နေ၏။

ယင်းအခြေအနေမျိုးဝယ် မမအမေကို ဦးလေးပါဖြေမည့်အဖြေကို သူ ရင်ထိတ်စွာ စောင့်စားနေရ၏။

'ကိုယ်ဖြေလိုက်တဲ့ အဖြေကတော့ ရှင်းရှင်းလေးပါ။ ကျွန်တော် ဘာမှမသိဘူးလို့ ပြောလိုက်တယ်။ ဟုတ်တယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါ ကိုယ့်အတွက် အမှန်စကားပဲ။ ခင်သူဇာနဲ့ မောင်ဖုန်း အခြေအနေကို ကိုယ် ဘာမှမသိဘူး။ ကိုယ်ကလည်း မမေး ဘူး။ မောင်ဖုန်းကလည်း မပြောဘူး။ မောင်ဖုန်းမပြောတာ ကလည်း နည်းလမ်းကျတယ်။ ဒါ ပုဂ္ဂိုလ်ရေးကိစ္စတွေပဲ၊ လုပ်ငန်းကိစ္စတွေမှ မဟုတ်တာ။ နောက်ပြီး မောင်ဖုန်းကော ကိုယ့်တူမကော ကလေးတွေမှ မဟုတ်တာ'

'ကျွန်… ကျွန်တော်နဲ့ မမ… ဘာ… ဘာမှ…'

'ဟိုး… မောင်ဖုန်း၊ ကိုယ် ဘာမှမသိချင်ပါဘူး။ သိချင်နေတာက ကိုယ့်အစ်မတော်လေ။ ကိုယ်က ဒီအကြောင်း တွေ မောင်ဖုန်းကို ပြောပြနေတာက ဝိတ်ပင်ဖို့လည်း မဟုတ် ဘူး။ အားပေးအားမြှောက်လုပ်ပေးဖို့လည်း မဟုတ်ဘူး။ ခင်မင် ကျွမ်းဝင်တဲ့အလျောက် သိသင့်သိထိုက်တာကို ပြောပြတာ။ အဓိက,က မောင်ဖုန်းနဲ့ ခင်သူဇာ ဘာဆုံးဖြတ်ချက်ချချ ကိုယ် နဲ့ ဘာမှမပတ်သက်ဘူး။ ဒီစကားကိုလည်း ကိုယ့်အစ်မတော် ကို ပြောပြခဲ့တယ်'

ညဉ့်အတော်နက်မှ အိမ်ပြန်ရောက်သည်။

အပြန်လမ်းတစ်လျှောက်လုံး ရင်ညွှန့်အရပ်တွင် ရှိုင်း လေထန်ခဲ့ရသည်။

အိပ်ရာဝင်သော်လည်း အိပ်မပျော်။ မမ၏အကြောင်း





အရာထက် မမအမေ၏အကြောင်းကို ပိုလို့စဉ်းစားမိ၏။

မျက်မြင်အခြေအနေမှာ သူနှင့်မမ ဘာမှပတ်သက် သယောင်မရှိသော်လည်း နှလုံးသားအခြေအနေမှာ သူနှင့်မမ နားလည်မှုတွေရှိနေသည်ကိုတော့ စိတ်ချင်းသိကြပါလိမ့်မည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

ငွေစာရင်းများကို စစ်ဆေးနေဆဲ အိပ်ခန်းတံခါးခေါက်သံကို ခင်သူဇာ တိုးညှင်းစွာကြားသည်။

'ဟဲ့… ဘယ်သူလဲ'

'အေးကြင်ပါ မမခင်'

ခင်သူဇာ စာရေးစားပွဲမှထပြီး အိပ်ခန်းတံခါးဂျက်ကို လှည့်ဖွင့်လိုက်၏။

'ဘာလဲ'

'မေမေကြီးက မမခင်နဲ့ စကားပြောချင်လို့တဲ့'

'ဟဲ့… မေမေ မအိပ်သေးဘူးလား'

'ပုတီးစိပ်ပြီး ပြန်ထွက်လာတာ'





'မေမေ့မှာလည်း ဘာများ အရေးတကြီး စကားရှိလာပြန်လဲ မသိဘူး။ သွား… သွား… ငါ ဆင်းလာခဲ့မယ် ပြောလိုက်'

နံရံမှ နာရီကို လှမ်းကြည့်တော့ ညဆယ်နာရီပင် ထွန်းနေပြီ။

စာရင်းစာအုပ်၏ ဂကန်းကွက်ကို ခဲတံနှင့်တေးမှတ်လိုက်ပြီး ခင်သူဇာ အောက်ထပ်သို့ဆင်းခဲ့၏။

ဆိုဖာဆက်တီပေါ်မှာ မေမေ့ကို ထိုင်လျက်တွေ့သည်။

'ဘာစကားများ အရေးတကြီး ပြောစရာရှိနေလို့လဲ မေမေရယ်။ မနက်မှပြောလည်း ဖြစ်ရဲ့သားနဲ့၊ လူကြီးဆိုတာ အိပ်ချိန်မှာ နှစ်နှစ်ခြိုက်ခြိုက် မအိပ်လိုက်ရရင် ကျန်းမာရေးကို ထိပါးလာမှာပေါ့'

'မေမေ အိပ်လို့မရဘူး ခင်ခင်'

'ရှင်…'

'သမီးအကြောင်းကို မေမေ စဉ်းစားနေတာ'

'အို… ခင်နဲ့ပတ်သက်ပြီး ဘာစဉ်းစားစရာရှိလို့လဲ မေမေ'

သူမက တအံ့တသြနှင့် မေမေ့မျက်နှာကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘဝမှာ အရွယ်ပင် သုံးဆယ်လွန်ခဲ့ပြီ။

ဖေဖေဆုံးပြီး တစ်လအတွင်းမှာပင် ဖေဖေ ပွားစည်းခဲ့သည့် စီးပွားကို မလျော့မပျက် တိုးတက်အောင် မိမိစွမ်းဆောင်ခဲ့သည်ပဲ။

ကိုယ့်ကိုကိုယ် ယုံကြည်မှု။

ကိုယ့်အရည်အချင်းကို နားလည်လေးစားမှုများနှင့် ရပ်တည်လာခဲ့သည့်မှာ နှစ်တွေ ဘယ်လောက်ကြာခဲ့ပြီလဲ။

ခု မေမေက ဘာ့အတွက် စဉ်းစားစရာရှိနေရတာလဲ။

'မေမေ မေးချင်တယ် ခင်ခင်'

'မေးပါ မေမေ၊ ဖြေဖို့အတွက် ခင် အောက်ထပ်ဆင်းလာတာပဲဟာ'

မေမေက အတန်ကြာမျှ သူမမျက်နှာကိုကြည့်သည်။ ပြီးမှ-

'မောင်ရဲဖုန်းအောင်နဲ့ သမီး လူငယ်ချင်းမေတ္တာရှိနေကြပြီလားဆိုတာ မေမေ သိချင်တယ်'

'ဒီစကားကို ဘယ်လိုအထောက်အထားနဲ့ မေမေ မေးတာလဲဟင်'

'ဪ… သမီးရယ်၊ မေမေလည်း ငယ်ရာကနေ အရွယ်ရောက်ပြီး အိမ်ထောင်ရက်သားကျလို့ သမီးကိုတောင်





မွေးထုတ်ခဲ့တာပဲ။ သမီးနဲ့ မောင်ရဲဖုန်းအောင် သွားလာလှုပ်ရှားမှု၊ အဆက်အဆံ၊ အဲ… ဒီစကားက သမီးတို့ လျှပ်ပေါ်လော်လီနေလို့ မေမေ ပြောတာမဟုတ်ဘူးနော်။ မောင်ရဲဖုန်းအောင်ရဲ့ သမီးအပေါ် လေးစားမှုတွေ၊ သမီးက သူ့ကို တုံ့ပြန်တဲ့ ခင်တွယ်မှု၊ ဒါတွေကို အခြေတည်ပြီး မေမေက မေးတာပါ'

မေမေ့မျက်နှာကို ခင်သူဇာ အငေးသားကြည့်သည်။

အတန်ကြာ ငြိမ်သက်နေဆဲမှာပင် မေမေက-

'မောင်ရဲဖုန်းအောင်ဟာ တည်ဘည်ကြည်ကြည် စိတ်ဓာတ်နဲ့ လူတော်တစ်ယောက်ဆိုတာ မေမေ အကဲခတ်လို့ရပါတယ်'

'ခင် ပြောရင် မေမေ ယုံမလားမသိဘူး'

'အိုကွယ်… သမီးက ငယ်ငယ်ကတည်းက မိဘကို လိမ်ညာပြောတတ်ခဲ့တာမှ မဟုတ်တာ။ သမီးစကားကိုမှ မယုံရင် မေမေ ဘယ်သူ့စကားကို သွားယုံစားရမှာလဲ'

'ကိုဖုန်းနဲ့ ခင် တရားဝင် ဘာမှမဖြစ်ကြသေးပါဘူး မေမေ'

'ဘုရား… ဘုရား… တရားဝင် ဘာမှမဖြစ်ကြသေးဘူးဆိုတော့ တရားမဝင်…'

မေမေက ထိတ်ထိတ်ပျာပျာနှင့် စကားကိုရှေ့မဆက်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ခင်သူဇာ သဘောပေါက်လိုက်သဖြင့် စကားကို ပီပြင်အောင် ပြန်ပြောရသည်။

'တရားမဝင်ဆိုတာကို မေမေ ဆန်းဆန်းပြားပြား မတွေးနဲ့နော်။ ခင်ဆိုလိုတာက ကိုဖုန်း ခင့်ကို ခုချိန်ထိ အချစ်ကို မတောင်းခံသေးဘူး။ ဒါပေမဲ့ မကြာခင်အချိန်မှာ သူ ခင့်ကို ဖွင့်ဟတောင်းခံမှာ အမှန်ပဲ မေမေ'

'အဲဒီခါကျ သမီး ဘယ်လိုဆုံးဖြတ်မလဲဟင်'

ရင်မှာ လှိုက်လှိုက်သည်းသည်း ခံစားရသည့်အဖြစ်ကို ခင်သူဇာ ကိုယ်ဘာသာကိုယ်သိသည်။

'ခင့်ဆုံးဖြတ်ချက်ကို ကြိုမချချင်ဘူး မေမေရယ်။ ဖြစ်ပေါ်လာမယ့် အရေးကိစ္စအတွက် ခင့်မှာ စဉ်းစားစရာ အများကြီးရှိနေပါတယ်။ မေမေ ခင့်ကိုတော့ယုံပါ။ ခင်ဟာ လွယ်လွယ်နဲ့ မဆုံးဖြတ်တတ်ဘူး။ စိတ်သဘောယာမှုကို လိုက်ပြီး လွယ်လွယ်နဲ့ ခေါင်းမညိတ်တတ်ဘူးဆိုတာကိုတော့ မေမေ ယုံပါ'

သည်တစ်ခါ မိမိကိုကြည့်သည့် မေမေ၏အကြည့်သည် ဝေသီလွန်းသည်ဟု ခင်သူဇာ ထင်သည်။

'အင်း… သမီးလည်း အသက်မငယ်တော့ပါဘူး လေ။ ကိုယ့်ကိုကိုယ် ထိန်းထိန်းသိမ်းသိမ်းနေလာလိုက်တာ



အိမ်ထောင်ပြုသင့်တဲ့ အရွယ်ကိုတောင် ကျော်လွန်လာပါပြီ'

ခြံထဲမှ ညဥ့်ငှက်တစ်ကောင်၏ အော်သံကို ကြားသည်။

ညှို့ခန်း၏ မီးရောင်အောက်ဝယ် မေမေ့မျက်နှာပေါ်မှ စာနာမှုတရား၊ ကရုဏာတရားများကို ထင်ထင်ရှားရှားမြင်၏။

'မေမေ သမီးကို မောင်ရဲဖုန်းအောင်နဲ့ သဘောတူနိုင်ပါတယ်'

'ရှင်…'

'မောင်ရဲဖုန်းအောင်ဘဝမှာ အိမ်ထောင်တစ်ခုကို ကြုံဆုံခဲ့ရပေမယ့် သူ့ရဲ့နစ်နာမှု၊ ခံစားရမှုတွေကို မေမေ အားလုံး သိပါတယ်။ တည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ သွင်ပြင်နဲ့ စိတ်ဓာတ်ကို မေမေ အကဲမခတ်တတ်ဘဲနေမလား သမီးရယ်။ ဒါပေမဲ့ လွတ်လွတ်ကင်းကင်း ရှင်းရှင်းလင်းလင်း အခြေအနေမျိုးကိုတော့ မေမေ မြင်ချင်တယ်။ ဒါတွေကို သူ့မှာ ဖြေရှင်းနိုင်တဲ့ ရည်အချင်းရှိခဲ့ရင် သမီးလေးရဲ့ဆုံးဖြတ်မှု စိတ်ချမ်းသာပါစေ၊ မေမေ စိတ်ဝမ်းအေးချမ်းရပါစေ'

မေမေ့ရည်ရွယ်ရင်း စကားတွေကို ခင်သူဇာသိသည်။

မေမေ့ကို မှင်တက်စွာကြည့်နေဆဲမှာ-

'ကဲ… ညဥ့်နက်ပြီ သမီး၊ အိပ်တော့'

www.burmeseclassic.com

www.burmeseclassic.com



ပြောရန်စကားတွေ ကျန်နေပါသေးတယ် မေမေ

ဆိုသည့်အသံက ရင်ထဲမှာသာ ပဲ့တင်ထပ်သည်။

လှေကားထစ်များကို နင်းဖိတက်ရင်း-

အခွင့်အလမ်းတွေ မေမေ ပေးထားပါလျက်နှင့် သူမ

စိတ်တွေ ဘာလို့လေးလံနေရတာလဲ။

ချင့်တွက်စရာတွေနဲ့ ဆုံးဖြတ်ချက်တစ်ခုကိုတော့ သူမ

နိုင်နိုင်မာမာချရပါတော့မည်။

❀ ❀ ❀

## (၃၂)

မင်္ဂလာဆောင်းတိုက်သို့ မသွားဖြစ်တာ သုံးရက်ကြာပြီပဲ။

အိမ်ကို ရဲဖုန်းအောင် ဖုန်းဆက်တော့ အိမ်ဖော်မလေး

ကို မရှိဘူးလို့ သူမ ဘာလို့ ပြောခိုင်းမိတာလဲ။

နောက်ပြီး-

ဆုံးဖြတ်ချက်သည် သူမနှလုံးသားမှာ တည်ရှိနေပါ

လျက် လက်တွေ့ကို သူမ ဘာလို့မကျင့်သုံးနိုင်ဖြစ်နေရတာလဲ။

သြော်… ရင်တွေမောရပါလား။

ဘဝမှာ သည်အသက်အရွယ်ထိ ရင်မောခြင်း၏သောက

ကို ခင်သူဇာ မခံစားခဲ့ဖူးပါဘူး။

ခုမှလေ ဒါတွေကို နှလုံးသားနဲ့နယ်မှုလို့ ခေါ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



လား။

စိတ်၏ရင့်ကျက်ခြင်းနှင့် နှလုံးသားရင့်ကျက်မှု မတူညီဘူးဆိုတာကိုတော့ ခင်သူဇာ နားလည်သဘောပေါက်ခဲ့ရပါပြီ။

စားပွဲပေါ်က ရွှေရောင်လေးထောင့်နာရီလေးကို လှမ်းကြည့်တော့ ညဦးဆယ့်နှစ်နာရီတီတီ။

သည်လိုညမျိုးကို သူမ ရင်ဆိုင်လာရတာ လေးရက်မြောက်ပါပဲ။

ချဖြစ်သည့် ပင့်သက်တွေကကော နည်းလို့လား။

အိပ်ရာမှာ လဲလျောင်းနေရင်းက ခင်သူဇာ လူးလဲထလိုက်သည်။

အပြာရောင် မီးပွင့်ကလေးအောက်ဝယ် သူမ၏ရုပ်ဝိုင်းကော စိတ်ပိုင်းပါ နွမ်းနယ်လွန်းနေပြီလား။

ပြတင်းတံခါးကိုဖွင့်တော့ လိုက်ကာစကို တွန်းဖယ်ပြီး လေအေးက အိပ်ခန်းတွင်းသို့ တိုးဝှေ့ဝင်လာသည်။

မှုန်ပျပျ လရောင်အောက်ဝယ် လောကကြီးသည် အိပ်မောကျလျက်ရှိနေပါပြီ။

'ကိုဖုန်းအပေါ်ထားရှိတဲ့ ငါ့ရဲ့ သံယောဇဉ်တွေကို ဘေးဖယ်ထားလေ။ ငါ မီးငယ်ဘက်က ပြန်ကြည့်ရမယ်။





သ းသမီးဆိုတာ သူ့အမေ အဖေနဲ့နေတာ အကောင်းဆုံးပဲ'

'နောက်ပြီး နေခြည့်ကို ငါ မိန်းမချင်း ကိုယ်ချင်းစာရမယ်။ ကျော်ဇင်နဲ့ တွဲသွားတွဲလာတဲ့ကိစ္စ၊ ဒါတွေက သူ့ယောက်ျားကို အရှုံ့တိုက်တဲ့သဘော မဖြစ်နိုင်ဘူးလား။ ကျော်ဇင်နဲ့ နေခြည်ကို အဆုံးစွန်ဆုံး စွပ်စွဲမှုတွေမှာ ကိုဖုန်းအတွက် မျက်မြင်သက်သေဆိုတာ ရှိလို့လား။ အထင်နဲ့ အ ှန့်ပစ်ခံရတယ်ဆိုရင်တော့ နေခြည့်ဘဝအတွက် ထိခိုက်နစ်နာစရာပါပဲ'

'ငါ့ရဲ့သံယောဇဉ်တွေကို ကိုဖုန်း သိတယ်။ ကိုဖုန်း ငါ့ကို မျှော်လင့်နေတယ်ဆိုတာလည်း ငါ နားလည်တာပဲ။ ငါ့အပေါ်တွယ်တာမှုတွေနဲ့ ကိုဖုန်း နေခြည့်ကို စိမ်းစိမ်းကားကားဖြစ်နေတာလား။ သူတို့နှစ်ယောက်ကြားမှာ ငါဟာ အဓိက ကျနေပြီထင်ပါရဲ့'

'အင်း··· ငါ ပြတ်သားရမယ်လေ။ ဘဝသုံးခု ပြန်လည်ပေါင်းစည်းဖို့အတွက် ငါ့ဆုံးဖြတ်ချက် ခိုင်မာစေရတော့မှာပဲ။ ကိုဖုန်း ငါ့အပေါ်ထားတဲ့ နှလုံးသားမျှော်လင့်ချက်တွေကို ရိုက်ဖျက်ဆီးလိုက်ရင်၊ ငါ နေခြည့်ဆီသွားပြီး ဖျောင့်ဖျခဲ့ရင် ဘဝတွေ ယိမ်းယိုင်ကြတော့မှာမဟုတ်ဘူး'

'သည်တော့ ငါ နက်ဖြန် မင်္ဂဇင်းတိုက်ကိုသွားမယ်။ ကိုဖုန်းနဲ့ ရင်ဆိုင်တွေ့ပြီး ကိုဖုန်းကို အလုပ်က ဂ တ်ထိလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သူ ငါ့အပေါ် နာကြည်းသွားရင် နေခြည်ရဲ့အရိပ်ကို သူ ပြန်ဝင်မှာပါလေ။ သူနဲ့ နေခြည် ချစ်လို့ မြတ်နိုးလို့ အိမ်ထောင်ပြုခဲ့ကြတာပဲ။ သူတို့နှစ်ယောက် ပြန်လည်ပေါင်းစည်းမိရင် မီးငယ်အတွက် မိမှန် ဖမှန်နဲ့ ဘဝအနေ ပိုတင့်မယ်။ အကောင်းဆုံးပါလေ။ သည်ဆုံးဖြတ်ချက်မှာ ငါ့အသည်း အက်ချင်အက်သွားပါစေ။ သူတို့လေးတွေ ဘဝပျက်မသွားကြဖို့က အရေးကြီးပါတယ်'

ခင်သူဇာ မှန်ပြတင်းကို အသာဆွဲပိတ်လိုက်သည်။

အိပ်ရာထဲမှာ လဲလျောင်းပြီး မျက်လုံးကို စုံမှိတ်ထားမိပါ၏။

ဩော်… စိတ်က ဘယ်မှာအိပ်ပျော်လို့လဲ။

ဘဝမှာ မပေါင်းစည်းရဘဲနဲ့ ဆုံစည်းမှုသက်သက်နဲ့ပဲ ခရီးတစ်ခုကို ရပ်တန့်ပစ်လိုက်ရတော့မှာပါလား ကိုဖုန်းရယ်။



(၃၃)

ကားကို မဂ္ဂင်းတိုက်ရှေ့မှာ ညင်သာစွာ ထိုးရပ်လိုက်သည်။

ကားကံခါးဖွင့်ဆင်းပြီး တိုက်ထဲဝင်လာတော့ ဦးလေးပါက သူမကို တအံ့တသြကြည့်ပြီး–

'အစောကြီးပါလား ခင်ခင်'

ဦးလေးပါကို သူမက ပြုံးရုံမျှသာပြုံးပြ၏။

အချိန်က နံနက် ရှစ်နာရီခွဲစွန်းစွန်းပင် ရှိသေးသည်။

သည်အချိန်က သူမ မဂ္ဂင်းတိုက်သို့ လာလေ့လာထ ရှိသည့်အချိန်မဟုတ်။ အလုပ်စားပွဲမှာထိုင်တော့ ဦးလေးပါ၏ အကဲခတ်အကြည့်များကို ရရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မျက်နှာမသာယာပါလား ခင်ခင်'

ခင်သူဇာက အငိုက်သင့်ပြုး၏။

'အစ်မတော်နဲ့ စကားအဆင်မပြေ ဖြစ်လာကြပြီထင်တယ်'

'မေမေနဲ့ ဘာမှမဖြစ်ပါဘူး'

'သိပါဘူးကွာ… ခင်ခင်က ဒီအချိန် အလုပ်တိုက်ကို ရောက်လာလေ့မရှိတော့ ဦးလေး ထူးခြားသလိုဖြစ်ပြီး မေးမြန်းကြည့်ရတာပါ'

'ကိုဖုန်း အလုပ်ကို ဘယ်အချိန်လာလဲ ဦးလေးပါ'

'ကိုးနာရီလောက်ဆို မောင်ဖုန်း ရောက်လာတာပဲ။ မောင်ဖုန်းက အလုပ်မှာ ဝီရိယကောင်းတယ် ခင်ခင်ရဲ့'

'ကိုးနာရီရောက်လာမှာ သေချာရဲ့လား'

'နေဦး… ဒီနေ့ ဒီဇိုင်းဆရာတွေဆီများ သွားမလား။ အဲ… အဲ… သွားစရာမရှိဘူး ခင်ခင်။ သူ ဒီနေ့ မဂ္ဂဇင်းအတွက် ဆောင်းပါးသုံးခုလောက် ဘာသာပြန်စရာရှိတယ်။ ဘယ်မှထွက်လို့ မဖြစ်ဘူးလို့ မနေ့က မော်ကြီးကို ပြောနေတာ ဦးလေး ကြားတယ်'

ခင်သူဇာ ဘာစကားမှမပြောတော့ဘဲ ခပ်မဆိတ်နေလိုက်သည်။





စားပွဲမှာထိုင်ရင်း အကြည့်ငေးများကို လမ်းမဆီသို့ ပို့ထားဖြစ်၏။

ညက အိပ်မပျော်ခဲ့သည့်အဖြစ်တွေ။

နံနက် သုံးနာရီလောက်မှာ မှေးခနဲအိပ်ပျော်သွားသလိုဖြစ်သော်လည်း နံနက်ငါးနာရီလောက်မှာ သူမ အိပ်ရာက လန့်နိုးခဲ့သည်။

အဆုံးအဖြတ်တစ်ခုကြောင့် နံနက်ခင်းတစ်ခုလုံးကို သူမ စိတ်ပင်ပန်းကြီးစွာဖြင့် ဖြတ်သန်းခဲ့ရသည်။

အိမ်ဖော်မလေးပြင်ဆင်ပေးသည့် ပေါင်မုန့်နှင့်ကြက်ဥကြော်ကို လက်ဖျားနှင့် မတို့ရုံမက ဖျော်ပေးထားသည့် နက်စ်ကဖီခွက်ကို တစ်ငုံမျှလောက်ပင် သူမ မသောက်ခဲ့ချေ။

ဂိုဒေါင်ထဲမှ ကားထုတ်ပြီး ထွက်ခဲ့တော့ ဘယ်သွားမည်ကိုပင် မေမေ့ကို မပြောဖြစ်ခဲ့။

ကားမောင်းရင်း တစ်လမ်းလုံး အတွေးတွေ ဝေနေခဲ့ရသည်။

အခုလည်း စားပွဲမှာ ခပ်ငူငူထိုင်ရင်း သူ့ကို ပြောမည့် စကားလုံးတွေကို ရွေးချယ်နေရသည်။

မမ မင်းကို အလုပ်က ထုတ်လိုက်ပြီဆိုသည့်စကားသည် သူနှင့် အသင့်တော်ဆုံးစကားတော့ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လေ သည်စကားက အားလုံးအတွက် အကောင်းဆုံးသောစကားဖြစ်သည်။

သည်စကားအတွက် သူ ဘယ်လိုခံစားသွားရရှာမလဲ ဆိုသည့်အတွေးကလည်း သူမရင်ကို နာကျင်စေပြန်၏။

မျက်နှာကို ကြေကွဲဝမ်းနည်းစွာကြည့်ပြီး ကျွန်တော်သွားတော့မယ် မမဟုဆိုပြီး ကျောခိုင်းလှည့်ထွက်သွားမှုကို မိမိ ခံနိုင်ရည်ရှိပါ့မလား။

ခင်သူဇာ ပင့်သက်ရှည်ကြီးချလိုက်သည်။

စိတ်ကို ငြိမ်သက်စေရန် အံဆွဲထဲမှ ဒီနိုင်းပုံများပါသည့် ကတ်တလောက်စာအုပ်အထူကြီးကို ဆွဲယူလှန်လှော အကြည့်မှာ–

'ခင်ခင် ဘာမှ မစားသောက်ခဲ့ရသေးဘူးထင်တယ်။ ရှေ့ကဆိုင်က ကြက်ဥကြော်နှစ်ပွဲနဲ့ လက်ဖက်ရည်နှစ်ခွက် မှာလိုက်မယ်လေ။ တော်ကြာ ကိုဖုန်း ရောက်လာတော့မှာပါ'

ခေါင်းညိတ်ဖြစ်လိုက်သည်ဟုတော့ စိတ်ကထင်သည်။

❁ ❁ ❁

(၃၄)

လက်မှနာရီကို ငုံ့ကြည့်ပြီး လှမ်းကြည့်သည့် မိမိအကြည့်ကို ဦးလေးပါ သဘောပေါက်သည်ထင်၏။

'ဟုတ်ပါရဲ့ကွာ။ ဆယ့်တစ်နာရီတောင်ထိုးပြီ။ မောင်ဖုန်း တစ်ခါမှ နောက်မကျဖူးဘူး ခင်ခင်။ အပြင်ထွက်စရာကိစ္စရှိရင်လည်း တိုက်ကို အရင်ဝင်ပြီးမှ ထွက်တာ'

သူမက မျက်မှောင်ကိုသာ ကြုပ်ထား၏။

'မော်ကြီး ရောက်မလာတာကတော့ မနေ့ကတည်းက ဦးလေးပါ စက်ကို သွားပို့ခိုင်းထားတာ'

'မော်ကြီးလာတာ မလာတာ အဓိက မဟုတ်ပါဘူး ဦးလေးပါ'





www.burmeseclassic.com

www.burmeseclassic.com



'ခင်ခင်နဲ့ မောင်ဖုန်း ကိစ္စရှိလို့လား'

'ရှိတယ်၊ သူ့ကို ပြောစရာစကားရှိလို့ အိမ်က အစော ကြီးထွက်လာတာ'

သူမအသံ မာဆတ်သွားသည်လားကိုလည်း မဝေခွဲ တတ်။

ဦးလေးပါ သူမမျက်နှာကို ငေးငေးစိုက်စိုက်ကလေး ကြည့်နေချိန်မှာ-

'ကို... ကို...'

ဖုန်းခေါ်သံက နားစည်ကို လာရောက်ထိပါးသည်။

ခင်သူဇာ ဖုန်းခွက်ကို မ,ယူပြီး နားမှာကပ်လိုက်၏။

'ပြောပါရှင်'

'မမလား'

'ဟုတ်တယ်'

'ကျွန်တော် ရဲဖုန်းအောင်ပါ မမ'

'သိတယ်လေ'

ဖုန်းခွက်ကို နားမှာကပ်ရင်း ခင်သူဇာက မျက်လုံး တစ်ချက်ကြည့်သည်။

သိတတ်နားလည်စွာဖြင့် ဦးလေးပါ အတွင်းခန်းဘက် ဝင်သွားတာတွေ့၏။





'မမ'

'ပြောလေ'

'ကျွန်တော် မမကို ဆေးရုံကဆက်နေတာ'

'ဆေးရုံက ဟုတ်လား'

ရင်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်ကို အသံက ဘယ်လိုမှဖုံးကွယ်လို့မရ။

သတ္တုပြားလေးထဲမှ တုန်ခတ်သွားသည့် မိမိအသံကို သူ သတိပြုမိလိမ့်မည်။

ပြီးတော့-

ပူပန်မှုတွေက ရင်သို့ အတိုင်းအဆမဲ့ ဝင်ရောက် လာ၏။

တင်းခံထားသော စိတ်နှလုံးသည် အပူလုံးကို ဘယ် လိုမှ ချေဖျက်ကျော်လွှားနိုင်ခြင်းမရှိ။

'ကိုဖုန်းက ဘာဖြစ်လို့လဲဟင်။ ကိုဖုန်းက ဘာဖြစ်လို့ ဆေးရုံရောက်နေရတာလဲ'

'နေခြည်ဆုံးပြီ မမ'

'ဟင်... မင်း... မင်း... ဘာတွေပြောနေတာလဲ ကိုဖုန်း'

'နေခြည်နဲ့ကိုကျော်ဇင် မော်ဘီကပြန်အလာ ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကုန်းအလွန်မှာ ကားတိုက်မှုဖြစ်တယ် မမ။ ကိုကျော်ဆွေ ပွဲချင်းပြီးဆုံးတယ်။ နေခြည်က ဆေးရုံရောက်မှဆုံးတယ်'

'ဘုရား… ဘုရား… အိပ်မက်တွေများလား ကိုဖုန်းရယ်'

'ကံတရားတွေပါ မမ၊ ကျွန်တော် အလုပ်တိုက်ကို ထွက်လာတော့မယ်အလုပ်မှာ နေခြည်ရဲ့အစ်မ ရောက်လာပြီး အကြောင်းကြားတာပါ'

'ကိုဖုန်းရယ်၊ ဘာလုပ်ကြမလဲ'

'လုပ်စရာနှစ်ခုထဲက တစ်ခုကို ဆုံးဖြတ်ပြီး လုပ်ကြရုံပဲပေါ့ မမ၊ မီးသင်္ဂြိုဟ်ချင်သင်္ဂြိုဟ်၊ ဒါမှမဟုတ် မြေမြှုပ်ချင်မြှုပ်ပေါ့'

'မင်း ဘယ်လိုပြောလိုက်တာလဲ'

'လက်တွေ့အကျဆုံးစကားကို ပြောတာပါ။ သေပြီးတဲ့အလောင်းကြီးကို ကျွန်တော် ဘာလုပ်ရမှာလဲ'

'မင်းအသည်းတွေ မာလှချေလား'

'အသည်းတွေ နာခဲ့ရတာကိုလည်း ထည့်ပြောပေးပါ မမ'

ဖုန်းခွက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားရင်း ခင်သူဇာအံကို တင်းတင်းကလေးကြိတ်သည်။





သတ္တုပြားလေးထဲမှ ခြောက်ကပ်စွာသော သူ့ရယ်သံကို ချောက်ချားစွာကြားလိုက်ရ၏။

သူ ဖုန်းခွက်ကို ချသွားသည်။

အိပ်မက်မဟုတ်တာလည်း သေချာပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း - သုံး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

မမက သူ့မျက်နှာကို လှမ်းကြည့်သည်။

သူက အကြည့်ကို မိုးကောင်းကင်ဆီ မော့ထားလိုက်၏။

သည့်နောက် မမ၏ ပင့်သက်ဖွဖွချသံ။

တဆက်တည်းမှာပင် မမ၏အသံကို ကြားရ၏။

'နှင်းဆီပွင့်တွေ ဖြန့်တင်ပြီးရင် မေမေ့ကို ကန်တော့ရမယ်နော် မီး'

'ဟုတ်ကဲ့'

'ကန်တော့ပြီးရင် ရောက်လေရာအရပ်မှာ မေမေ့ဘဝ ငြိမ်းချမ်းပါစေ၊ အေးချမ်းပါစေဆိုတဲ့ ဆုကိုလည်း မေမေ့အတွက် မီးငယ်က တောင်းပေးရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်…'

သူ အကြည့်ကို ပြန်ရွှေ့သည်။

နေခြည်၏ အစိမ်းနုရောင် အုတ်ဂူလေးရှေ့မှာ သမီးသည် ကျုံ့ကျုံ့ကလေးထိုင်ပြီး လက်အုပ်ချီသည်။

သမီးဘေးနားမှာ မမက ရီဝေဝေမျက်လုံးနှင့် ရပ်နေ၏။

လေပြည်တစ်ချက် ဖွေ့ယမ်းသွားသည်။

အုတ်ဂူပေါ်မှာ ပြန့်ကျဲနေသည့် နှင်းဆီပွင့်များ၏ရနံ့က သူ့နှာဝကို လာရောက်ထိပါး၏။

သူ နေခြည့်အုတ်ဂူကို စူးခနဲ တစ်ချက်ကြည့်ပြီး ကျောခိုင်းလှည့်လိုက်ပါ၏။

နေခြည်…

အမှန်စကားကို ကိုယ်ဆိုပါမည် နေခြည်။

တကယ်ဆို ကိုယ့်ဘဝမှာ နေခြည့်အတွက် တစ်လပြည့်အလွမ်းဆိုတာလည်း မရှိခဲ့ပါဘူး။

နေခြည်ဆုံးပြီး တစ်လပြည့်နေ့မှာ သည်နေရာကိုလည်း ကိုယ်ရောက်လာစရာ မလိုပါဘူး။

တမလွန်ကနေ ကိုယ့်ကိုကြည့်ပြီး အံကြိတ်မယ်ဆိုရင်လည်း အံကို တင်းတင်းကလေးကြိတ်လိုက်ပါ နေခြည်။

ချစ်ခြင်းတွေမဲ့ပြီး မုန်းခြင်းနဲ့ နာကျင်ခြင်းတွေကဲ့





တဲ့ ကိုယ်တို့နှစ်ယောက်ရဲ့ဘဝမှာ တမ်းတစရာ၊ လွမ်းဆွတ်စရာတွေ ရှိစရာလိုသေးလို့လားကွယ်။

သည်နေရာကို သည်နေ့မှာ ကိုယ်ရောက်လာရတာက မမကြောင့်ပါ နေခြည်။

တစ်လပြည့်တဲ့ သည်နေ့ရဲ့ နံနက်ခင်းမှာ မမက ဦးဆောင်ပြီး သမီးကို ဘုရားခေါ်သွားပါတယ်။ နေခြည့်အတွက် ကောင်းမှုကုသိုလ်တွေကို မမက သမီးကို ပြုလုပ်စေပါတယ်။

နောက်ပြီး သမီးကို သည်ခေါ်လာပြီး မိခင်ကို ကန်တော့နိုင်းပါတယ်။

ဒါတွေဟာ သမီးအတွက် အမှန်ကန်ဆုံးလုပ်ရပ်ဖြစ်ပေမယ့် ကိုယ့်အတွက်တော့ သည်လုပ်ရပ်တွေဟာ မလိုအပ်တော့ပါဘူး။

တကယ်တမ်းကျ နေခြည်ဟာ ကိုယ့်ဘဝထဲမှာ သေဆုံးခဲ့တာ ကြာခဲ့ပြီပဲလေ။

ဝိညာဉ်ချုပ်ငြိမ်းအံ့ဆဲ သတိလေးတစ်ခုရှိနေဆဲအချိန်လေးမှာ ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး 'ခွင့်လွှတ်ပါ ကိုကို' ဆိုတဲ့စကားကို နေခြည် မပြောခဲ့သလို ခွင့်လွှတ်ဖို့ကိုလည်း ကိုယ့်ရင်ထဲမှာ လုံးဝ မစဉ်းစားခဲ့ပါဘူး နေခြည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ခု ကိုယ်ကျောခိုင်းလှည့်ထွက်လိုက်တာကို နေခြည် တမလွန်ကနေ နာကျင်ရင်လည်း နာကျင်ပါ။ ဟားတိုက်ရယ်မောချင်ရင်လည်း ရယ်မော[illegible]ပါ။

တစ်ခုကိုတော့ တောင်းမိပါတယ် နေခြည်။

ဘဝများစွာရှိတယ်ဆိုရင် ဘဝအဆက်ဆက်တိုင်းမှာ သစ္စာမဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ ခင်ပွန်းလင်သား မဖြစ်ပါရစေနဲ့ဆိုတဲ့ ဆုကလေးတစ်ဆုကိုပါပဲ။

မောင်သာပြည့်

www.burmeseclassic.com